
တရုတ်သိုင်း
နဝရတ်ဓား
မိုးကြိုးသွား
စာစဉ်
သိုင်းစာစဉ်များ PAGE

တက္ကသိုလ်

# နေလင်းအောင်

# နဝရတ်ဓါးမိုးကြိုးသွား

(စာစဉ်-၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၉၁၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၃၀၀၅၁၁

၂၀၀၆ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝ အော့ဖ်ဆက်)
အမှတ် ၁၄၇- ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## နိဒါန်း

အမှောင်ထုသည် တစ်လောကလုံးကို လွှမ်းခြုံလျက် ရှိနေ
ေလသည်။

မည်းမှောင်နေသော ကောင်းကင်တစ်ပြင်လုံးတွင်လည်း မိုး
သားတိမ်လိပ်တွေ တရိပ်ရိပ်ဖုံးနေသည်။

လရောင်လည်း မလင်း၊ ကြယ်ရောင်လည်း မလက်ပါချေ။

မြေပြင်တစ်ခွင်တွင်လည်း မှောင်နှင့်မည်းမည်း။

တစ်ချက်တစ်ချက် မိုးခြိမ်းသံ ပေါ်လာတတ်သည်။

လျှပ်ရောင်တွေလည်း ဝင်းခနဲ လက်ခနဲ ထိန်ထိန်လင်းသွား
ာတတ်၏။

လျှပ်ရောင်လက်သောအခါကျမှသာ အမှောင်ထုသည်ပျောက်
ကွယ်ပြီး နေ့ဘက်အလား ထင်းခနဲ လင်းသွားတတ်၏။

'မန်းစန်း'တောင်ပေါ်ရှိ မြေကွက်လပ် မြင်ကျယ်ကြီး လျှပ်
ရောင်ကြောင့် မြင်မြင်ထင်ထင် ဖြစ်သွားတတ်သည်။

လူနှစ်ဆယ်ခန့် ကွက်လပ်ကြီးထဲတွင် သွားလာလှုပ်ရှားနေ
သည်ကိုလည်း မြင်နိုင်လေသည်။

မြေပြင်တွင်မူ သွေးအလူးလူးနှင့် တောင်ပုံရာပုံ သေဆုံး ကြသော အလောင်းတွေမှာ အထပ်ထပ်ရှိနေသည်။

လက်နက်များလည်း ကစဥ့်ကလျား ကျနေကြ၏။

ဤမြင်ကွင်းကို မြင်ရုံနှင့် မကြာမီကမှ ကြီးမားသော တိုက် ကြီးတစ်ပွဲ ဖြစ်ခဲ့ကြောင်းကို သိနိုင်လေသည်။

အသက်ရှင်လျက် ရှိနေကြသူများမှာ အလောင်းများကြ တွင် သွားလာလှုပ်ရှားရင်း သူတို့တွေ့လိုသော အလောင်းကို ရှာ နေကြ၏။

မှောက်လျက်ဖြစ်နေသော အလောင်းကို ပက်လက်လှန် ကြည့်ကြ၏။

လူနှစ်ဆယ်ကျော်တွင် တရုတ်ဘုန်းကြီးများ၊ သီလရှင်မှ ပါဝင်ကြသလို လူကြီးလူရွယ်၊ ယောကျ်ားမိန်းမများလည်း ပါဝင် သည်။

သူတို့အားလုံး တွေ့လိုသော အလောင်းကို သဲသဲမဲမဲ လို ရှာနေကြ၏။

"တွေ့ပြီဟေ့ .... တွေ့ပြီ၊ ဒီမှာ .... "

မကြာမီ တစ်ဦး၏အော်သံ ပေါ်လာသည်။

ကျန်လူအားလုံး ထိုသူဆီသို့ စုပြုံ၍ ရောက်လာကြသည်

လျှပ်ရောင်က ဝင်းခနဲ အလက်တွင် ထိုသူညွှန်ပြ အလောင်းကို ဝိုင်းဝန်းကြည့်ရှုကြသည်။

ထိုအလောင်းမှာ သွေးတွေတစ်ကိုယ်လုံး ပေကျံနေပြီး ရုံနက်ကို ဝတ်ဆင်ထားသည်။

သူ့အဝတ်မှာ အမွှာမွှာစုတ်ပြဲနေပြီး မျက်နှာတွင်လည်း



အလူးလူး ဖြစ်နေ၏။

သို့သော် မျက်နှာကို မြင်ရုံဖြင့် ထိုသူမှာ မည်သူမည်ဝါဖြစ် ကြောင်း သိနိုင်လေသည်။

"ဟုတ်တယ် သူပဲ .... သေနေပြီ .... "

"တော်သေးတာပေါ့ .... သူ့ကိုလည်း သတ်နိုင်လို့ .... "

"သူ့ကို သတ်လိုက်နိုင်တာဟာ တပည့်တော်တို့ရဲ့ သိုင်း လောကကြီးတစ်ခုလုံး အေးချမ်းသာယာဖို့ပါပဲ .... "

တစ်ယောက်တစ်ပေါက် ပြောဆိုကြ၏။

ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"အိမ်း .... ဟုတ်တော့ ဟုတ်ပါရဲ့ .... ဒါပေမယ့် သူတစ် ယောက်ကို သုတ်သင်နိုင်ဖို့အတွက် ကျုပ်တို့ဘက်ကလည်း ပေးလိုက် ရတဲ့ အသက်တွေ များလွန်းလှပါတယ် .... နောင် အနှစ်နှစ်ဆယ်ကြာ ခဲ့ရင်တောင်မှ ကျုပ်တို့သိုင်းဂိုဏ်းတွေဟာ မူလအင်အားကို ပြန်ရဖို့ လွယ်မှာမဟုတ်ဘူး .... ဒီတိုက်ပွဲမှာ ကျုပ်တို့သိုင်းဂိုဏ်းတွေက လူ ကောင်းတွေ အများကြီး အသက်စတေးကြရတယ် .... "

လူကြီးတစ်ယောက်ကလည်း ဝင်ပြောသည်။

"သူကလည်း ပြိုင်စံရှားလောက်အောင် သိုင်းပညာ အဆင့် မြင့်လွန်းလှပါတယ်ဘုရား .... သူတစ်ယောက်တည်းကို ယှဥ်ပြိုင်နိုင်ဖို့ အတွက် တပည့်တော်တို့ဘက်က လူတွေရာချီပြီး အသက်ပေးခဲ့ကြရ တယ် .... တပည့်တော်တစ်သက်မှာ ဒီလိုအဖြစ်မျိုးကို ကြုံလည်း မကြုံ ခဲ့သေးဘူး .... ကြားလည်း မကြားဖူးသေးပါဘူး ဘုရား .... "

"ခုန်း .... ဂျုန်း .... ဂျိမ်း .... "

ထိုစဥ် ....

ကျယ်လောင်သော မိုးထစ်ချုန်းသံက ပေါ်ထွက်လာသည်။

လျှပ်ရောင်တွေကလည်း တဝင်းဝင်းနှင့် ဆက်တိုက်ကြီး လက်လာသည်။

လေပြင်းကလည်း တဝီဝီ တဝေါဝေါနှင့် တိုက်ခတ်လာသည်။

မိုးသက်လေနှင့်အတူ မိုးစက်မိုးပေါက်ကလေးများပါ ပါလာသည်။

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများကလည်း နားကွဲလုမတတ် တ[illegible]စပ် ပေါ်ထွက်နေသည်။

အလောင်းများကြားတွင် ရပ်နေသောလူများသည် အချိန် တစ်ခဏအတွင်းမှာပင် မိုးရောလေပါ သည်းသည်းထန်ထန် ရွာတော့မည်ကို သိကြသဖြင့် အလောင်းများဆီမှ ဖယ်ခွာသွားကြ၏။

ကွက်လပ်ကျယ်ကြီးနှင့် ပုံစံအမျိုးမျိုးနှင့် သေဆုံးနေကြသော အလောင်းများသာ ကျန်နေခဲ့သည်။



မိုးသက်လေနှင့်အတူ မိုးကလည်း တဝေါဝေါနှင့် သည်းထန်စွာ ရွာချလာသည်။

အလောင်းဆီမှ သွေးများသည် မိုးရေနှင့်အတူ စီးဆင်းသွားကြကုန်သည်။

မိုးမှာ တစ်စထက်တစ်စ ပိုမိုသည်းထန်စွာ ရွာသွန်းနေသည်။

အတန်ကြာသွားသောအခါ အလောင်းများကြားမှအလောင်း တစ်လောင်းသည် လူးလွန့်လှုပ်ရှားလာလေသည်။

စောစောက လူအများ ဝိုင်းဝန်းကြည့်ခဲ့ကြသော ဝတ်စုံနက် ဝတ်ထားသည့် အလောင်းပင်ဖြစ်လေ၏။

သူသည် ညည်းတွားသံပြုပြီး အားယူကာ ထထိုင်သည်။ သူ့ကိုယ်တွင် ဒဏ်ရာတွေ ဗရပွဖြစ်နေသဖြင့် သူ့ကိုယ်က ယိမ်းထိုးနေသည်။ သူသည် အနိုင်နိုင်ထရပ်ရ၏။

တစ်ဦးဦးကသာ ဤမြင်ကွင်းကို မြင်တွေ့သွားမည်ဆိုပါက သေဆုံးနေသော အလောင်းကောင်ကြီး ထရပ်သည်ဟု ထင်မြင်စရာ ကောင်း၏။ စိတ်ချောက်ချားဖွယ်ရာ ဖြစ်၏။

သို့သော် ....

လူသေများ ထမရပ်နိုင်ပါ။

သေပြီးသော လူသည်လည်း အသက်ပြန်ဝင်နိုင်လိမ့်မည် မဟုတ်ပါ။

ဝတ်စုံနက်မှာ အသက်မသေသေးသောကြောင့်သာ လှုပ်ရှား၍ ထရပ်နိုင်ခြင်းဖြစ်လေသည်။

သူသည် ဒယီးဒယိုင်နှင့် လျှောက်သွားပြီး မြေပေါ်တွင် ပြန့်ကျဲနေသော အလောင်းများကို ကျော်ဖြတ်၍ အမှောင်ထဲတွင် ပျောက်ကွယ်သွားလေတော့၏။

လျှပ်တစ်ချက်ပြက်၍ လက်လိုက်သောအခါ ယင်းဝတ်ရုံနက်ကြီးကို မတွေ့ရတော့ပါချေ။

"ဂျုန်း .... ဒလိန်း .... ဒလိန်း .... "

နားကွဲလုမတတ် မိုးကြိုးသံတစ်ချက် ပေါ်ထွက်လာလေသည်။

လေက ပိုမိုပြင်းထန်စွာ တိုက်ခတ်လာသည်။ မိုးကလည်း ပို၍ ပို၍ သည်းထန်စွာ ရွာသွန်းသည်။

မိုးရေမိုးပေါက်တို့သည် မန်းစန်းတောင်ပေါ်တွင် သေဆုံးနေကြသော လူသေအလောင်းများမှ သွေးများကို ဆေးကြောပစ်နေဟန်တူလေသည်။

ထိုနှစ် မိုးရာသီတွင် ဤညမှာ လေပြင်းအတိုက်ဆုံး သဲသဲမဲမဲ မိုးအရွာဆုံးညပင် ဖြစ်လေသည်။

အခန်း (၁)

## မဖျော်လင့်သော ကယ်တင်ရှင်

မြောက်ပြန်လေသည် အေးစိမ့်လွန်းလှသည်။

နေရောင်ဖျော့သွားပြီဖြစ်သဖြင့် အအေးဒဏ်က ပိုမိုကြီးစိုးလာသည်။ မြူတို့လည်း ဝေ့လာပြီဖြစ်၏။

တောအုပ်ကြီးနှင့် မြက်ခင်းလွင်ပြင်ကြီးမှာ ကျယ်ပြောစွာရှိနေပြီး ၎င်းလွင်ပြင်ကြီးနှင့် တောအုပ်ကြီးကြားတွင် ရွာတစ်ရွာကို မြူတွေဝိုင်းနေသည့်ကြားမှ ခပ်ရေးရေး မြင်နိုင်လေသည်။

မြက်ခင်းလွင်ပြင်တွင်ရှိသော လမ်းကလေးအတိုင်း မြင်းနှစ်စီး အပြေးနှင်လာကြ၏။

မြင်းနှစ်စီးပေါ်တွင် သိုင်းလောကသားတို့၏ ဆင်ယင်ထုံးဖွဲ့မှုနှင့် လူနှစ်ယောက် ပါလာကြ၏။

သူတို့နှစ်ဦးစလုံး အသက်လေးဆယ်ရွယ် ပတ်ဝန်းကျင်ခန့်ရှိကြသည်။

တစ်နေရာသို့ရောက်လျှင် မြင်းများကို အရှိန်သပ်၍ ရပ်လိုက်ကြ၏။

တစ်ဦးက မြက်ခင်းပြင်တစ်နေရာကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။

"လောင်ဖန်း .... ဟိုမှာကြည့်စမ်း .... "

လောင်ဖန်းဟု အခေါ်ခံရသူက ခေါင်းညိတ်လိုက်ပြီး ....

"ငါလည်း မြင်ပါတယ် .... ဒါပေမဲ့ နေပါစေ လောင်ဝမ်းရယ်၊ ကိုယ့်လမ်းကိုယ်သွားတာပဲ ကောင်းပါတယ် .... "

"နေပါဦးကွာ .... သွားကြည့်ရအောင် .... "

"မင်းကလည်း နေရာတကာ စပ်စပ်စုစု တယ်ပြီးလုပ်ချင်တာပဲကိုး .... ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဆိုရင် မစပ်စုတာ အကောင်းဆုံးပဲကွ"

"ခဏလေးပါကွာ .... "

လောင်ဂမ်းက ပြောပြောဆိုဆို မြင်းပေါ်မှ ဆင်းလိုက်ပြီး မြင်နေသောအရာဆီသို့ ပြေးလွှားကာ ရောက်လာလေတော့သည်။

သူသည် အနီးကပ် သေချာစွာ ကြည့်လိုက်ပြီးမှ ခေါင်းကို ခါယမ်း၍ လောင်ဖန်းဆီကို ပြန်လာသည်။

မြင်းပေါ်မှ လောင်ဖန်းက ဆီးမေးသည်။

"ဘယ်လိုလဲကွ .... "

လောင်ဝမ်းက တံတွေးတစ်ချက် ပျစ်ခနဲ ထွေးလိုက်ပြီး

"အလောင်းက အပုပ်နံ့တောင် ထွက်နေပါပြီကွာ .... "

"အလောင်း ဟုတ်လား .... "

လောင်ဖန်း မျက်ခုံးနှစ်ဘက် မြင့်သွားပြီး ဖျာလိပ်ဆီသို့ လှမ်းကြည့်လိုက်သည်။

လောင်ဝမ်းက မြင်းပေါ်ကို ပြန်ခုန်တက်သည်။ ပြီးမှ ပြန်ပြောသည်။



"ပုပ်နေပါပြီဆိုမှ အလောင်းလားလို့ မေးနေရသေးသလားကွ .... "

"ယောကျ်ားလား .... မိန်းမလား .... အရွယ်ကကော"

"မျက်နှာကိုတော့ မမြင်ရပါဘူးကွာ .... ဒါပေမယ့် အသက်နှစ်ဆယ်လောက်ပဲ ရှိဦးမယ့် ကောင်လေးပါ .... ဖျာနဲ့လိပ်ထားလို့ မျက်နှာကိုတော့ မမြင်ရဘူး .... "

"လမ်းသွားရင်း သေလို့ ဖျာနဲ့ပတ်ပြီး စွန့်ပစ်ထားခဲ့တာ ဖြစ်မှာပေါ့ .... နေဦး ငါသွားကြည့်လိုက်ဦးမယ် .... "

လောင်ဖန်း မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ဖျာလိပ်ဆီသို့ ခပ်သွက်သွက် လျှောက်လာသည်။

ဖျာလိပ်ထဲမှ ခြေထောက်ထွက်နေသော အလောင်းတစ်လောင်းကို တွေ့လိုက်ရသဖြင့် ခြေထောက်များက သွေးမရှိသကဲ့သို့ ဖြူဆွတ်နေသည်။

လောင်ဖန်းသည် စိတ်မကောင်းဖြစ်သွားဟန်ဖြင့် ဖျာလိပ်ကြိုးကို ဆွဲဖြေလိုက်သည်။

ဖျာလိပ်စကိုကိုင်ပြီး ဆွဲလိုက်သောအခါ အထဲမှ အလောင်းက လိမ့်၍ ပေါ်လာသည်။

အလောင်းတစ်ကိုယ်လုံးမှာ သွေးများ ပေကျံနေပြီး ဒဏ်ရာဒဏ်ချက် အညိုအမည်းတွေလည်း စွဲနေသည်။ အရှိုးရာတွေလည်း ထင်နေသည်။

မသေမီက ပြင်းပြင်းထန်ထန် နှိပ်စက်ခံထားရကြောင်း သိသာနိုင်လေသည်။

ကွဲအက်နေသော ဒဏ်ရာများမှ သွေးများ စိမ့်ထွက်နေတုန်း

ဖြစ်၏။

လောင်ဖန်း မျက်မှောင်ကြုတ်သွားသည်။

သေဆုံးနေသူမှာ လူငယ်တစ်ယောက်ဖြစ်ပြီး အသက်ဆယ့် ခြောက်နှစ် ဆယ့်ခုနစ်နှစ်ရွယ်ခန့်သာ ရှိဦးမည်ဟု ခန့်မှန်းမိ၏။

မျက်နှာသွင်ပြင်မှာလည်း လူချောလူခန့်တစ်ယောက် ဖြစ် ၏။ သို့သော် သူ့ခန္ဓာကိုယ်ကမူ ပိန်လှီလွန်းလှ၏။

သေဆုံးသည်မှာ သိပ်မကြာလှသေးချေ။

ထိုအလောင်းကို ပစ်ထားသည်မှာလည်း ကြာသေးပုံမရချေ

သို့သော် ....

လောင်ဝမ်းက အနံ့ထွက်နေပြီ အပုပ်နံ့ ထွက်နေပြီဟု ရမ် သမ်းပြောခဲ့သည်။

အလောင်းကိုမြင်တိုင်း အပုပ်နံ့ရသည်ဟုပြော၍ တံတွေ ထွေးတတ်သည်မှာ လောင်ဝမ်း၏အကျင့်ပင်ဖြစ်ကြောင်း လောင်ဖန် သိထား၏။

"အင်း .... "

ထိုစဉ် အလောင်း၏ ညည်းတွားသံတစ်ချက်ပြုရင်း အကြေ တစ်ချက်လည်း ဆွဲလိုက်သည်။

လောင်ဖန်း ထိတ်ခနဲဖြစ်သွားပြီး နောက်ကို ခြေတစ်လှမ် ဆုတ်လိုက်မိ၏။ သူသည် အလောင်းကို မျက်လုံးအပြူးသားဖြင့် ကြည် သည်။

အလောင်းကောင်၏ မျက်လုံးအစုံမှာ တဖြည်းဖြည်း ပွင့်လ ပြီးနောက် ပြန်ပိတ်သွားသည်။

လောင်ဖန်းက လောင်ဝမ်းကို အော်ပြောလိုက်၏။



"လောင်ဝမ်း .... ဒီကောင်လေး မသေသေးဘူးကွ .... "

လောင်ဝမ်းက သူ့မြင်းကိုစီး၍ လောင်ဖန်း၏မြင်းကို ဇက်ကြိုးမှ ကိုင်ဆွဲကာ လောင်ဖန်းအနီးသို့ ရောက်လာသည်။

အနီးရောက်မှ မျက်လုံးအပြူးသားနှင့် မေးသည်။

"မသေသေးဘူး ဟုတ်လား .... "

"အေး မသေသေးဘူး .... ခုန ညည်းလည်း ညည်းတယ်၊ လှုပ်လည်း လှုပ်တယ် .... မျက်လုံးလည်း တစ်ချက်ဖွင့်ကြည့်တယ်"

လောင်ဝမ်း ခေါင်းကိုခါယမ်းပြီး ....

"ဒါပေမယ့် .... ဒါလောက် ဒဏ်ရာတွေ များနေမှတော့ မဟုတ်တော့ပါဘူး၊ သေမှာပါ .... "

"မဟုတ်သေးဘူး လောင်ဝမ်း .... ခုလို အခြေအနေမျိုးကို မြင်တွေ့နေရပြီးတော့မှ ဒီကောင်လေးကို ဒီအတိုင်း တို့ပစ်သွားမယ် ဆိုရင် သိပ်ပြီး ရက်စက်ရာကျနေလိမ့်မယ် .... တတ်နိုင်သလောက် သူ့အသက်ကို တို့တစ်တွေ ကယ်တင်ကြည့်ရအောင် .... လူ့အသက် တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ်ကွာ .... "

ပြောပြောဆိုဆို လောင်ဖန်းက လူငယ်ကလေး၏ အနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

ထိုစဉ် ....

လောင်ဝမ်းက အလောတကြီး ပြောလိုက်၏။

"လောင်ဖန်း .... ငါ အခုမှသတိရတယ် .... အသက်တစ်ချောင်း ကယ်ချင်တယ်ဆိုရင် တခြားနေရာမှာ သွားကယ် .... ဒီမှာ တွေ့ရတဲ့ သူ့ကိုတော့ ကယ်မနေနဲ့ .... ဒီနေရာက မြန်မြန်သွားကြစို့"

လောင်ဖန်းက မော့ကြည့်လိုက်ပြီး ....

"ဘာဖြစ်လို့လဲကွ .... "

"ဒီနေရာ ဒီပိုင်နက်ဟာ ဘယ်သူပိုင်နက်လဲဆိုတာ မင်း မေ့ နေပြီလား .... ဒီကောင်လေးကို 'ဝမ်ရဲ့'ရဲတိုက်က လာပစ်ထားတာပ ဖြစ်မယ် .... ငါထင်တာ မမှားနိုင်တော့ဘူး .... ဒါကြောင့် မင်းကို သတိပေးနေတာ .... "

လောင်ဖန်းက ခပ်လှမ်းလှမ်းရှိနေသောရွာကို လှမ်းကြည့် သည်။

မြင့်မားလှသော ရဲတိုက်ကြီး၏ ခေါင်မိုးကို လှမ်းမြင်ရလေ သည်။

လောင်ဖန်းလည်း မျက်စိပျက် မျက်နှာပျက် ဖြစ်သွားပြီး

"အေး ဟုတ်တယ် .... မင်းသတိပေးတဲ့အတိုင်း ဖြစ်နိုင်တယ် သွားကြစို့ .... "

လောင်ဖန်းက မြင်းပေါ် ခုန်တက်လိုက်၏။

သူတို့နှစ်ဦးသည် မြေပေါ်တွင် သွေးအလူးလူးနှင့် ရှိနေသော လူငယ်ကို တစ်ချက်ကလေးမှ မကြည့်တော့။ မြင်းများကို စိုင်းနှင်က ထွက်ခွာသွားကြတော့၏။



နေရောင်က အားနည်းသည်ထက် နည်းလာသည်။

နေဝင်ဆည်းဆာချိန်သို့ ရောက်လာသည်။

အနောက်ဘက်အရပ်မှ လေက စိမ့်အေးအောင် ခပ်ထန်ထန် ကလေး တိုက်ခတ်လာသည်။

မြေပေါ်တွင် သွေးအလူးလူးနှင့် လဲကျငြိမ်သက်နေသော လူငယ်မှာ အနည်းငယ်လှုပ်လာပြီး ညည်းတွားခြင်း ပြုလိုက်သည်။

"အင်း .... ကျွတ် ကျွတ် ကျွတ် .... "

သူသည် မျက်လုံးအစုံကိုလည်း အားယူ၍ ဖွင့်လိုက်မိသည်။

ယခုတစ်ခါတွင်မူ သူသည် မျက်လုံးအစုံကို ပြန်ပိတ်မသွား အောင် ကြိုးစား၍ စိတ်အားတင်းထားသည်။

သူ့တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေ ဖြင့် မသေသေး ကြောင်းလည်း အသိဉာဏ်က သိလာသည်။ ခနေနှင့်လည်း မသေ ချင်သေးပါ။

သူသည် ပါးစပ်ကို တ ပ်ပြုရင်း အသံထွက်အောင် အော်ကြည့်သည်။

သို့သော် သူ့အသံမှာ တိုးတိုးညင်းညင်းကလေးသာ ပေါ်လာ သည်။

"ငါ မသေသေးဘူး .... မသေသေးဘူး ...."

ထိုစဉ် ....

သူ့လည်ချောင်းမှာ တင်းကျပ်သွားပြီး သူ့မျက်လုံးမှ
ကလည်း ပြာဝေသွားကြ၏။

မြင့်မားမတ်စောက်သော ကျောက်တောင်ကြီးပေါ်သို့ တ
နေရသကဲ့သို့ မောဟိုက်လွန်းနေသည်။

သေမင်းက သူ့လည်ပင်းကို လာညှစ်နေလေပြီဟု၍ပင် စိ
ထဲမှ ထင်မိ၏။

တကယ်တော့ သူသည် အသက်မျှင်းမျှင်းကလေးသာ
တော့သည်။

သူ့လည်ချောင်းထဲတွင် မီးစကြီးနှင့် ထိုးထားသကဲ့သို့
လောင်နေပြီး ရင်ထဲကလည်း ဓားအလက်ပေါင်းများစွာဖြင့် ထိုးနေ
ခြင်း ခံနေရသကဲ့သို့ နာကျင်နေသည်။

သူသည် ဖွင့်တင်းမထားနိုင်တော့ဘဲ မျက်လုံးအစုံကို ပြန်ပိ
ထားလိုက်ရ၏။

ပါးစပ်မှလည်း အသံတိုးတိုး ထွက်လာသည်။

"ရေ .... ရေ ...."

သူ့အသံမှာ တိုးလွန်းသဖြင့် သူကိုယ်တိုင်ပင် မကြားနိုင်
နေရောင်ကွယ်ပျောက်ပြီး အမှောင်ထုမှာ စိုးမိုးစ ပြု
သည်။

အအေးဓာတ်မှာလည်း ပိုမိုလွန်ကဲလာသည်။

သို့သော် ....

လှုငယ်အဖို့ ချမ်းအေးရမှန်း မသိအောင်ပင် ဝေဒနာ ခံ



နေရလေသည်။

ထိုစဉ် သူ့နားထဲမှ မြေခွေးအူသံကို ကြားလိုက်ရ၏။

လှုငယ်သည် ဝေဒနာ ခံစားနေရသည့်ကြားမှ ထိတ်လန့်
ကြောက်ရွံ့သွားသည်။

သူ့ခန္ဓာကိုယ်သာ လှုပ်လှုပ်ရှားရှား လုပ်နိုင်ပါက ဤနေရာမှ
ထွက်ပြေးသွားမိပေလိမ့်မည်။

ဤနေရာ .... ဤပတ်ဝန်းကျင်အကြောင်းကို သူ ကောင်း
ကောင်းကြီး သိထား၏။

ဤနေရာ ဤဒေသတွင် သူ နေထိုင်လာခဲ့သည်မှာ ဆယ်နှစ်
ကျော်ရှိသွားပြီ ဖြစ်သည်။

ဤနေရာတွင် ရိုင်းစိုင်း၍ လူသားစားသော မြေခွေးများ ရှိ
သည်။

နေရောင်ပျောက်သည်နှင့် ဤမြက်ခင်းပြင်ကို အစာရှာထွက်
တတ်ကြ၏။

ယခုလည်း မြေခွေးများ အစာရှာ လာကြကြောင်း သိလိုက်
၏။

သူ့ကိုလည်း မကြာမီ တွေ့သွားပေတော့မည်။

ထိုအခါ ....

မြေခွေးများ၏ ကိုက်ဖဲ့စားသောက်ခြင်းကို မလွဲမသွေ ခံရ
ပေလိမ့်မည်။

သူသည် အနည်းငယ်မျှ ပြန်လည်ခုခံနိုင်လိမ့်မည် မဟုတ်ဘဲ
အသေဆိုးနှင့် သေဆုံးရပေလိမ့်မည်။

သူ့ခန္ဓာကိုယ်မှာ အနည်းငယ်မျှ လှုပ်ရှားနိုင်ခြင်း မရှိချေ။

သူသည် ကြိုးစား၍ ထနိုင်ရန် အားထုတ်သေးသော်လ
လုံးဝ မအောင်မြင်ခဲ့ပါချေ။

လူပန်းစိတ်ပန်းသာ ဖြစ်သွားသည်။ နာကျင်မှုဝေဒနာကို
ပိုပြီး ခံစားလာရသည်။

ထိုစဉ် ....

မြွေခွေးတစ်ကောင်၏ နီးနီးကပ်ကပ် အော်လိုက်သံကို
မံ၍ ကြားလိုက်ရပြန်သည်။

သူ ထိတ်ခနဲဖြစ်သွားပြီး မျက်လုံးအစုံကို အားတင်း၍ ဖွင့်
အသံလာရာကို ခေါင်းငုံ့ကြည့်သည်။

မပီပိုးဝါး အလင်းရောင်ဖြင့် သူ့ထံသို့ လာနေသော အ
သဏ္ဍာန်တစ်ခုကို မြင်ရသည်။

အရိပ်သဏ္ဍာန်၏ မျက်လုံးအစုံမှာ မီးကျီမီးခဲလို ဝင်း
တောက်နေသည်။

နောက်ထပ် မျက်လုံးဝင်းလက် တောက်ပြောင်နေ
အရိပ်သဏ္ဍာန်တစ်ခု ထပ်မံ၍ ပေါ်လာပြန်သည်။

မြွေခွေးနှစ်ကောင်ဖြစ်ကြောင်း သူ သိလိုက်ပြီး သူ့ကိုယ်
ထထိုင်နိုင်ရန် ကြိုးစားသည်။

ထိတ်လန့်မှုဇောကြောင့် သူ့တွင် အင်အားအနည်းငယ်
လာသကဲ့သို့ ရှိသည်။

သူ့ကိုယ်မှာ မြေတွင် လဲ နေရာမှ အနည်းငယ် ကြွ
လာသည်။

သို့သော် သူသည် တစ်ကိုယ်လုံး နာကျင်သွားပြီး မြေပေ
ပြန်လဲကျသည်။



သူ့ကိုယ်ကို သူ မထူနိုင်ပါချေ။

ထိုစဉ် ....

မြွေခွေးတစ်ကောင်သည် သူ့ထံသို့ ရိပ်ခနဲ ရောက်လာသည်။

သူ့ဘဝ နောက်ဆုံးအချိန်သို့ ရောက်ပြီဟု တွေးလိုက်ပြီး သူ
ည် ထိတ်လန့်တကြားနှင့် အော်လိုက်၏။

သို့သော် သူ့အသံက လုံးဝမထွက်ပါချေ။ သူ့ကိုယ်ကလည်း
းဝ လှုပ်ရှား၍ မရတော့ပါချေ။

သူသည် စိတ်ကိုလျှော့၍ မျက်လုံးအစုံကိုလည်း မှိတ်ထား
က်သည်။

မြွေခွေး၏ သွားစွယ်ကြီးများက သူ့မျက်နှာပေါ် မိုးကျလာ
ည်။

ထို့နောက် အေးစက်သော မြွေခွေး၏နှုတ်သီးက သူ့ရင်ဘတ်
နမ်းရှုပ်ပြီး အင်္ကျီစကို ဆွဲကိုက်လိုက်၏။

သူ့ဝမ်းဗိုက် ပေါက်လေပြီဟု လူငယ်က ထင်မှတ်လိုက်သည်။

သို့သော် ....

မြွေခွေးထံမှ နာကျင်စွာ အော်ဟစ်သံတစ်ချက်ပေါ်လာပြီး
းခနဲ လဲကျသွားသံကိုလည်း လူငယ် ကြားလိုက်ရ၏။

သူသည် အံ့သြသွားပြီး မျက်လုံးအစုံကို ဖွင့်ကြည့်သည်။

သူ့ကိုယ်ပေါ်တွင် မိုးနေသော မြွေခွေးသည် မရှိတော့ချေ။

လူတစ်ယောက်သာ သူ့ကိုမိုး၍ရပ်နေကြောင်းတွေ့ရလေသည်။

ဘေးကို အနည်းငယ် စောင်းကြည့်လိုက်တော့ လဲကျ
ဆုံးနေသော မြေခွေးကို တွေ့ရသည်။

ထိုလူကြီး၏ လက်ချက်ကြောင့် မြေခွေး သေဆုံးသွား
ဖြစ်ကြောင်း လူငယ် သိလိုက်၏။

ထိုလူကြီးက သူ့အသက်ကို ကယ်လိုက်ပေပြီ။

လူငယ် ဝမ်းသာအားတက်သွားသည်။

"ကျွန်တော့်ကို ကယ်ပါခင်ဗျာ .... ပစ်မသွားပါနဲ့ ....

လူငယ်က အားကိုးတကြီး ပြောလိုက်သော်လည်း သူ့
မှ အသံထွက်မလာပါချေ။

လူကြီးသည် သူ့ဘေးနားတွင် ထိုင်လိုက်ပြီး သူ့တစ်ကိုယ်
စမ်းသပ်ကြည့်နေသည်။

သူ့မျက်လုံးကို ဖွင့်ထား၍ သူ မသေသေးကြောင်းကို လူ
သိလိမ့်မည်ဟူ၍လည်း လူငယ်က ယုံကြည်သည်။

ထိုလူကြီးသည် လူငယ်တစ်ကိုယ်လုံးမှ အကြောအခြင်
ကို နှိပ်နယ်ပေးသည်။

တစ်ချက်တစ်ချက် အကြောနေရာများကိုလည်း သူ့လက်
ခပ်ဆတ်ဆတ် ရိုက်ပုတ်သည်။



ပထမတော့ လူငယ်သည် နာလွန်းသဖြင့် မျက်ရည်များပင်
ဝဲကျလာသည်။

သို့သော် ....

ခဏနှင့် နာကျင်မှု ဝေဒနာများ အတော်ကလေး ပျောက်
သွားသည်။

အေးစက်နေသော သူ့ခန္ဓာကိုယ်မှာလည်း ထွေးထွေးနွေးနွေး
ဖြစ်လာသည်။

သွေးလည်ပတ်မှုလည်း အတော်ကလေး မှန်လာသည်။

လူကြီးက သူ့ကို ဆွဲထူကာ ထိုင်စေသည်။

သူသည် ကောင်းစွာ ထိုင်၍ရလာသည်။

လူကြီးက သူ့ကို အကဲခတ်ကြည့်ပြီး စကားဆိုသည်။

"ကောင်လေး .... စကားပြောကြည့်စမ်း .... "

ထိုအခါမှ လူငယ်သည် လူကြီး၏မျက်နှာကို အနီးကပ် မြင်ရ
သည်။

လူကြီးသည် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး
ခန့် ရှိပြီဖြစ်၏။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် ဆံပင်တို့က သေသေသပ်
သပ် မရှိဘဲ ဖွရှုပ်နေသည်။

အဘိုးကြီးတစ်ယောက်ဖြစ်ပြီး မျက်လုံးအစုံကမူ အရွယ်နှင့်
မလိုက်အောင် စူးရှတောက်ပြောင်နေလေသည်။

## အခန်း (၂)

## အမည်မဖော်သော အဘိုးအို

လူငယ်က အားယူပြီး စကားပြောလိုက်သည်။

သူ့အသံက ကြည်ကြည်လင်လင်နှင့် ပုံမှန်အသံအတိုင်း ထွက်ပေါ်လာသည်။

"ဘဘကြီး ကျွန်တော့်ကို ကယ်ပါခင်ဗျာ .... "

အဘိုးကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍ ....

"အေးလေ .... မင်းကို ငါ ကယ်တင်ပြီးပြီပဲ .... ငါသာမကယ်ရင် ခုဆို မင်းဟာ မြေခွေးစာ ဖြစ်နေပြီ .... "

"ဟုတ် .... ဟုတ်ပါတယ် ခင်ဗျား .... "

"မင်းနာမည် ဘယ်လိုခေါ်သလဲ .... "

"ကျွန်တော့်နာမည် တိန့်ထောက်လို့ ခေါ်ပါတယ် ဘဘကြီး"

"မင်းက အခုလို ဘာဖြစ်လို့ ဖြစ်ရတာလဲ .... "

တိန့်ထောက်ဆိုသော လူငယ်၏မျက်နှာက ညှိုးငယ်နွမ်းလျသွားသည်။

သူသည် ကြေကွဲဆို့နင့်စွာဖြင့် ပြန်ပြောသည်။



"ကျွန်တော့်ကုသိုလ်ကံက ဆိုးလွန်းလှပါတယ် ဘဘကြီးရယ်၊ သူတို့တစ်တွေက ကျွန်တော့်ကို လူလို့သဘောမထားကြဘူး .... ကျွဲနွား တိရစ္ဆာန်တစ်ကောင်လောက်တောင် ကျွန်တော့်ကို တန်ဖိုးမထားကြပါဘူး ခင်ဗျာ .... သူတို့တွေက ကျွန်တော့်ကို သေလုမျောပါးဖြစ်အောင် ရိုက်နှက်နှိပ်စက်ပြီး ဒီနေရာမှာ လာပစ်သွားကြတာပါပဲ"

အဘိုးအို မျက်မှောင်ကြုတ်သွားပြီး ....

"နေပါဦး .... မင်းက ဘယ်မှာနေလို့လဲ .... "

"ကျွန်တော်နေတာက ဝမ်ရဲ့ရဲတိုက်မှာပါ .... "

"ဘာ .... မင်းက ငရဲတွင်း ရဲတိုက်ကလူ ဟုတ်လား .... "

အဘိုးအိုခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားပြီး ကြည်လင်နေသော သူ၏မျက်နှာကလည်း တင်းမာသွားသည်။ ပြီးမှ ခက်ထန်သောလေသံဖြင့် ဆက်ပြောသည်။

"ငရဲတွင်း ရဲတိုက်မှာ နေကြတဲ့လူတွေဟာ .... တစ်ယောက်မှ ကောင်းကြတာမဟုတ်ဘူး .... မင်းကို ငရဲတွင်း ရဲတိုက်ကလူမှန်းအစကသိရင် ငါ ကယ်တောင်မကယ်ဘူး .... လှည့်တောင်ကြည့်မှာမဟုတ်ဘူး .... "

လူကြီးက သနားစဖွယ်ဖြင့် ရိုးသားအပြစ်ကင်းစင်ပုံရသော တိန့်ထောက်ကိုကြည့်ပြီး ခက်ထန်တင်းမာမှု အနည်းငယ် လျော့သွားခဲ့သည်။

သူသည် လေသံကို အနည်းငယ် လျော့လိုက်ပြီး ဆက်ပြောသည်။

"အင်း .... မင်းမျက်နှာကို ကြည့်ရတာကတော့ ကောက်ကျစ်ယုတ်မာတဲ့ မျက်နှာမျိုး မဟုတ်ပါဘူး .... မင်းကို ကယ်တင်လိုက်

ရတဲ့အတွက် ငါ သိပ်မှားလိမ့်မယ်တော့ မထင်ပါဘူး .... "

တိန့်ထောက်က သနားစဖွယ် ပြန်ပြောသည်။

"မှန်ပါတယ် ဘဘကြီးရယ် .... ကျွန်တော်တို့နေတဲ့ ဝမ်
ရဲတိုက်ကလူတွေဆိုရင် လူတိုင်းလိုလိုက မုန်းတီးအော့နှလုံးနာကြ
တယ် .... ဒါကြောင့်လည်း လူတွေက ဝမ်ရဲ့ရဲတိုက်ကို ငရဲတွင်း ရဲတိုက်
လို့ ခေါ်နေကြတယ်ဆိုတာလည်း ကျွန်တော် သိပါတယ် .... ဒါပေမယ်
ကျွန်တော်ဟာ ဝမ်ရဲ့ရဲတိုက်မှာ နေတာမှန်ပေမယ့် .... ကျွန်တော်
စိတ်ဓာတ်ဟာ ဝမ်ရဲ့ရဲတိုက်က လူတွေရဲ့ စိတ်ဓာတ်မျိုးနဲ့ မတူပါဘူ
ပြီးတော့ .... ကျွန်တော်ဟာ ဝမ်ရဲ့ရဲတိုက်မှာ လူရာဝင်ဝင်နဲ့ နေခဲ့ရ
သူ မဟုတ်ပါဘူး .... အားလုံးရဲ့ အနှိပ်စက်ခံဘဝ၊ အားလုံးရဲ့ အနှိမ်
ဘဝနဲ့ နေခဲ့ရတဲ့သူပါ .... အဲဒီမှာနေတဲ့ လူတွေကိုမဆိုထားနဲ့ ခွေး
တောင် ကျွန်တော့်ကို အနိုင်ကျင့်တာ ခံရပါတယ် .... "

ပြောရင်းမှ တိန့်ထောက်၏အသံက ကြေကွဲမှုကြောင့် တု
ယင်လာသည်။

အဘိုးအိုမျက်နှာတွင်လည်း တင်းမာမှု ပျောက်သွားသည်
သူသည် စကားများများ ပြောလိုက်ရသဖြင့် ပြန်လည်
မောပန်းနွမ်းနယ်လာသည်။

ခန္ဓာကိုယ်ကလည်း နာကျင်မှုဝေဒနာကို ခံစားလာရပြ
သည်။

"ကျွတ် ကျွတ် .... "

သူက စုတ်သပ်ညည်းညူလိုက်သည်။

အဘိုးကြီးက လေသံအေးအေးဖြင့် မေးသည်။

"မင်း သိပ်နာနေသလား .... "



"ဟုတ်ကဲ့ .... "

အဘိုးကြီး သူ့အင်္ကျီ ရင်ဖုံးအိတ်ထဲသို့ လက်နှိုက်ပြီး ကြွေ
ပုလင်းကလေး တစ်လုံးကို ယူလိုက်သည်။

ထိုကြွေပုလင်းကို တိန့်ထောက်၏လက်ထဲသို့ ထည့်ပေးပြီး
ပြောသည်။

"ဒီဆေးကို မင်းယူထား .... မင်းရဲ့ ဒဏ်ရာတွေ သိပ်နာလာ
ရင် ဒီပုလင်းထဲက ဆေးကိုသောက် .... မင်းရဲ့ဒဏ်ရာတွေ အများကြီး
သက်သာသွားလိမ့်မယ် .... နာကျင်မှုတွေလည်း ပျောက်သွားလိမ့်မယ်၊
ပြီးတော့ ဒီကနေ ဘေးကင်းရာကို မင်း သွားပေတော့ .... "

အဘိုးကြီးက သူ့ကိုခေါ်သွားလိမ့်မည်ဟု ထင်မှတ်ထားသော
တိန့်ထောက်သည် အဘိုးကြီးစကားကို ကြားရသောအခါ လွန်စွာ အား
ငယ်သွားသည်။

စိုးရိမ်ပူပန်ခြင်းလည်း ဖြစ်လာမိသည်။

"ဘဘကြီးနဲ့အတူ ကျွန်တော့်ကို ခေါ်မသွားဘူးလား ....
ကျွန်တော့်ကိုတော့ ပစ်မထားခဲ့ပါနဲ့ ခင်ဗျာ .... ကျွန်တော် လမ်းလည်း
မလျှောက်နိုင်ပါဘူး .... ဘယ်သွားလို့ ဘယ်လာရမယ်ဆိုတာလည်း
မသိပါဘူး .... "

အဘိုးကြီးက ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး ....

"မင်းကို ငါနဲ့တော့ ခေါ်မသွားနိုင်ဘူး .... ငရဲတွင်းရဲတိုက်
က လူတွေကို ငါက အင်မတန်မုန်းတီးရွံရှာတာ .... အေး .... မင်းကို
တော့ မြင်မြင်ချင်း သနားစိတ် ဝင်မိလို့ ဒီလောက်ထိ အကူအညီ ပေး
နေတာ .... ဒါတောင် သိပ်ကြုံးလွန်းလှပြီ .... "

အဘိုးကြီးက ပြောပြောဆိုဆို ထရပ်လိုက်သည်။

တိန့်ထောက်သည် အဘိုးကြီးကို ထပ်မံပြီး အသနားမခံတော့ပါ။

အသနားခံ၍လည်း ရတော့မည်မဟုတ်ကြောင်း သူသည်နားလည်သွား၏။

သူသည် ဝမ်းနည်းအားငယ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ပါချေ။



အဘိုးကြီးက မတ်တတ်ရပ်လျက်မှ တိန့်ထောက်ကို မှာကြားသည်။

"ဆေးပုလင်းထဲက ဆေးကို တစ်ဝက်သောက်လိုက် .... ကျန်တဲ့တစ်ဝက်ကိုတော့ မင်းကိုယ်ပေါ်က ဒဏ်ရာတွေကို လိမ်းပေး၊ မင်း လမ်းလျှောက်လို့ရအောင် အားရှိလာလိမ့်မယ် .... "

တိန့်ထောက်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"အင်းလေ .... ကျွန်တော့်ကို ဘကြီးက ခေါ်မသွားနိုင်ဘူးဆိုရင်လည်း ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ရှိပါစေတော့ .... ဘဘကြီးရဲ့ နာမည်ကိုသာ ကျွန်တော် သိပါရစေ ခင်ဗျား .... "

"ငါ့နာမည်ကို မင်းက ဘာဖြစ်လို့ သိချင်ရတာလဲ .... "

"ဘဘကြီးဟာ .... ကျွန်တော့်ရဲ့ အသက်သခင် ကျေးဇူးရှင် မဟုတ်လား .... ဘဘကြီးရဲ့နာမည်ကိုသာ ကျွန်တော် သိထားရရင် တစ်နေ့နေ့မှာ .... "

"တော်စမ်းပါကွာ .... မင်းက တစ်နေ့နေ့မှာ ဒီကျေးဇူးကို တုံ့ပြန်မယ်လို့ ပြောမလို့ မဟုတ်လား .... မလိုပါဘူးလေ .... မင်း ကျေးဇူး အတင်ခံချင်လို့ မင်းကို ငါ ကူညီတာမှ မဟုတ်ဘဲ .... ငါ့ကို ကျေးဇူးမတင်ပါနဲ့ .... အေး .... ကျေးမဆပ်ရင်ဘဲ ငါကျေနပ်ပါပြီ"

စကားဆုံးသည်နှင့် အဘိုးကြီးသည် ချာခနဲ လှည့်ထွက်သွာ တော့သည်။

အဘိုးကြီးမှာ လူ့ခွစာကြီး ဖြစ်ပုံရသဖြင့် တိန့်ထောက်မှ လှမ်း၍ မခေါ်တော့ပါ။

ခေါ်၍လည်း လာမည်မဟုတ်ပါချေ။

သူသည် အဘိုးကြီးပေးခဲ့သော ကြွေပုလင်းကို ဖွင့်လိုက်ပြ အထဲမှ ဆေးမှုန့်တစ်ဝက်ခန့်ကို လက်ဖဝါးပေါ်သို့ သွန်ထည့်လိုက် သည်။

ဆေးမှုန့်များမှာ ဖွေးဖွေးဖြူနေပြီး နံ့ညှီခြင်းလည်း ရှိလ သည်။

နာကျင်သော၊ မောဟိုက်သော ဝေဒနာများကို ခံစားနေ သောကြောင့် တိန့်ထောက်သည် ဘာမှ စဉ်းစားမနေတော့ဘဲ လက် ဖဝါးထဲမှ ဆေးမှုန့်များကို ပါးစပ်ထဲ ပစ်ထည့်ပြီး မျိုချလိုက်၏။

ဆေးအရသာမှာ ချိုအေးပြီး မွှေးနေလေသည်။

ပြီးနောက် သူသည် ကျန်ဆေးမှုန့်များကို သူ့ကိုယ်မှ ဒဏ်ရာ များပေါ် သိပ်ထည့်သည်။

ဒဏ်ရာကြီးငယ်ကို ရွေးမနေနိုင်ဘဲ သူမြင်သမျှ ဒဏ်ရာများ ကို ဆေးသိပ်ထည့်သည်။

သူ့တစ်ကိုယ်လုံး ဒဏ်ရာတွေက နေရာအနှံ့ ရှိနေတော့သည်။

သူ မမြင်ရသော ဒဏ်ရာ၊ လက်လှမ်းမမီသော ဒဏ်ရာများ ကိုမူ ဆေးမထည့်နိုင်ပါချေ။

ဆေးမှုန့်များ သိပ်ထည့်ပြီး ခဏတာ အချိန်မှာပင် နာကျင်မှု ဝေဒနာများ ထူးခြားစွာ သက်သာသွားလေသည်။



သူ့စိတ်မှာလည်း အနည်းငယ် ကြည်လင်လန်းဆန်းလာသကဲ့ သို့ ခံစားမိသည်။

ထိုစဉ် ....

မလှမ်းမဝေး တစ်နေရာမှ မြေခွေးတစ်ကောင်၏ အူလိုက်သံ ပေါ်ထွက်လာသည်။

တိန့်ထောက် ခေါင်းနားပန်း ကြီးသွားသည်။

သူသည် သူ့အနီးတွင် သေဆုံးနေသော မြွေခွေးကို တစ်ချ
လှမ်းကြည့်မိသည်။

စောစောက ထိုမြွေခွေး၏လက်ချက်နှင့် သူ့အသက် သေခဲ့
ရမည့်အဖြစ်ကို ပြန်လည်သတိရလာသည်။

အဘိုးကြီးသာ အနည်းငယ် နောက်ကျပြီးမှ ရောက်လာ
လျှင် မြွေခွေးမသေဘဲ သူသာ မြွေခွေးစာ ဖြစ်နေပေလိမ့်မည်။

ယခု ....

နောက်ထပ် မြွေခွေးတစ်ကောင် လာနေပြန်ပြီ။

စောစောကလူကြီး ရောက်လာသဖြင့် ထွက်ပြေးသွားသော
မြွေခွေးပင် ဖြစ်ရမည်ဟု တွေးမိသည်။

မြွေခွေးသည် သူ့ထံသို့ ပြန်ရောက်လာပေလိမ့်မည်။

သို့သော် ထွက်ခွာသွားပြီဖြစ်သော သူ၏ အသက်သခ
ကျေးဇူးရှင် လူကြီးသည် သူ့ထံသို့ ပြန်လာတော့မည် မဟုတ်ပါချေ

မြွေခွေးရန်မှ သူ့ကို အကာအကွယ်ပေးတော့မည် မဟုတ်ပါ
ချေ။

ယခုလောက် အင်အားနှင့် သူသည် မြွေခွေးကို ပြန်လည်



ခုခံနိုင်လိမ့်မည် မဟုတ်ပါချေ။

အကောင်းဆုံးက ဤနေရာနှင့် ဝေးရာကို အမြန်ဆုံး သူ
ထွက်ခွာသွားရပေလိမ့်မည်။

သူသည် အားယူ၍ ခပ်သွက်သွက် ထရပ်လိုက်သည်။

မတ်တတ်ရပ်နိုင်ကြောင်း သိရသောအခါ အတော်ကလေး
ဝမ်းသာသွားသည်။

သို့သော် ....

သူ၏ခန္ဓာကိုယ်မှာ ယိမ်းထိုးလျက် ရှိနေသည်။

စိတ်ကို တင်းထားသောကြောင့်သာ သူ ရပ်နိုင်ခြင်း ဖြစ်လေ
၏။

အန္တရာယ်ဟူသော အသိစိတ်က လှုံ့ဆော်မှုကြောင့်သာ ရပ်
နိုင်ခြင်း ဖြစ်၏။ သို့မဟုတ်ပါက သူသည် ရပ်နိုင်လိမ့်မည် မဟုတ်ချေ။

ဤနေရာတွင် ဆက်၍နေဖို့ မဖြစ်ချေ။

မြွေခွေးရန်ကိုလည်း ကြောက်ရသည်။

ဝမ်ရဲ့ ရဲတိုက်မှလူများသည် သူ့ကို ဤလို အခြေအနေမျိုးနှင့်
သာ တွေ့ပါက အသေသတ်ပစ်ကြပေလိမ့်မည်။

တကယ်တော့ ....

သူ့ကို ဤနေရာတွင် ပစ်ထားခဲ့ခြင်းမှာ ခြေခွေးစာကျွေးခဲ့
ခြင်းသာ ဖြစ်လေသည်။

သူသည် စိတ်အားတင်းပြီး ခြေလှမ်းများကို စတင် လှမ်း
လျှောက်သည်။

ထိုအခါမှ ဒူးညွတ်ပြီး သူ လဲကျသွားသည်။ ပြန်မထနိုင်
လောက်အောင် နာကျင်သွားသည်။

သူသည် နောက်ထပ် သေတွင်းသို့ ရောက်လေဦးမလ
တွေးမိသည်။

"သားရယ် .... ကံကြမ္မာဆိုတာ ရှောင်လွှဲလို့ မရစေ
ပါဘူးကွယ် .... သတ္တဝါမှန်သမျှ ကံစီမံရာကိုပဲ နာခံကြရပါတယ်

သူ့မိခင်ကြီး၏ အမြဲတမ်းဂိုလိုပြောတတ်သော စက
သူ့နားထဲတွင် ပြန်လည်ကြားယောင်မိသည်။

သူ့မိခင် ပြောသလိုသာဆိုလျှင် ကံကြမ္မာသည် သူ့ကို
တွင်းထဲသို့ ဆွဲနှစ်နေလေပြီ။

မိခင်ကြီး၏ စကားကို ကြားရတော့ မိခင်ကြီး၏ သနား
မျက်နှာကိုလည်း တိန့်ထောက် မြင်ယောင်လာသည်။

"မေမေ .... မေမေ"

သူ့နှုတ်မှ ညည်းတွား တမ်းတမိလိုက်၏။

သူ့မိခင်ကြီးသည် တမလွန်ဘုံမှ သူ၏ တမ်းတသံကို
ပါစေဟုလည်း ဆုတောင်းမိသည်။

သူ့မိခင်ကြီး၏ အကြောင်းကို တွေးမိတော့ သူ့ရင်မှာ ဆ
လာသည်။

ယူကျုံးမရစိတ်ကြောင့် သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်
ရစ်ဝဲလာမိသည်။

သူ့မိခင်ကြီး၏ အဖြစ်ဆိုးကို သူသည် မည်သည့်အခါ
ပျောက်၍ ရတော့မည်မဟုတ်ပါ။

မိခင်ကြီးသည် အသေဆိုးနှင့် သေခဲ့ရ၏။ ကြိုးဆွဲချပြီး
သွားခြင်း ဖြစ်လေသည်။

မိခင်ကြီးနှင့်အတူ သူသည် ဝမ်ရဲ့ ရဲတိုက်ကြီးကို ရော



စဉ်က သူ၏အသက်မှာ ငါးနှစ်သား အရွယ်ခန့်သာ ရှိသေးသည်။

ရောက်စက ကောင်းကောင်းမွန်မွန် နေထိုင်ခဲ့ရသဖြင့် သူသည် ကလေးသဘာဝ ဝမ်ရဲ့ ရဲတိုက်ကြီးတွင် ပျော်ရွှင်ခဲ့ရ၏။

သို့သော် သူသည် တစ်နှစ်ကျော်ကျော်ခန့်သာ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရပြီး စိတ်ဆင်းရဲခြင်းကြီးစွာနှင့် နေခဲ့ရသည်။

သူ့မိခင်ကြီးမှာလည်း နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက် နေခဲ့ရသည်ကို သူ ကောင်းကောင်းမှတ်မိသည်။

ဆယ်နှစ်တာ ကာလအတွင်း မိခင်ကြီးသည် စိတ်ဆင်းရဲမှု ဝေဒနာကို အမျိုးမျိုး ခံစားရပြီးနောက် အသေဆိုးနှင့် သေဆုံးခဲ့ရ၏။

သူတို့သားအမိနှင့် ဝမ်ရဲ့ ရဲတိုက်ကြီးမှာ မည်ကဲ့သို့ ပတ်သက်နေလေသနည်း။

သူ့မိခင်ကြီးမှာ အဘယ်ကြောင့် နေ့စဉ်နှင့်အမျှ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေရသနည်း။

ဤသည်ကို တိန့်ထောက် မသိပါချေ။

သူသည် ဤအဖြေကို သိချင်လွန်းလှသဖြင့် မိခင်ကြီးကို အကြိမ်ကြိမ်အခါခါ မေးမြန်းခဲ့သည်။

သူ မေးမြန်းလေတိုင်း မိခင်ကြီးမှာ ဝမ်းပန်းတစ်နည်း ငိုကြွေးခဲ့ရုံမှလွဲပြီး သူသိချင်သော အဖြေကို မပေးပါချေ။

သူ့မေးမြန်းခြင်းကြောင့် မိခင်ကြီး ပိုမိုစိတ်ဆင်းရဲမည်ကို တိန့်ထောက် မလိုလားသဖြင့် ထပ်မံပြီး မမေးမြန်းတော့ပါချေ။

လွန်ခဲ့သော ဆယ်ရက်က .... မိခင်ကြီးအကြောင်းကို
ထောက် ရင်နာနာနှင့် ပြန်တွေးမိသည်။

ထိုနေ့က သူသည် ရဲတိုက်ကြီးမှ လူများ၏ မတရားသ
အနိုင်ကျင့် နိုင်းစေမှုကို ပင်ပန်းတကြီး လုပ်ဆောင်ပြီးနောက် နွမ်း
နွာ သူတို့သားအမိ နေထိုင်သော အဆောင်ကလေးဆီသို့ ပြန်လ
သည်။

အဆောင်ထဲတွင် မိခင်ကြီးသည် အဝတ်အစား သပ်သ
ရပ်ဝတ်လျက် ထိုင်နေသည်ကို တိန့်ထောက် တွေ့ရသည်။

ခါတိုင်းလို မိခင်ကြီး၏ မျက်လုံးအိမ်ထဲတွင်လည်း မျက်ရ
များကို မတွေ့ရပါချေ။

သူ့မိခင်ကြီး၏ မျက်နှာမှာ ကြည်ကြည်လင်လင် ရှိသည်။
ထွက်ခွာမည့် လူတစ်ယောက်၏ အသွင်အပြင်မျိုး ရှိနေသည်။

သူ လူမှန်းသူမှန်း သိတတ်ချိန်မှစပြီး မိခင်ကြီးကို ဤ
အသွင်အပြင် အမူအရာမျိုးနှင့် တိန့်ထောက် မမြင်ဘူးပါချေ။

အမြဲတမ်းလိုလို ငိုထားသော မိခင်ကြီး၏ မျက်ခွံများ
အဖော်ကလေးဖို့နေသည်။

မိခင်ကြီးကို ဤကဲ့သို့ အသွင်အပြင် အမူအရာမျိုးနှင့် တေ



တော့ တိန့်ထောက် စိတ်သက်သာရာ ရသွား၏။ ပင်ပန်းနွမ်းနယ်လာ
သမျှလည်း ပြေပျောက်သွားသည်။

"ဒီနေ့ မေမေ့အမူအရာက ထူးခြားလှချည်လား .... ဘယ်လို
တ်ချမ်းသာစရာ အကြောင်းမျိုးနဲ့ တွေ့နေရလို့လဲ မေမေ .... "

"မေးမနေပါနဲ့ သားလေးရယ် .... "

မိခင်ကြီး၏ ပြန်ပြောသော အသံကမူ တုန်ယင်နေသည်။

"သားကိုတော့ ပြောပါ မေမေရယ် .... တစ်လောကလုံးမှာ
သွေးရင်းသားရင်းဆိုလို့ မေမေနဲ့သားပဲ ရှိကြတယ်မဟုတ်လား .... "

"သားကို မေမေ မပြောမဖြစ်တဲ့ စကားတစ်ခွန်းကိုတော့
ထားချင်တယ်ကွယ် .... သား အရွယ်ရောက်လာရင်လေ ဒီမှာ မနေ
နဲ့ကွယ် .... ဒီနေရာနဲ့ ဝေးဝေးမှာ သွားနေပါ .... "

"ဒီနေရာဟာ ကျွန်တော်တို့အတွက် ငရဲပါပဲ .... မေမေ နေလို့
 ကျွန်တော်လည်း နေ့နေတာပါ .... မဟုတ်ရင် ကျွန်တော် ထွက်
ားတာ ကြာလှပြီ .... "

မိခင်ကြီးမှာ စိတ်တင်းထားသည့်ကြားမှ မျက်ရည်များ ကျ
င်းလာသဖြင့် ....

"သားလေးရဲ့ ကုသိုလ်ကံကိုက ဆိုးလွန်းလှပါတယ်ကွယ် ....
မေရဲ့ဝမ်းထဲမှာ သား ဝင်စားတာကိုက သားလေး ကံဆိုးပါတယ်"

တိန့်ထောက်လည်း ဝမ်းနည်းလာပြီး မိခင်ကြီးကို ဖက်ငို
ည်။

မိခင်ကြီးကလည်း သားကိုဖက်၍ ငိုကြွေးရင်းမှ မှာကြား
ည်။

"မေမေပြောတာကို သား မှတ်ထားပါကွယ် .... သားလေး

တစ်နေ့ ဒီက ထွက်သွားတဲ့အခါကျရင် လူတစ်ယောက်ကို သွား
အဲဒီလူရဲ့နာမည်က 'ဝါးရုံတော ဘိုးဘိုး'လို့ ခေါ်တယ် .... သား
တဲ့ ကိစ္စမှန်သမျှကို သူ့ကိုမေးရင် သူက ပြောပြပါလိမ့်မယ် .... သ
မေမေနဲ့ ဖေဖေတို့အကြောင်းကိုလည်း သူ ကောင်းကောင်းသိပါတ

မိခင်ကြီးသည် ထိုစကားကိုသာ မှာကြားခဲ့ပြီး မည်
စကားမျှ ထပ်၍မပြောတော့ပါ။

တစ်ငိုတည်းသာ ငိုနေတော့၏။ ငို၍ဝတော့မှ အိပ်
သွားသည်။

တိန့်ထောက်လည်း လူပန်းစိတ်ပန်း ဖြစ်နေသော
အိပ်ရာထဲ ဝင်ကာ လှဲအိပ်လိုက်သည်နှင့် အိပ်ပျော်သွားလေသ

နောက်တစ်နေ့မနက် အရုဏ်တက်ချိန်တွင် သူ နိုးလာ
အခါ မိခင်ကြီးကို ထုတ်တန်းတစ်တန်းပေါ်တွင် ကြိုးဆွဲချ၍ သေ
ကြောင်း တုန်လှုပ်ချောက်ချားဖွယ်ရာ တွေ့ရလေတော့၏။

လောကအလယ်တွင် .... သူသည် တစ်ကောင်ကြွက်
မျက်နှာဘဝနှင့်သာ ကျန်နေခဲ့တော့သည်။

မိခင်ကြီး သေဆုံးသွားသောအခါ ဝမ်ရဲ့ရဲတိုက်မှ လူများ
သူ့အပေါ် ပိုပြီး မတရားသဖြင့် ဆက်ဆံလာကြသည်။

ကျွဲထက် နွားထက် ပင်ပန်းသောအလုပ်များကို အနား
မလိုက်အောင် ခိုင်းစေလာကြ၏။

ကျွေးတော့ မသေရုံတမည် မဝရေစာ။

ရဲတိုက်မှ တာဝန်မှူးသည် သူ့အပေါ် ပိုပြီးအနိုင်ကျင့်

မနေ့ကတော့ သူသည် ခံပြင်းစိတ်ဖြင့် တာဝန်မှူးကို ဘု
ဆတ် ပြန်ပြောမိသည်။



မတရားသဖြင့် မလုပ်ရန် တင်းတင်းမာမာ ပြန်ပြောမိလေ
သည်။

ထိုအခါ တာဝန်မှူးနှင့် သူ့တပည့်များက တိန့်ထောက်ကို ဖမ်း
ဆီး၍ ဝိုင်းဝန်းနှိပ်စက်ကြသည်။ သေလုမျောပါး ဖြစ်အောင် ရိုက်နှက်
ကြသည်။

တစ်ညနှင့်တစ်နေ့ ကြာသွားသော်လည်း ရေအနည်းငယ်သာ
တိုက်ပြီး အစာဟူ၍ လုံးဝမကျွေးတော့ချေ။

သူ့အသက် ဖျော့ဖျော့လေး ကျန်တော့မှ သူတို့ ဖျာလိပ်
ပတ်ပြီး ဤနေရာတွင် လာရောက်စွန့်ပစ်သွားကြခြင်း ဖြစ်၏။

မြေခွေးစာဖြစ်ရန် လာထားသွားကြခြင်း ဖြစ်၏။

စောစောက အသက်သခင့် ကျေးဇူးရှင် ပြောသွားသ
ဝမ်ရဲ့ ရဲတိုက်မှလူများသည် ငရဲသားတွေလို ရက်စက်ကြမ်းကြုတ်
သည်။

"တောက် .... "

တိန့်ထောက်သည် ဝမ်ရဲ့ရဲတိုက်အကြောင်း ပြန်တွေးရင်း
ခံပြင်းစွာ တောက်တစ်ချက် ခေါက်လိုက်သည်။

"နေနှင့်ကြဦးပေါ့ကွာ .... တစ်နေ့နေ့ တကွေ့ကွေ့မှာတေ
ကျူပ်အကြောင်းကို ခင်ဗျားတို့အားလုံး သိမယ် .... "

တိန့်ထောက် စိတ်ထဲမှ ကြိမ်းဝါးလိုက်မိသည်။

"ငါသေလို့ မဖြစ်သေးဘူး .... ငါသေလို့ မဖြစ်သေးဘူး -
ဒီလူယုတ်မာ လူရမ်းကားတွေကို မသုတ်သင်ရသေးသမျှ ငါသေ
မဖြစ်သေးဘူး .... စိတ်အားလျော့လို့ မဖြစ်ဘူး .... "

သူသည် စိတ်အားတင်းလိုက်ပြီး ထရပ်သည်။

ယိမ်းယိမ်းယိုင်ယိုင်နှင့် ထရပ်၍ ရသွားသည်။



ခွဲတင်း၍ ခြေသုံးလှမ်း လျှောက်လှမ်းကြည့်သောအခါ
လျှောက်၍ရသည်။

သူ ပိုမိုအားတက်သွားသည်။

သူသည် ဝမ်ရဲ့ရဲတိုက်ကြီးဘက်ကို နောက်ဆုံးအနေဖြင့်
တစ်ချက်ကြည့်လိုက်ကာ ကျောခိုင်းလိုက်ပြီး ဖြည်းဖြည်းချင်း လျှောက်
လာခဲ့သည်။

လမ်းတွင်တွေ့ရသော တုတ်တစ်ချောင်းကို ကောက်၍
ထောက်ကာ လျှောက်လှမ်းသောအခါ ပို၍ အဆင်ပြေလာသည်။

ခရီး ပိုပြီး တွင်လာသည်။

ဝမ်ရဲ့ ရဲတိုက်နှင့် တဖြည်းဖြည်း ဝေးလာလေ သူ ဝမ်းသာ
လာလေ ဖြစ်၏။

သူ့အတွက် အန္တရာယ်မှာ ပို၍ ဝေးခဲ့ပြီဖြစ်ကြောင်းလည်း
သိနားလည်လာလေသည်။

## အခန်း (၃)

## မြှောင်အစစ်နဲ့တူသောလူ

အမှောင်ထုမှာ ဖုံးလွှမ်းလျက် ရှိနေသည်။

မြူတွေကလည်း ဆိုင်းနေသည်။

တိန့်ထောက်သည် အချိန်အခါကို မတွက်ဆ မခန့်မှန်းနိုင်တော့ပါချေ။

သူသည် ခွဲတင်းပြီးသာ လျှောက်နေသည်။

သူ့စိတ်ကိုသာ အနည်းငယ် လျှော့လိုက်ပါက ပုံလျက်သား လဲကျသွားနိုင်လေသည်။

သူသည် ရပ်၍ပင် မသွားရဲချေ။ သွေးပူပူနှင့် ဆက်လျှောက်မြဲသာ လျှောက်သည်။

တိတ်ဆိတ်သော ညတွင် သူ့လက်ထဲမှတုတ်နှင့် မြေကြီးထိသံမှာ ကျယ်လောင်စွာ ပေါ်ထွက်နေသည်။

သူသည် ဝမ်ရဲ့ ရဲတိုက်နှင့် အတော်ဝေးဝေးရောက်အောင် လျှောက်လာနိုင်ခဲ့သည်။

မြို့ကလေးတစ်မြို့နှင့် နီးလာလောက်ပြီဟုလည်း စိတ်ထဲမှ တွက်ဆမိသည်။

သူ့အဝတ်တွေမှာ စုတ်ပြဲနေကာ တစ်ကိုယ်လုံး ဒဏ်ရာတွေ သွေးတွေနှင့် ပြည့်နေသောကြောင့် သူ့ကို လူတွေက တွေ့ကြလျှင် အနားကပ်ခံလိမ့်မည် မဟုတ်ကြောင်းလည်း စဉ်းစားမိသည်။

လူနေအိမ်ခြေများသော တစ်နေရာရာကို ရောက်လျှင်ပင် သူ့ပုံပန်းသဏ္ဌာန်နှင့် ဝင်ရမှာ ခက်နေပေမည်။

သို့သော် သူသည် လွန်စွာပင်ပန်းနွမ်းနယ်လွန်းနေပြီး ဆာလောင်မွတ်သိပ်မှုမှာ မခံမရပ်နိုင်လောက်အောင် ဖြစ်နေသည်မို့ လူနေအိမ်ခြေ တွေ့လို့ကတော့ ဘာပဲဖြစ်ဖြစ် ဝင်ရပေတော့မည်။

တစ်နေရာအရောက် သူနှင့် ခပ်လှမ်းလှမ်းတွင် မီးရောင်ကို လှမ်းမြင်လိုက်ရ၏။

တိန့်ထောက် ဝမ်းသာသွားသည်။

၎င်းမီးရောင်မှာ မြို့ပြင်တွင်ရှိသော အိမ်တစ်အိမ်ဆီမှ ထွက်ပေါ်လာခြင်း ဖြစ်ပေလိမ့်မည်ဟု တွေးမိကာ သူသည် မီးရောင်ဆီသို့ ဆက်၍လျှောက်သည်။

မီးရောင်မှာ သစ်ပင်တွေကြားမှ ပေါ်ထွက်နေခြင်း ဖြစ်သောကြောင့် ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည်။

ရေမသောက်ရသည်မှာ ကြာပြီဖြစ်၍ သူ့လည်ချောင်းတွေမှာ ခြောက်ကပ်ပူလောင်နေသည်။

တွေ့နေရသော အိမ်ထဲမှ အစားအစာကို အသနားခံ၍ တောင်းစားမည်။

ရေကို တောင်းသောက်မည်ဟု ဆုံးဖြတ်ထားသည်။

တစ်ညတာ အိပ်စက်နားနေဖို့လည်း ခွင့်တောင်းရပေလိမ့်မည်။

မီးရောင်နှင့် တစ်စတစ်စ နီးကပ်လာသောအခါ အဆောက်အအုံကို မြင်လာရပြီး မီးရောင်ပေါ်ထွက်နေသော အဆောက်အအုံများမှာ အိမ်မဟုတ်ဘဲ ဘုရားကျောင်းပျက်ကြီးတစ်ကျောင်း ဖြစ်ကြောင်း သိရတော့၏။

ဘုရားကျောင်းပျက်ကြီး ဖြစ်သော်လည်း မီးရောင်ရှိနေသဖြင့် အနည်းဆုံး ကျောင်းစောင့်တော့ ရှိရမည်ဟု တွေးမိသည်။

တိန့်ထောက် ခြေလှမ်းကို ပိုမိုသွက်သွက်လှမ်း၍ လျှောက်ခဲ့သည်။

ဘုရားကျောင်းရှေ့ တံခါးပေါက်သို့ ရောက်သောအခါ သူ၏ခြေလှမ်းများမှာ ဆက်၍ သယ်မရတော့လောက်အောင် ဖြစ်လာသည်။

သူသည် လက်ထဲမှ တုတ်ကိုသာ အားပြု၍ မရပ်ရပါက ခွေခနဲ လဲကျသွားပေတော့မည်။

သူသည် သိုင်းပညာကို လုံးလုံးမတတ်မြောက်ပါချေ။

ထို့ကြောင့် ဤမျှပင်ပန်းမှုဒဏ်၊ နာကျင်မှု ဝေဒနာကို ခံနိုင်စွမ်း မရှိခြင်းပင် ဖြစ်လေသည်။

သို့သော် သူသည် ဝမ်ရဲ့ရဲတိုက်တွင် သိုင်းသမားတွေနှင့် အတူတူ နေထိုင်ခဲ့ရသူ ဖြစ်လေ၏။

သူ့အနေနှင့် သိုင်းပညာလုံးလုံး မတတ်မြောက်သော်လည်း သူသည် သိုင်းလောကသားများအကြောင်းကို တစ်ဆင့်စကားတစ်ဆင့်နားကြား၍ သိတန်သလောက် သိထားသည်။

တိန့်ထောက်သည် တံခါးဝတွင် ရပ်တန့်ရင်း အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။

ဘုရားဆောင်ထဲတွင် ဖယောင်းတိုင် တစ်တိုင်ကိုသာ ထွန်း



ညှိထားသည်။

မှောင်ရိပ်ကျနေသည်။

ဘုရားစင်ရှေ့တွင်မူ ကျောက်စားပွဲကြီးတစ်လုံးရှိပြီး ဘုရားရှိခိုးကန်တော့ရာတွင် ဤစားပွဲကြီးပေါ်၌ သစ်သီးဝလံ အစားအစာများ တင်ကြောင်းတော့ တိန့်ထောက် သိသည်။

ခန်းမကြီးထဲတွင် လူတစ်ဦးတစ်ယောက်မှ မတွေ့ရခြင်းအတွက်တော့ တိန့်ထောက် စိတ်ပျက်အားငယ်သွားသည်။

သို့သော် ဖယောင်းတိုင်ကို မီးထွန်းထားခြင်းအတွက် မလွဲမသွေ တစ်ယောက်ယောက်တော့ ရှိနေလိမ့်မည်ဟု တွေးမိကာ အတွင်းဘက်သို့ ခြေလှမ်းဝင်လိုက်၏။

"ဘယ်သူလဲဟေ့ ...."

မေးမြန်းသံတစ်သံ ပေါ်ထွက်လာသည်။

ခန်းမဆောင်ကြီး၏ ဘယ်ဘက်နံရံရှိ တံခါးပေါက်နောက်ကွယ်မှ ထွက်ပေါ်လာသော အသံပင် ဖြစ်လေသည်။

အခန်းထဲတွင် မှောင်နှင့်မည်းမည်း ဖြစ်နေသောကြောင့် အသံရှင်ကိုတော့ မတွေ့ရချေ။

ဘုရားကျောင်းစောင့်၏အသံပင် ဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးလိုက်မိသည်။

အနည်းငယ်လည်း စိတ်အားတက်ကြွသွား၏။

"ကျွန်တော် ဒုက္ခရောက်လာလို့ပါ ခင်ဗျား .... ကျွန်တော့်ကို အစာရေစာကလေး နည်းနည်းလောက်ပေးပါ ...."

သူသည် တံခါးပေါက်ကြည့်၍သာ ပြန်ပြောသည်။

အသံက ပြန်ပေါ်လာသည်။

"တောင်းရမ်းဖို့ မင်းလာကာ ဆိုရင်တော့ နေရာမှားနေ
ကွ .... အိမ်တွေမှာ သွားတောင်းပါလား .... ဒါက ဘုရားကျောင်
အခန်းထဲမှလူက သူ့ကို သူတောင်းစားတစ်ယောက်ဟု ထ
မှတ်၍ ပြောလိုက်ခြင်းဖြစ်၏။

တိန့်ထောက်က ကမန်းကတန်း ပြန်ပြောရလေသည်။

"ကျွန်တော် သူတောင်းစားမဟုတ်ပါဘူး ခင်ဗျာ .... လ
မှာ ဒုက္ခတွေ့ပြီး အစာငတ်ရေငတ် ဖြစ်လာလို့ပါ .... "

တိန့်ထောက်၏ စကားအဆုံးတွင် မှောင်မည်းသော အခ
ထဲမှ လူတစ်ယောက် ထွက်လာသည်။

သူ့မျက်နှာက ခက်ထန်ကြမ်းကြုတ်လွန်းလှသည်။

သူ့ဝတ်စားမှု အသွင်အပြင်ကို မြင်ရုံဖြင့် ထိုလူသည် ဘုရ
ကျောင်းစောင့်မဟုတ်ကြောင်း ခန့်မှန်းလိုက်မိပါသည်။

ထိုသူ၏ မျက်လုံးတစ်လုံးမှာ ပောက်ပက်ကြီး ကန်း
သည်။

မျက်လုံးတစ်လုံးသာ အကောင်းပကတိ ရှိနေသည်။

မျက်နှာပြင်တွင် မုတ်ဆိတ်၊ ပါးမြိုင်းမွေးများလည်း ဗရပွ
နေသည်။

သူ့အသက်က ငါးဆယ်ပတ်ဝန်းကျင်ခန့်ရှိပြီး ဝတ်စုံနက်
ဝတ်ဆင်ထားလေသည်။

လွန်စွာ အရုပ်ဆိုးသူ ဖြစ်လေသည်။

သူ၏ မျက်လုံးတစ်လုံးတည်းသော အကြည့်က ကြောက်
ကောင်းလှသည်။

သူသည် တစ်လုံးတည်းသော မျက်လုံးနှင့် တိန့်ထောက်



စူးစူးရဲရဲ ကြည့်လိုက်ပြီး တင်းတင်းမာမာ ပြောသည်။

"မင်းတစ်ကိုယ်လုံးလည်း ဒဏ်ရာဒဏ်ချက်တွေ သွေးတွေနဲ့ .... မင်းဟာ လူကောင်းသူကောင်း မဟုတ်ဘူး .... "

တိန့်ထောက်က အောက်ကျို့သောလေသံဖြင့် ပြန်ရှင်းပြသည်။

"ကျွန်တော် လူကောင်းပါခင်ဗျာ .... လမ်းမှာ လူဆိုးတွေနဲ့တွေ့လို့ ရိုက်နှက်လုယက်ခြင်း ခံရတာပါ .... "

မျက်လုံးတစ်ဘက်ကန်းကြီးက မျက်နှာတစ်ချက် မဲ့လိုက်ပြီး

"မင်း မလိမ်စမ်းနဲ့ .... လူဆိုးဓားပြတွေက မင်းရဲ့ပစ္စည်းကို လုယူကြရင် ခွေးတက်ကလေးကို ဒီလောက်ဒဏ်ရာတွေရအောင် ရိုက်နှက်စရာမလိုဘူး .... "

သူသည် စကားဆုံးသည်နှင့် တိန့်ထောက်အနီးသို့ လှစ်ခနဲရောက်လာပြီး သူ၏လက်ဖြင့် တိန့်ထောက်လက်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။

"အား .... ကျွတ် ကျွတ် ကျွတ် .... "

တိန့်ထောက် မျက်နှာရှုံ့မဲ့သွားပြီး နာကျင်စွာ အော်ဟစ်လိုက်၏။

နာလွန်းသဖြင့် တောင်းပန်စကားလည်း ပြောမိသည်။

"အား နာလိုက်တာ .... လွှတ်ပါ လွှတ်ပါ .... "

ထိုအခါမှ မျက်လုံးတစ်ဘက်ကန်းကြီးက တိန့်ထောက်လက်ကို ပြန်လွှတ်ပေးလိုက်လေသည်။

"အင်း .... မင်းက သိုင်းပညာ မတတ်ဘဲကိုး .... "

"ဟုတ် ဟုတ်ကဲ့ .... သိုင်းပညာ ကျွန်တော် မတတ်ပါဘူး"

"သွားတော့ကွာ သွားတော့ .... မင်းကို ပေးစရာ ကျွေးစရ ဘာမှ မရှိဘူး .... ပြန်ထွက်သွား .... "

ထိုလူက တင်းတင်းမာမာ နှင်လွှတ်နေလေပြီ။

တိန့်ထောက်က တောင်းပန်စကား ပြောရသည်။

"ဦးကြီးရယ် .... ကျွေးစရာမရှိလည်း ရေတစ်ခွက်လော တော့ တိုက်ပါခင်ဗျာ .... ပြီးတော့ ဒီတစ်ညလည်း ဒီမှာနားနေအိ စက်ခွင့်ပြုပါ .... ကျွန်တော် လမ်းဆက်ပြီး မလျှောက်နိုင်လို့ပါ ...."

မျက်လုံးတစ်ဘက်ကန်းကြီးက ခေါင်းကို သွက်သွက်ခါယမ် ရင်းက ....

"ဟေ့ ရေလည်းမရှိဘူး .... ဘာမှလည်း မရဘူး .... ဆက် နေရင် မင်း အသားနာရုံပဲရှိမယ် .... ခုချက်ချင်း ထွက်သွားစမ်း"

ထိုလူကြီး၏ ပုံပန်းသဏ္ဌာန်က ပြောလျှင် ပြောသလိုလုပ် တတ်ကြောင်း တိန့်ထောက် အကဲခတ်မိသဖြင့် ထပ်၍တောင်းပ စကား မပြောရဲတော့ပါချေ။



စောစောက ထိုလူကြီး၏ ချုပ်ကိုင်ခြင်းကို ခံရသည်ကပင် အသည်းနိုက်မျှ နာကျင်ခဲ့ရသည်။

ထပ်ပြီး နှိပ်စက်မှုကို မခံလိုတော့ချေ။

တိန့်ထောက်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး တံခါး ပေါက်ဆီသို့ ပြန်လှည့်ရန် ကိုယ်ကိုလှည့်လိုက်သည်။

"ဘယ်သူလဲဟေ့ လောင်တု .... "

အတွင်းခန်းဆီမှ မေးမြန်းလိုက်သော အသံတစ်သံ ပေါ်ထွက် လာသည်။

အသံမှာ အောင်မြင်ခန့်ညားခြင်း ရှိလှသည်။ အားမာန်အပြည့် ပါသည်။

ထိုအခါ လောင်တုဆိုသော မျက်စိတစ်ဘက်ကန်းကြီးက အသံထွက်ပေါ်လာရာ အခန်းပေါက်ဆီသို့ လှည့်ကြည့်လိုက်ပြီး ကမန်း ကတန်း ပြန်ပြောသည်။

သူ့အသံက ရိုသေကျိုးနွံမှု ပါနေသည်။

"အစားအစာ လာတောင်းတဲ့ ကောင်လေးတစ်ယောက်ပါ သခင်ကြီး .... ကျွန်တော် မောင်းထုတ်နေတာပါ .... "

"သူက ဘယ်သူလဲ .... သိုင်းသမားတစ်ယောက်လား"

"သိုင်းသမားတစ်ယောက်တော့ မဟုတ်ပါဘူး .... သိုင်းပညာ

လုံးလုံးမတတ်ပါဘူး .... ”

“သေချာရဲ့လား လောင်တု .... ”

“သေချာပါတယ် သခင်ကြီး .... ကျွန်တော်ကိုယ်တိုင် ဆေးကြည့်ပြီးပါပြီ .... ”

“သူ့ကို မသွားစေနဲ့ဦး .... ငါ့ဆီ ခေါ်လာခဲ့စမ်း .... ငါ ကြ ဦးမယ် .... ”

ခြေသုံးလေးလှမ်း လှမ်းပြီးနေသော တိန့်ထောက်သည် ဆက်မလှမ်းသေးဘဲ အခန်းထဲမှ သခင်ကြီးဆိုသူနှင့် မျက်စိတစ်သ ကန်းကြီး လောင်တုတို့ အပြန်အလှန် ပြောဆိုနေကြသည်ကို နား ထောင်နေမိ၏။

စကားဆုံးသည်နှင့် လောင်တုသည် တိန့်ထောက်ရှေ့ကို ခနဲ ရောက်လာလေသည်။

“ဟေ့ကောင်လေး .... ငါနဲ့ လိုက်ခဲ့စမ်း .... ”

လောင်တုက တင်းမာစွာ ခေါ်နေတော့ တိန့်ထောက် မ ကျင်ရဲပါချေ။

လောင်တု ဆွဲခေါ်ရာသို့ တိန့်ထောက် ပါလာခဲ့လေသ သူတို့နှစ်ဦးသား မှောင်မည်းသော အခန်းတစ်ခန်းထဲသို့ ရောက် ကြသည်။

ပိန်းပိတ်အောင် မှောင်နေသဖြင့် တိန့်ထောက်သည် ဘာ မမြင်ရချေ။

လောင်တုက မီးကိုခတ်လိုက်ပြီး ဖယောင်းတိုင်တစ်တို ထွန်းညှိလိုက်၏။

မီးရောင် ထိန်လင်းသွားသည်။



သူသည် ဖယောင်းတိုင်ကို စားပွဲလေးတစ်လုံးပေါ်တွင် သွား တင်လိုက်၏။

ထိုအခါမှ တိန့်ထောက်သည် စားပွဲကလေးနောက်ဘက်တွင် ရှိနေသော ခေါင်းတလားကြီးတစ်လုံးကို မြင်ရလေသည်။

အခန်းမှာ အတော်ကလေး ကျယ်ဝန်းသော်လည်း အခန်းထဲ တွင် မည်သည့်ပစ္စည်းမှမရှိဘဲ စားပွဲငယ်တစ်လုံးနှင့် ခေါင်းတလားကြီး တစ်လုံးသာ ရှိနေလေသည်။

သခင်ကြီးဆိုသူကို တိန့်ထောက် မျက်လုံးဝေ့ကြည့်သေး သော်လည်း မတွေ့ပါချေ။

သူတို့ဝင်သော အပေါက်တစ်ပေါက်မှလွဲပြီး အခြားတံခါး ပေါက်လည်း မရှိချေ။

လောင်တုနှင့် တိန့်ထောက်တို့မှာ ခေါင်းတလားကြီး
မလှမ်းမကမ်းတွင် ရပ်နေကြခြင်း ဖြစ်၏။

ခေါင်းတလားကြီးမှာ ကြီးမားလှပြီး အနီရောင်တောက်
သည်။

တိန့်ထောက်တို့ ဟိုသည်ကြည့်နေစဉ်မှာပင် ဆရာကြီးဆို
၏ အမိန့်သံ ထပ်မံပြီးပေါ်ထွက်လာပြန်သည်။

"လောင်တု .... သူ့ကို မင်းလက်ဝါးစောင်းနဲ့ ခုတ်သတ်လို
စမ်း .... "

သခင်ကြီး၏အသံမှာ လိုဏ်ခေါင်းသံပါပြီး မည်သည့်အရပ်
ပေါ်ထွက်လာခြင်းဖြစ်ကြောင်း တိန့်ထောက် မခန့်မှန်းတတ်ပါချေ

သူသည် သခင်ကြီး၏ အမိန့်စကားကြောင့် ထိတ်ခနဲ ဖြ
သွားသည်။

လောင်တု၏ လက်ဝါးစောင်းရိုက်ချက်ကလည်း တိန့်ထော
၏ လည်မျိုဆီသို့ အရှိန်အဟုန်ပြင်းစွာ ကျရောက်လာသည်။

သွက်လက်မြန်ဆန်၍ တိကျလွန်းလှသော လက်ဝါးစော
ရိုက်ချက်ကို သူသည် လုံးဝ မရှောင်တိမ်းတတ်ပါချေ။

သူသည် သိုင်းပညာ လုံးဝ တတ်မြောက်မထားသဖြင့် ငို
ဆိုးလေသည်။



သို့သော် သူ့ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က နောက်သို့
တွန်းလိုက်သကဲ့သို့ ခံစားလိုက်ရ၏။

သူ့ကိုယ် အနောက်သို့ လန်ကျသွားသည်။

လောင်တု၏ လက်ဝါးစောင်းရိုက်ချက်က သူ့လည်မျိုကို
မရိုက်မိတော့ဘဲ လေကိုသာ ရိုက်မိသွားသည်။

တိန့်ထောက် ထိုသို့ ဖြစ်သွားသည်ကို လောင်တု မအံ့ဩပါ
ချေ။

သူ့ရိုက်ချက်ကို တိန့်ထောက်က ရှောင်တိမ်းလိုက်ခြင်း
မဟုတ်ဘဲ မမြင်ရသော အင်အားတစ်ခုက တိန့်ထောက် ရင်ဘတ်ကို
တွန်းလိုက်ခြင်းကြောင့်ဖြစ်ကြောင်း လောင်တု သိလိုက်၏။

တိန့်ထောက် လဲကျသွားပြီး သူ့လက်ထဲမှ တုတ်ကလည်း
လွတ်ကျ လွင့်စဉ်သွားသည်။

လောင်တုသည် တိန့်ထောက်ကို ဆက်၍ မတိုက်တော့ဘဲ
လက်နှစ်ဖက်ကို ဘေးသို့ချကာ ရပ်နေသည်။

သခင်ကြီး၏ အမိန့်ပေးသံက ထပ်မံပြီး ပေါ်ထွက်လာပြန်
သည်။

"ဟုတ်တယ် လောင်တု .... ဒီကောင်လေးဟာ သိုင်းပညာ
လုံးလုံးမတတ်ဘူး .... ကောင်းတယ် သိပ်ကောင်းတယ် .... သူဟာ
ဘာမှမရောသေးတဲ့ ရွှေစင်အစစ်လိုပဲ .... ငါလိုချင်တာ သူလိုလူမျိုး
ပဲ .... သူ့ကိုခေါ်သွားပြီး ကောင်းကောင်းမွန်မွန် ကျွေးမွေးထား
လောင်တု .... နောက်သုံးရက်ကြာရင် ငါ့ဆီကို ပြန်ခေါ်လာခဲ့ .... "

"ဟုတ်ကဲ့ သခင်ကြီး .... "

တိန့်ထောက်သည် သခင်ကြီး၏ အသံပေါ်လာရာအရပ်ကို

ခန့်မှန်းကြည့်သော်လည်း နံရံဆီမှလိုလို၊ အောက်ဘက်မှလိုလို၊ မိုးပေါ်မှလိုလို မရေမရာဖြင့် ခန့်မှန်းရ ခက်နေသည်။

လောင်တုသည် လဲကျနေသော တိန့်ထောက်ကို အ အယာ ဆွဲထူသည်။

သူသည် လောင်တုကို လှိုက်လှိုက်လှဲလှဲ ပြုံးပြသည်။

သူ့မျက်နှာက လုံးဝ တင်းမာခက်ထန်ခြင်း မရှိတော့

"လာဟေ့ .... သခင်ကြီးက မင်းကို ကောင်းကောင်းမွ ထားဖို့ အမိန့်ပေးလိုက်ပြီ .... မင်း သိပ်ကံကောင်းတဲ့ ကောင်လေ ငါနဲ့သာ လိုက်ခဲ့ပေတော့ .... "

လောင်တုက ပြောပြောဆိုဆို တိန့်ထောက်ကို အခန်း ခေါ်ထုတ်လာခဲ့လေသည်။

## အခန်း (၄)

## ကြောက်စရာ အဖွဲ့စည်းကမ်း

တခြား အခန်းတစ်ခန်းထဲသို့ တိန့်ထောက် ရောက်လာသည်။ ထိုအခန်းထဲတွင် စားပွဲတစ်လုံး ခုံတစ်လုံးနှင့် အသင့်ခင်းထားသော အိပ်ရာတစ်ခု ရှိနေသည်။

လောင်တု၏အိပ်ခန်း ဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိသည်။

ခုံတွင် တိန့်ထောက်ကို ထိုင်စေပြီး အခန်းပြင်ကို လောင်တု ပြန်ထွက်သွားသည်။

တိန့်ထောက်သည် ရုတ်ခြည်းပြောင်းလဲသွားသော သူ၏ အခြေအနေကို သူ အံ့သြနေသည်။

လောင်တုသည် သူ့ကိုတွေ့တွေ့ချင်း နှင်ထုတ်ခဲ့သည်။

သူသည် မှောင်ကြီးမည်းကြီးထဲတွင် အာဟာရပြတ်ပြီး လဲကျသေဆုံးရမည့်ကိန်း ဆိုက်သွားရသည်။

သို့သော် သခင်ကြီးဆိုသူ၏ အမိန့်ကြောင့် ခေါင်းသေတ္တာ အနီးရှိသော အခန်းထဲသို့ သူ ရောက်သွားသည်။

သခင်ကြီး၏အမိန့်ဖြင့် လောင်တုသည် သူ့ကို အသေ သတ်ပြန်၏။

သို့သော် တစ်ဦးတစ်ယောက်က သူ့ကို တွန်းလိုက်သ ခံစားလိုက်ရပြီး သူသည် သေဘေးမှ လွတ်ခဲ့ရပြန်သည်။

ယခုတော့ တစ်ချိန်လုံး သူ့ကို တင်းတင်းမာမာ ဆက်ဆံ သော လောင်တုသည် သူ့ကို ကောင်းမွန်စွာ ဆက်ဆံနေလေပြီ။

အစားအသောက်များ သွားယူဦးမည်ဟုဆိုကာ ထွက်သွ သည်။

ဘာတွေဖြစ်ကုန်ပြီလဲဟူ၍ တိန့်ထောက် မစဉ်းစားတ တော့ချေ။

လောလောဆယ် သူသည် အစားအစာ စားသောက်၍ အိ စက်အနားယူလိုစိတ်သာ ရှိနေသည်။

စိတ်ပန်းလူပန်း ဖြစ်နေသောကြောင့် ဘာကိုမျှလည်း မစဉ်း စားချင်ပေ။

လင်ဗန်းတစ်ချပ်ကိုမ,ပြီး အခန်းထဲသို့ လောင်တု ပြန်၍ ဝင် လာသည်။

လင်ဗန်းထဲတွင် ဆိတ်သားခြောက် တစ်ပန်းကန်၊ ရေတစ် ကရား၊ အရက်အိုးလေး တစ်အိုး ပါလာသည်။

သူသည် လင်ဗန်းကို စားပွဲပေါ် ချလိုက်ပြီးနောက် ....

"ကိုင်းဟေ့ .... မင်း ကြိုက်သလောက်သာ စားပေ သောက် ပေတော့ .... အရက်လည်းသောက်၊ ပြီးမှ မင်းဒဏ်ရာတွေကို ငါ ကြည့် ဦးမယ် .... "

တိန့်ထောက်က အရက်အိုးကို တစ်ချက်ကြည့်ပြီး ....



"ကျွန်တော် အရက်မသောက်တတ်ဘူး .... "

"မသောက်တတ်ပေမယ့် နည်းနည်းတော့ သောက် .... မင်း ဒဏ်ရာတွေ သက်သာအောင် ငါက ဆေးဖြစ်ဝါးဖြစ် သောက်နိုင်းတာ"

တိန့်ထောက် ဘာမှပြန်မပြောတော့ချေ။

ဦးစွာ ရေကို တဂွပ်ဂွပ်နှင့် မော့သောက်သည်။

ပြီးတော့ လောင်တု ထည့်ပေးသော အရက်အနည်းငယ်ကို သောက်သည်။

ပြီးမှ ဆိတ်သားခြောက်ကို အားပါးတရ စားသည်။ လွန်စွာ ဆာလောင်နေချိန်ဖြစ်၍ သူ့တစ်သက် စားသောက်ခဲ့ရသမျှသော အစားအသောက်များထဲတွင် ယခု စားသောက်ရခြင်းမှာ အကောင်းဆုံး ဟူ၍ပင် တိန့်ထောက် ထင်မှတ်မိလေသည်။

လောင်တုက ဘာမှမပြောဘဲ တိန့်ထောက် စားသောက်နေသည်ကို ဘေးမှပင် အသာကြည့်နေသည်။

ခဏနှင့် ပန်းကန်ထဲမှ ဆိတ်သားခြောက်များ အားလုံးကုန် သွားသည်။

တိန့်ထောက် မဝသေးသော်လည်း အတော်ကလေး နေသာ ထိုင်သာ ရှိသွားပြီဖြစ်သဖြင့် လောင်တုထံ ထပ်၍မတောင်းတော့ချေ။ သူ့အပေါ် စေတနာမဲ့သွားမှာလည်း စိုးရိမ်လေသည်။

တိန့်ထောက် စားသောက်၍ ပြီးသွားတော့မှ လောင်တုသည် အိပ်ရာကို လက်ညှိုးထိုးပြီး ပြောလိုက်၏။

"အိပ်ရာပေါ်မှာ သွားထိုင်တော့ .... "

တိန့်ထောက်လည်း မေးမြန်း ပြောဆိုမနေတော့ဘဲ အိပ်ရာ ပေါ်တွင် အသာအယာ သွားထိုင်သည်။

ယခုမှ သူသည် သခင်ကြီးဆိုသူ၏အကြောင်းကို သိလို
သဖြင့် လောင်တုကို မေးမြန်းမိသည်။

"ဦးကြီး လောင်တု .... သခင်ကြီးဆိုတာ ဘယ်သူလဲ ...

"ငါ့ရဲ့သခင်ကြီးပဲပေါ့ .... "

လောင်တုက ဤအကြောင်းကို မပြောလိုဟန်ဖြင့် ခပ်တိုး
ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။

တန့်ထောက်လည်း လောင်တု စိတ်ငြိုငြင်အောင် မလု
သဖြင့် ဆက်မမေးတော့ဘဲ ငြိမ်နေလိုက်ရ၏။

လောင်တုက နံရံကပ်ဗီရိုကိုဖွင့်လိုက်ပြီး အထဲမှကြေ
ကလေးတစ်လုံးကို ထုတ်ယူသည်။ ပြီးမှ တိန့်ထောက်ထံသို့ လာသ

"မင်းကိုယ်က အဝတ်တွေအားလုံးချွတ်ပြီး အိပ်ရာပေါ်
လှဲနေလိုက်၊ မင်းရဲ့ဒဏ်ရာတွေကို ငါ ဆေးထည့်ပေးမယ် .... "

အဝတ်တွေ အကုန်လုံးချွတ်ရမည်ဆိုသည့်အတွက် 
ထောက် ခပ်တွန့်တွန့်ဖြစ်နေသည်။

လောင်တုက စိတ်မရှည်ဖြစ်လာပြီး ထပ်ပြောသည်။

"ရှက်မနေစမ်းပါနဲ့ .... မင်း ခုမှ လူဖြစ်မယ် ကြံသေ
ချာတိတ်ရှိပါသေးတယ် .... ပြီးတော့ .... ဒီမှာ ငါတစ်ယောက်တည်
ရှိတာ .... မြန်မြန်ချွတ် .... "

ထိုအခါမှ တိန့်ထောက်လည်း တုံ့ဆိုင်းတွေဝေမနေရဲ
ဘဲ သူ့ကိုယ်ပေါ်မှအဝတ်များကို ချွတ်လိုက်ပြီး အိပ်ရာပေါ်လှဲချ
၏။

လောင်တုက ဒဏ်ရာများကိုကြည့်ပြီး ....

"မင်း ဒဏ်ရာတွေကို ဆေးထည့်ခဲ့သေးတာကိုး .... "



"ဟုတ်ကဲ့ .... "

တိန့်ထောက်ကလည်း ခပ်တိုတိုပင် ပြန်ဖြေသည်။

လောင်တုလည်း ဘာမှထပ်မပြောတော့ဘဲ တိန့်ထောက်
တစ်ကိုယ်လုံးမှ ဒဏ်ရာများကို ကြွေအိုးကြီးထဲမှ ဆေးမှုန့်များသိပ်ပေး
သည်။

ပြီးမှ တိန့်ထောက်တစ်ကိုယ်လုံးမှ သွေးကြောများကို
လက်ညှိုးဖြင့်ထောက်၍ နှိပ်ပေးပြန်သည်။

ထိုသို့ နှိပ်ပေးနေရင်းမှ လောင်တုက ပြောသည်။

"မင်းကို ငါ့ရဲ့သခင်ကြီးက သဘောကျသွားတယ်၊ ဒါကြောင့်
မင်းကို သူ့တပည့်အဖြစ် ပညာသင်ပေးမလို့ ခေးထားခိုင်းလိုက်တာပဲ၊
သခင်ကြီးဆီက ပညာရလို့ကတော့ မင်းဟာ ထိပ်တန်းသိုင်းသမား
ကောင်းတစ်ယောက် ဖြစ်သွားမှာပဲ မင်းအတွက်ဝမ်းသာစရာပဲ .... "

ထိုစကားကိုကြားရသော်အခါမှ တိန့်ထောက်သည် သူ့ကို
ခေါ်ထားခြင်း၏ရည်ရွယ်ချက်ကို သိပြီး ဝမ်းသာသွားလေသည်။

သခင်ကြီးဆိုသူကို သူ မမြင်ဖူးသေးသော်လည်း လောင်တုလို
လူမျိုးက ရိုသေလေးစားစွာ ဆက်ဆံနေရခြင်းကို ထောက်ချင့်၍ သခင်
ကြီး၏ သိုင်းပညာမှာ မည်မျှအထိ မြင့်မားသည်ကို တိန့်ထောက် တွက်
ဆမိလေသည်။

စောစောက လောင်တု၏ရိုက်ချက်ကို လွတ်မြောက်နိုင်စေ
ရန် အဝေးမှ လေလှိုင်းအားဖြင့် သူ့ရင်ဝကို တွန်းလိုက်သူမှာလည်း
သခင်ကြီးဆိုသူပင် ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

တိန့်တောက်ကိုယ်တိုင်လည်း အဆင့်မြင့်သိုင်းသမားတစ်
ယောက် ဖြစ်ချင်နေသည်။

ဒါမှသာ သူ့ဘဝ၏ဇစ်မြစ်ကို စုံစမ်းနိုင်တော့မည် ဖြစ်၏။

ဝမ်ရဲ့ ရဲတိုက်သို့ ပြန်သွားနိုင်လိမ့်မည် ဖြစ်၏။

လောင်တုက ဆက်ပြောသည်။

"မင်းသာ ပညာကို ကြိုးစားသင် .... သခင်ကြီးက မင်း‌ကို သူ တတ်ကျွမ်းထားသမျှ သိုင်းပညာအမွေအနှစ်တွေကို အကုန်ရုံ သင်ပေးလိမ့်မယ် .... "

"သခင်ကြီး ဘယ်သူလဲ .... နာမည်ဘယ်လိုခေါ်သလဲ"

"နောက် သုံးရက်ကြာရင် သခင်ကြီးနဲ့မင်းနဲ့ စကားပြောရ‌ိုး မှာပဲ .... နောက်တော့ မင်း သိပါလိမ့်မယ် .... ကိုင်း .... ဒီအိပ်ရာမှ ပဲ အားရှိသွားအောင် မင်း အိပ်လိုက်ပေတော့ .... "

လောင်တုက စကားဖြတ်လိုက်ပြီး ဖျတ်ခနဲထကာ အခန်း အပြင်ဘက်ကို ထွက်သွားသည်။

တိန့်ထောက်လည်း အနားယူ အိပ်စက်လိုပြီ ဖြစ်သည်။

သူ့ဝမ်းဗိုက်လည်း ပြည့်သွားကာ ဒဏ်ရာများမှာ နာကျင် လည်း အတော်ကလေး သက်သာနေပြီ ဖြစ်၏။

ထို့ကြောင့် သူသည် မျက်လုံးကိုမှိတ်လိုက်သည်နှင့် နှစ်နှ ခြိုက်ခြိုက် အိပ်မောကျသွားလေတော့၏။



တိန့်တောက်မှာ သုံးရက်လုံးလုံး အိပ်လိုက် စားလိုက်နှင့် ကောင်းစွာ အနားယူနေရသဖြင့် အတော်ကလေး အင်အားပြည့်ဖြိုး လာသည်။

ဒဏ်ရာများလည်း အတော်ကလေး ပျောက်ကင်းသွားပြီ ဖြစ် ၏။

သုံးရက်မြောက်သောနံနက်တွင် လောင်တုသည် တိန့် ထောက်ကို ရေမျိုးချိုးစေသည်။ ပြီးနောက် အနီရောင်ဝတ်စုံတစ်စုံကို ဝတ်စေသည်။

တိန့်ထောက်သည် သုံးရက်လုံးလုံး သခင်ကြီးဆိုသူနှင့် ထပ်မံ စကားပြောဆိုရခြင်း မရှိချေ။

မျက်လုံးတစ်ဖက်ကန်းကြီး လောင်တုသည် တိန့်ထောက် အား မနက်စာ ကျွေးပြီးနောက် ခေါင်းသေဗွာအနီကြီးထားသည့် အခန်းကျယ်ကြီးထဲသို့ ခေါင်းဆောင်လာခဲ့သည်။

၎င်း အခန်းကျယ်ကြီးမှာ လွန်ခဲ့သည့်သုံးရက်က တိန့်ထောက် ရောက်လာခဲ့စဉ်က မြင်ကွင်းအတိုင်း ပုံစံမပျက် ရှိနေသည်။

စားပွဲလေးပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းထားသည်။

အပြင်ဘက်မှ နေရောင်လည်း အခန်းထဲသို့ ဝင်နေသည်။

ပထမ တိန့်ထောက်ရောက်လာခဲ့စဉ်က မြင်ကွင်းအတိုင်း ပုံစံမပျ
ရှိနေသည်။

သခင်ကြီးဆိုသူကိုမူ မတွေ့ရပါချေ။

ထိုစဉ် မျက်နှာကျက်မှလိုလို နံရံမှလိုလို၊ မြေအောက်ခ
လိုလို လိုဏ်ခေါင်းသံပါသော သခင်ကြီး၏အသံ ပေါ်ထွက်လာ
သည်။

"ကောင်လေး မင်းနာမည် ဘယ်လိုခေါ်သလဲ ....!"

ပထမတော့ တိန့်ထောက်ကြောင်နေပြီး ပြန်မဖြေမိ။

ဘေးနားတွင်ရပ်နေသော လောင်တုက ပြန်ဖြေရန်မျက
ပစ်ပြတော့မှ တိန့်ထောက်လည်း သတိရကာ ပြန်ဖြေသည်။

"ကျွန်တော့်နာမည် တိန့်ထောက်ပါ ဆရာကြီး ...."

သူ့ကို ပညာသင်ပေးမည့် ဆရာတစ်ဆူအနေဖြင့် သူသည်
သေသေ ပြန်ပြောလိုက်ခြင်း ဖြစ်၏။

သခင်ကြီး၏အသံ ပြန်ပေါ်လာသည်။

"တိန့်ထောက်က ငါ့ကို ဆရာကြီးလို့ မခေါ်နဲ့ဦး .... မင်း
ငါ့ရဲ့တပည့်အဖြစ်မှ လက်မခံရသေးဘဲ ...."

တိန့်ထောက် ဘာမှပြန်မပြောတော့ဘဲ ခေါင်းငုံ့ပြီး ငြိမ်
လိုက်၏။ သခင်ကြီး၏ မေးမြန်းသံက ဆက်၍ပေါ်လာ၏။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ ...."

"ဆယ့်ခုနစ်နှစ်ရှိပါပြီ ခင်ဗျား ...."

တိန့်ထောက်က ဆရာကြီးဟု မခေါ်ရဲတော့ချေ။

"မင်းရဲ့မျိုးရိုးဇာစ်မြစ်ကို ပြောစမ်း ...."

"ကျွန်တော်ရဲ့မျိုးရိုးဇာစ်မြစ်ကို မသိပါဘူး .... ကျွန်တော်



မိဘနှစ်ပါးစလုံးလည်း မရှိတော့ပါ .... ဆွေမျိုးသားချင်းလည်း တစ်
ယောက်မှ မရှိတော့ပါဘူး .... ကျွန်တော်ဟာ တစ်ကောင်ကြွက်ပါ"

သခင်ကြီးထံမှ အသံ ပြန်ထွက်မလာဘဲ အတန်ကြာအောင်
တိတ်သွား၏။

ခဏနေမှ အသံပေါ်လာပြန်သည်။

"မင်းကို ငါ့ရဲ့သိုင်းပညာအမွေအနှစ် ဆက်ခံမယ့် တပည့်ရင်း
တစ်ယောက်အဖြစ် မွေးချင်တယ် .... မင်း သဘောတူရဲ့လား ...."

တိန့်ထောက်က ကြိုတင်စဉ်းစားဆုံးဖြတ်ထားပြီးဖြစ်၍ တွေ
ဝေမနေဘဲ ချက်ချင်းပြန်ဖြေသည်။

"ဟုတ်ကဲ့ ခင်ဗျာ .... ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့
သဘောတူပါတယ် ...."

"အိမ်း .... ကောင်းပြီ .... ဒါပေမယ့် ငါ့ရဲ့တပည့်အဖြစ် ပညာ
အမွေအနှစ်ကို ဆက်ခံသင်ကြားတော့မယ်ဆိုရင် ငါ့ရဲ့စည်းကမ်းချက်
ကို လိုက်နာရမယ် ...."

"ဘယ်လိုစည်းကမ်းချက်မျိုးတွေပါလဲ ခင်ဗျာ ...."

"စည်းကမ်းချက် တစ်ချက်တည်းပါ ...."

"အမိန့်ရှိပါ ခင်ဗျာ ...."

"စည်းကမ်းချက်ကတော့ မင်းဟာ ငါ့ရဲ့တပည့်ရင်းအဖြစ်နဲ့
ပညာအမွေအနှစ်ကို ယူတော့မယ်ဆိုရင် မင်းရဲ့ခန္ဓာကိုယ်အစိတ်အပိုင်း
ငါးခုက ကြိုက်နှစ်သက်ရာတစ်ခုကို ဖျက်ဆီးဖြတ်တောက်ပစ်ရမယ်"

"ခင်ဗျား .... ဘာကိုဆိုတာလဲ ...."

တိန့်ထောက်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ကတိုက်
ကရိုက် ပြန်မေးသည်။

သခင်ကြီးအသံ ပေါ်လာသည်။

"ခြေတစ်ဖက် လက်တစ်ဖက် ဒါမှမဟုတ် မျက်စိတစ်ဖ
နားရွက်တစ်ဖက်၊ ဒါမှမဟုတ် နှာခေါင်း၊ မင်းကြိုက်နှစ်သက်ရာတစ်ခု
ကို မင်းကိုယ်တိုင် ဖျက်ဆီးပစ်ရမယ် .... လောင်တုက သူ့မျက်လုံးတ
ဖက်ကို သူကိုယ်တိုင် ဖျက်ဆီးခဲ့သလိုပေါ့ကွာ .... "

"ခင်ဗျာ .... "

တိန့်ထောက် တစ်ကိုယ်လုံး တုန်လှုပ်သွားပြီး မျက်လုံးအပြ
သားလည်း ဖြစ်သွားလေတော့၏။

အခန်း(၅)

## ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားငါးယောက်

တိန့်ထောက် နဖူးပြင်တွင် ချွေးတွေစို့လာသည်။
တစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းသွားသည်။
သူသည် ဘာစကားမှပင် ပြန်မပြောနိုင်တော့ချေ။

"ဘယ့်နှယ်လဲဟေ့ .... ငါပြောတာ ကြားရဲ့လား .... "

"ဟုတ် .... ဟုတ်ကဲ့ .... ကြား ကြားပါတယ် .... "

တိန့်ထောက်က တုန်တုန်ယင်ယင်နှင့် ပြန်ဖြေသည်။

"ငါပြောသလို မင်း လုပ်နိုင်ပါ့မလား .... တိန့်ထောက်"

တိန့်ထောက် ဇွတ်မှိတ်ပြီး ပြန်ပြောလိုက်သည်။

"ကျွန်တော် ကျွန်တော့်အနေနဲ့ သိုင်းပညာကိုတော့ သိပ်ပြီး
သင်ချင်ပါတယ် .... တတ်မြောက်ချင်ပါတယ် .... ဒါပေမယ့် အခုလို
ကိုယ်အင်္ဂါတစ်ခုခုကို ဖျက်ဆီးပြီးမှ သိုင်းပညာသင်ရမယ်ဆိုတာတော့
ကျွန်တော် မလုပ်ချင်ပါဘူး .... "

"ဒါကတော့ ငါ့တပည့်ဖြစ်ဖို့အတွက် ငါ သတ်မှတ်ထားတဲ့
စည်းကမ်းချက်ကို လိုက်နာရမှာပဲ .... ငါ့ဆီကသာ ပညာအမွေကိုရရင်

တစ်နေ့မှာ မင်းဟာ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက်ဖြစ်
မှာ သေချာတယ် .... မင်း စဉ်းစားကြည့်စမ်းပါဦး .... "

တိန့်ထောက်သည် အနည်းငယ်စဉ်းစားလိုက်သည်။ သူသ
ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လိုပါသော်လည်း ဤသို့
စည်းကမ်းချက်မျိုးကို မလိုက်နာနိုင်ပါချေ။

"ကိစ္စမရှိပါဘူး .... ဒီစည်းကမ်းချက်ကို လိုက်နာမှ သိုင်းပ
ကို သင်ရမယ်ဆိုရင် ကျွန်တော် မသင်ချင်တော့ပါဘူး .... "

သခင်ကြီး၏အသံက တင်းမာပြတ်သားစွာ ပေါ်လာသ

"အေး .... ခုချိန်မှာ မင်းအတွက် လမ်းနှစ်လမ်းပဲ ရွေး
တယ် .... တစ်လမ်းက ငါ့စည်းကမ်းချက်ကို လိုက်နာပြီး .... ငါ့တ
အဖြစ် ခံယူမလား .... နောက်တစ်လမ်းက ငါ့စည်းကမ်းချက်အ
မလုပ်နိုင်ဘူးဆိုရင် မင်းအတွက် သေလမ်းပဲရှိတယ် .... "

တိန့်ထောက် ဟုန်လှုပ်ချောက်ချားသွားသည်။ ရင်ထဲ
လည်း တဒိန်းဒိန်း ခုန်သွားသည်။

သူသည် သေဘေးမှ သီသီကလေး လွတ်မြောက်လာ
ယခုအခါ ကံကောင်းပြီဟု ထင်မှတ်ထားသည်။

ယခုတော့ သေဖို့အကြောင်းက ဖန်တီးလာခဲ့ ပြန်လေသ

အသက်ရှင်လျက်နှင့်တော့ ကိုယ်အင်္ဂါတစ်ခုခု ချွတ်ယွ
မည်ကို မလိုလားချေ။

သူသည် ပြန်ဖြေရခက်နေ၏။

သခင်ကြီး၏ မေးမြန်းချက် ပေါ်လာပြန်သည်။

"ဘယ့်နှယ်လဲဟေ့ .... ငါပြောတဲ့လမ်းနှစ်လမ်းအနက်
ဘယ်လမ်းကို မင်း ရွေးမလဲ .... "



မထူးတော့ပြီမို့ တိန့်ထောက်က ဇွတ်မှိတ်ပြန်ပြောမိတော့
၏။

"အသက်ရှင်လျက်နဲ့ ကိုယ်အင်္ဂါချွတ်ယွင်းတဲ့သူ မဖြစ်ချင်ဘူး"

"ဒါဆိုရင် မင်းက အသေပဲခံတော့မယ်လို့ပေါ့ .... ကောင်းပြီ"

တိန့်ထောက် ထိတ်လန့်တုန်လှုပ်စွာ နောက်သို့ခြေသုံးလှမ်း
ဆက်တိုက် ဆုတ်လိုက်သည်။

"ဟား .... ဟား .... ဟား .... မင်းက ထွက်ပြေးမယ်ပေါ့
ဟုတ်လား .... "

သခင်ကြီးထံမှ စကားသံနှင့်အတူ လောင်တုကတိန့်ထောက်
ကို ဖမ်းချုပ်ကိုင်ရန် ဟန်ပြင်လိုက်သည်။

တိန့်ထောက် ကမန်းကတန်း ဆုတ်လိုက်သဖြင့် ဖင်ထိုင်
လျက် လဲကျသွား၏။

"ဟင်း .... ဟင်း .... ဟင်း"

ထိုစဉ် အခန်းတံခါးပေါက်ဆီမှ အေးစက်စက် ရယ်မောလိုက်
သည့် အသံတစ်သံ ပေးထွက်လာသည်။

တိန့်ထောက်အားဖမ်းချုပ်ရန် လက်ရွယ်နေသော လောင်တု
သည် တန့်ခနဲရပ်သွားပြီး တံခါးပေါက်သို့ကြည့်ကာ ဒေါသသံဖြင့် မေး
မြန်းလိုက်သည်။

"ဘယ်သူလဲ .... "

တိန့်ထောက်လည်း တံခါးပေါက်ဆီ ဖျတ်ခနဲလှည့်ကြည့်မိ
သည်။

တံခါးပေါက်ဝတွင် သီလရှင်ကြီးတစ်ပါးရပ်နေသည်ကို တွေ့ရ
လေသည်။

သီလရှင်ကြီး၏ အသက်မှာ လေးဆယ်ရွယ်ခန့်ဟု ခန့်
ပြီး လက်ထဲတွင် မြင်းမြီးနှင့်လုပ်ထားသောသားမြီးယပ်ကြီးတစ်
ကို ကိုင်ထားသည်။

သူမ၏မျက်နှာမှာ နုနယ်သော်လည်း အေးစက်တင်းမာ
လှသည်။

"မျက်နှာအေး သီလရှင်"

လောင်တုက သီလရှင်ကြီးကို ထိတ်လန့်ကြောက်ရွံ့
မျက်လုံးဖြင့်ကြည့်ကာ ချောက်ချားစွာ ရေရွတ်လိုက်တော့သည်



လောင်တုလိုလူမျိုးက လွန်စွာထိတ်လန့်ကြောက်ရွံ့ပုံကို
ထောက်၍ ယခုရောက်လာသော သီလရှင်ကြီးမှာ သူ့ထက်သိုင်းပညာ
ားစွာအဆင့်မြင့်သူ ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွက်ဆမိသည်။

မျက်နှာအေးသီလရှင်ကိုမူ တိန့်ထောက်မသိပါချေ။ တစ်ခါ
လည်း မမြင်ဘူးပါချေ။ ယခုမှသာ ဦးစွာမြင်ဖူးခြင်း ဖြစ်လေသည်။

မျက်နှာအေး သီလရှင်က လောင်တုကို အေးစက်စက်မျက်
ုံးအစုံဖြင့် စိုက်ကြည့်၍ လေသံတင်းတင်းနှင့်ပြောလေသည်။

"ရှင်က အင်္ဂါချွတ်ယွင်းနေတဲ့လူပဲ၊ ဒါဆို ရှင်ဟာ သူ့ရဲ့တပည့်
င်းတစ်ယောက်ပဲ ဖြစ်မှာပဲ ဟုတ်ရဲ့လား ...."

မျက်နှာအေး သီလရှင်က ခေါင်းသေတ္တာကြီးဆီမေးတစ်ချက်
ငေ့ပြီး ပြောလိုက်ခြင်း ဖြစ်၏။

လောင်တုမှာ မျက်စိပျက် မျက်နှာပျက်ဖြင့် နောက်ကိုခြေနှစ်
မ်း ဆုတ်လိုက်ပြီးမှ မေးသည်။

"ဘာကိစ္စ အထူးရှိလို့ ရောက်လာတာလဲဆရာလေး ...."

"ဟင်း .... ဟင်း .... တစ္ဆေဘီလူးကိုဖမ်းဖို့လာခဲ့တာပေါ့"

လောင်တုက သူ့လက်ကို ဖျတ်ခနဲ ဝှေ့ယမ်းလိုက်၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... ဝှစ်"

လက်နက်ပုန်း အလင်းတန်းများက မျက်နှာအေးသီလရှင်

ကြီးထံ ပြေးဝင်သွားကြ၏။ မျက်နှာအေးသီလရှင်က ရောင်တိမ်
မပြုဘဲ သူ့လက်ထဲမှ သားမြီးယပ်ကို ငှေ့ယမ်းလိုက်သည်။

တစ်ပြိုင်တည်းပင် သူမ၏ခန္ဓာကိုယ်ကိုလည်း ခုန်လိုက်သ

သူမဆီသို့ ပြေးလာသော လက်နက်ပုန်းများမှာ သေ
လွင့်စဉ်သွားပြီး နံရံကို ထိမိသွားကြ၏။

"အား ...."

လောင်တုထံမှလည်း ညည်းတွားအော်ဟစ်သံ ပေါ်လ
ပက်လက်လန် လဲကျသွားသည်။

သူ့နှာခေါင်း၊ ပါးစပ်နှင့် မျက်လုံးထဲမှ သွေးများလည်း
ထွက်ကျလာသည်။

သူသည် မလှုပ်မယှက် ငြိမ်သက်သွားလေသည်။

မျက်နှာအေးသီလရှင်က လောင်တုကို မည်ကဲ့သို့ တိုက်
လိုက်ကြောင်း တိန့်ထောက် မမြင်လိုက်ရချေ။

သူမသည် ခေါင်းသေတ္တာနီကြီးအနီးသို့ ရောက်နေလေ

သူမက ခေါင်းသေတ္တာနီကြီးကို စူးစူးရဲရဲကြည့်ပြီး အေး
စက် လေသံဖြင့် ပြောလိုက်၏။

"ဟင်း .... ဟင်း .... မမျှော်လင့်ဘဲ ကျွန်မရောက်ရ
ရှင်ကတော့ အတော်အံ့သြသွားမှာပဲနော် .... "

ထိုအခါမှ တိန့်ထောက်သည် သခင်ကြီးဆိုသူမှာ ခေ
သေတ္တာနီကြီးထဲမှ သူ့ကိုစကားပြောနေခြင်းဖြစ်ကြောင်း သိသွား
၏။

သူသည် အံ့သြထိတ်လန့်ခြင်းလည်း ဖြစ်မိ၏။

ခေါင်းသေတ္တာနီကြီးထဲမှ သခင်ကြီး၏အသံလည်း ပြ



လာသည်။

"ဆရာလေးက ခုထက်ထိ အသက်ရှင်လျက် ရှိနေသေး၀.၄ ပြန်သည်။
ကိုး .... "

"ရှင် သိပ်ပြီး အံ့သြသွားသလား .... အေးလေ ရှင်တို့ကတော့
ကျွန်မ သေပြီလို့ ထင်နေကြမှာပေါ့ .... "

"ဒါနဲ့ ဆရာလေး ဘာကိစ္စရောက်တာလဲ .... ကျုပ်တပည့်
ကို ဘာဖြစ်လို့ သတ်ပစ်လိုက်ရတာလဲ .... "

"ဒါကတော့ ရှင့်တပည့်က ကျွန်မကို စပြီးတိုက်တာကိုး၊
သူက ကြားထဲက အချောင်ခံသွားရတာပါ .... တကယ်တမ်း ကျွန်မ
ဖြေရှင်းချင်တာက ရှင့်ကိုပဲ .... ရှင့်ကို မေးစရာရှိလို့ပဲ .... "

ခေါင်းထဲမှ သခင်ကြီး၏အသံ တိတ်သွားသည်။ ခဏကြာမှ
ပြန်ပေါ်လာသည်။

"ဘာသိချင်တာလဲ .... "

"ရှင်နဲ့ပတ်သက်တဲ့လူခုနစ်ယောက်ရဲ့အကြောင်းကို သိချင်
တယ် .... "

"ဟား .... ဟား .... ဟား .... ဟား .... သူတို့နဲ့ပတ်သက်
လို့ ကျုပ် ဘာမှမပြောဘူးဆိုတာ ဆရာလေးလည်း သိသားနဲ့ ....
မေးနေလို့လည်း အပိုပါပဲ .... "

"ကျွန်မကိုတော့ ရှင်ပြောပြရလိမ့်မယ် .... "

"ဘယ်သူ့ကိုမှ မပြောနိုင်ဘူး .... "

သခင်ကြီး၏အသံမှာ ပြတ်သားလွန်းလှသည်။

မျက်နှာအေးသီလရှင်ကြီး၏မျက်နှာမှာလည်း ပို၍တင်းမာ
ခက်ထန်သွားသည်။

"ရှင် တကယ်ပဲ မပြောဘူးနော် .... "

"မပြောပါဘူးဆိုမှ ဘာဖြစ်လို့ သိချင်ရတာလဲ .... "

"ကိစ္စမရှိဘူးလေ .... ရှင်မပြောလည်း သူတို့ကို ကျွန်မ အောင် ရှာနိုင်ပါတယ် .... ရှင့်ကိုတောင် အခုတွေ့အောင် ရှာနိုင် တာပဲ .... "

"ရှာပါ .... သွားရှာပါ .... တွေ့အောင်ရှာပါ .... "

"ရှင့်ကို နောက်တစ်ခုမေးရဦးမယ် .... "

"ဘာမေးဦးမှာလဲ .... ဆရာလေးရဲ့ .... "

"ပန်းလို ဘုရားကျောင်းက ကျောက်စာရေးရတနာ ဘယ် လက်ထဲရောက်နေသလဲ .... "

"ဒါလည်း ကျုပ် မပြောနိုင်ဘူး .... "

သီလရှင်ကြီး ဒေါသထွက်သွားပြီး တောက်တစ်ချက် ခေ လိုက်၏။

"ရှင်က ဘာမေးမေး မပြောနိုင်ဘူးပေါ့ .... "

"ဟုတ်တယ် .... "

"ဒါဖြင့် ရှင့်ကို ပါးစပ်အညောင်းခံပြီး မေးမနေတော့ဘူး ရှင့်ကို နိုင်အောင်တိုက်ပြီးမှ .... "

သီလရှင်ကြီးစကားကို ဖြတ်လိုက်ပြီး တိုက်ခိုက်ရန် သ ကွက်ကို နင်းလိုက်သည်။

တိန့်ထောက်ကတော့ အခန်းထောင့်အနောက်ကို ဆုတ် ပြီး အခြေအနေကို စောင့်ကြည့်နေသည်။

မျက်နှာအေးသီလရှင်ကမူ တိန့်ထောက်ရှိနေသည်ကိုပင် မထားချေ။



ခေါင်းသေတ္တာနီကြီးထဲမှ သခင်ကြီးအသံ ပေါ်လာပြန်သည်။

"နေပါဦး .... ဆရာလေးက ဘာဖြစ်လို့ ကျုပ်ကိုတိုက်ခိုက်မှာ လဲ .... "

"ဖြစ်ပြီးခဲ့တဲ့ကိစ္စမှာ .... ရှင်လည်း ပါဝင်ပတ်သက်ခဲ့တာပဲ မဟုတ်လား .... ဒါကြောင့်ပဲ .... "

"ဟား .... ဟား .... ဟား .... ဟား"

ခေါင်းသေတ္တာနီကြီးအဲမှ သခင်ကြီး၏ ရယ်မောသံကြီးများ ချောက်ချားဖွယ်ရာ ပေါ်ထွက်လာပြီး .... ခေါင်းသေတ္တာနီကြီးမှာ ရုတ်တရက် မြောက်တက်လာလေသည်။

"ဟာ် .... "

နီးခနဲ

တိန့်ထောက် မျက်လုံးပြူးတုန်လှုပ်သွားသည်။

သီလရှင်ကြီးက သူမထံ မြောက်တက်လာသော ခေါင်း သေတ္တာနီကြီးကို ရှောင်တိမ်းလိုက်ပြီး လက်ဝါးစောင်းနှင့် ရိုက်ချလိုက် ၏။

"ဖန်း .... "

လက်ဝါးစောင်းနှင့် ခေါင်းသေတ္တာနီကြီး ရိုက်မိသံက ကျယ် လောင်စွာ ပေါ်ထွက်လာသည်။

သစ်သားကို ရိုက်မိသံမျိုးမဟုတ်ဘဲ သံထည်ကိုရိုက်မိသံမျိုး ပေါ်ထွက်လာခြင်း ဖြစ်၏။

ခေါင်းသေတ္တာနီကြီးလည်း ဘေးကို ဝုန်းခနဲ လွင့်စဉ်သွား သည်။

ထိုအခါမှ ခေါင်းသေတ္တာနီကြီးသည် သံထည်နှင့်ပြုလုပ်ထား ခြင်းဖြစ်ကြောင်း တိန့်ထောက်သိလေသည်။

ခေါင်းသေတ္တာနီကြီးသည် ကျောက်ခင်းပြင်ပေါ် ကျသွား
နောက် ငိုးခနဲ ပြန်ထောင်လာပြန်သည်။

သီလရှင်ကြီးက သားမြီးယပ်ကို အသင့်ကိုင်ထားလိုက်
၏။

"ဝုစ် ဝုစ် ဝုစ် ဝုစ် .... ငိုး ငိုး ငိုး ငိုး"

ခေါင်းသေတ္တာနီကြီးဆီမှ အလင်းတန်းများက သီလရှင်ကြ
ထံ ကန်းမတ်စွာ ပျံဝင်လာကြ၏။

ခေါင်းသေတ္တာနီကြီးတွင် ဖောက်ထားသော အပေါ
လေးများမှနေ၍ အထဲတွင်ရှိသော သခင်ကြီးက လက်နက်ပုန်းမျာ
င့် ပစ်ခတ်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေတော့သည်။

သီလရှင်ကြီးက သူမလက်ထဲမှ သားမြီးယပ်နှင့် လက်န
ပုန်းများကို ဝှေ့ယမ်းရိုက်ဖယ်ထုတ်လိုက်သည်။ လက်နက်ပုန်းအားလုံ
ဘေးကို လွင့်စဉ်ကုန်သည်။

"ဝုန်း .... "

ထိုစဉ် ခေါင်းသေတ္တာအဖုံးကြီးပွင့်သွားသည်။ အထဲမှ ဂ
တစ်ယောက် ခုန်ထွက်လာလေသည်။



ရုတ်တရက်ဆိုလျှင် ဘီလူးကြီးတစ်ကောင် ခုန်ထွက်လာ
သကဲ့သို့ ထင်မှတ်ရ၏။

ခန္ဓာကိုယ်ထွားကျိုင်းပြီး မျက်နှာတွင် ကြောက်စရာကောင်း
လှသော မျက်နှာဖုံးကြီး စွပ်ထားသည့် လူကြီးပင် ဖြစ်လေသည်။

အပြင်ဘက်ကို ရောက်သည်နှင့် သူသည် ခေါင်းဖုံးကို ဝုန်းခနဲ
ပြန်ပိတ်လိုက်၏။

ခေါင်းသေတ္တာနီကြီးကို သူ့လက်နှစ်ဖက်နှင့် မွေ့ထမ်းလိုက်
သည်။

ပြီးနောက် သူသည် မျက်နှာအေးသီလရှင်အား ခေါင်း
သေတ္တာနီကြီးနှင့် တရကြမ်းလိုက်၍ တိုက်ခိုက်တော့သည်။

သီလရှင်ကြီးက လက်ဝါးစောင်းနှင့် ပြန်ရိုက်လိုက်ရာ ခေါင်း
သေတ္တာကြီး ဘေးကို ယိုင်သွားပြီး တစ္ဆေဘီလူးမှာလည်း ခြေလှမ်း
ပျက်သွားသည်။

သူသည် သီလရှင်ကြီးကို မတိုက်တော့ဘဲ ခေါင်းသေတ္တာနီ
ကြီးကို မွေ့၍ အခန်းအပြင်ဘက်ကို ခုန်ထွက်သွားသည်။

"ရှင် ပြေးလို့ လွတ်မလား .... "

သီလရှင်ကြီးက အော်ဟစ်ပြီး မေးလိုက်သည်။

ခေါင်းသေတ္တာကြီးကို ထမ်းထားသော တစ္ဆေဘီလူးနှင့်

မျက်နှာအေး သီလရှင်ကြီးတို့၏ တိုက်ပွဲမှာ ကြောက်စရာကောင်း သလို ကြည့်၍လည်း ကောင်းလှသည်။

တိန့်ထောက်သည် သီလရှင်ကြီးနှင့် တစ္ဆေဘီလူးတို့ ပြေ ထွက်သွားသောအခါ တိန့်ထောက်သည် တိုက်ပွဲအခြေအနေ ဆက်လက်၍ ကြည့်လိုသဖြင့် အပြင်ဘက်သို့ ပြေးထွက်လိုက်သည်

သူ တံခါးဝသို့ ရောက်ပြီး လှမ်းကြည့်လိုက်သောအခါတွ တစ္ဆေဘီလူးက ခေါင်းသေတ္တာနီကြီးကို မြေတွင် ရှပ်တိုက်၍သီလရှ ကြီးကို တိုက်လိုက်ကြောင်း မြင်ရလေသည်။

သီလရှင်ကြီးက ကိုယ်ကိုတစ်ပတ်လှည့်ပြီး ခေါင်းသေတ္တာ ကြီးကို ခြေဖြင့် စုံကန်လိုက်၏။

"ဝုန်း .... ဒုန်း .... ဒုန်း .... ဒုန်း .... ဒုန်း"

ခေါင်းသေတ္တာနီကြီးမှာ မြေတွင် သုံးလေးပတ်လိမ့်သွားရ ခေါင်းသေတ္တာနီကြီးကို ပွေ့ကိုင်ထားသော တစ္ဆေဘီလူးလည်း ခေါင် သေတ္တာနီကြီးနှင့်အတူ မြေတွင် လိမ့်သွားသည်။

သို့သော် ချက်ချင်းပင် တစ္ဆေဘီလူးသည် ခေါင်းသေတ္တာ ကြီးကို ထမ်းပြီး ပြန်ခုန်ထသည်။

သူသည် ခေါင်းသေတ္တာနီကြီးကို စကြာမွှေ့ဝှေ့ယမ်း၍ သီလရှင်ကြီးကို တရကြမ်းပြန်တိုက်၏။

သီလရှင်ကြီး၏ ခြေလက်အစုံကို လွှဲယမ်းကာ ပြန်တိုက် သည်။

တိန့်ထောက်မှာ အသက်ရှူဖို့ပင် မေ့နေပြီး ကြောက်စရာ ကောင်းသော တိုက်ပွဲကို မျက်လုံးအပြူးသား ကြည့်နေမိ၏။

သူ့အနေနှင့် သီလရှင်ကြီးကို မသိသော်လည်း ဤတိုက်ပွဲတွင်



သီလရှင်ကြီး အနိုင်ရပါစေဟူ၍ ဆုတောင်းနေမိသည်။

သီလရှင်ကြီးသာ ရှုံးနိမ့်သွားပါက တစ္ဆေဘီလူးသည် မိမိကို ပြန်လည်၍ ပြဿနာရှာပေတော့မည်။

ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကိုသာ မဖျက်ဆီးပါက မိမိ အသက်ကို သတ်ဖြတ်ပေတော့မည်။

သီလရှင်ကြီးနှင့် တစ္ဆေဘီလူးတို့ တိုက်ခိုက်နေကြသော ကျောင်းရှေ့ရှိ မြေကွက်လပ်မှာ ဖုန်မှုန့်များ ပေါများသဖြင့် သူတို့၏ လှုပ်ရှားမှုကြောင့် ဖုန်မှုန့်တွေ တထောင်းထောင်း ထနေသည်။

သူတို့နှစ်ဦးစလုံး ဖုန်မှုန့်များကြားတွင် ပျောက်ကွယ်လုလု ဖြစ်နေသည်။

တိန့်ထောက်ပင်လျှင် ပြတ်ပြတ်သားသား သဲသဲကွဲကွဲပင် မမြင်ရချေ။

တိုက်ခိုက်နေသော အသံများကိုသာ ကောင်းစွာကြားနေရ ၏။

ခေါင်းသေတ္တာနီကြီး နောက်ဘက်ကို မကြာခဏ လွင့်သွား သည်မြင်ရသဖြင့် သီလရှင်ကြီး အရေးသာနေကြောင်းကို သိရကာ တိန့် ထောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေသည်။

ထို့နောက် ခေါင်းသေတ္တာနီကြီးသည် တောအုပ်ထဲသို့ တရှိန် ထိုး ပျံထွက်သွား၏။

တစ္ဆေဘီလူးက ခေါင်းသေတ္တာနီကြီးကို ထမ်း၍ ထွက်ပြေး သွားခြင်း ဖြစ်လေသည်။

"ပြေးစမ်း .... ပြေးစမ်း .... ရှင့်ကို မိုးအဆုံးမြေအဆုံး လိုက် မယ် .... "

သီလရှင်ကြီးက အော်ဟစ်ကြိမ်းဝါးရင်း လျင်မြန်သော အရှိ
အဟုန်ဖြင့် ပြေးလိုက်သွားသည်။

ခဏနှင့် အော်ဟစ်ကြိမ်းဝါးသံများ ကွယ်ပျောက်သွားသည်

လွင့်ပျံနေသော ဖုန်မှုန့်များလည်း တဖြည်းဖြည်း မြေပေါ်
ပြန်ကျကုန်သည်။

ယခုအချိန်တွင် မိမိအနေနှင့် ဤနေရာမှ ထွက်ပြေးရန် အချိ
အကောင်းဆုံးဖြစ်ကြောင်း တိန့်ထောက် သတိရလိုက်သည်။

သူသည် ချက်ချင်းပင် ကျောင်းထဲမှ ပြေးထွက်လာသည်

ထိုစဉ် သူ့နားထဲတွင် မြင်းခွာသံများကို ကြားလိုက်ရ၏။

မြင်းခွာသံများမှာ ခဏနှင့်နီးလာသဖြင့် ကျောင်းဆီသို့ လ
နေခြင်းဖြစ်ကြောင်း တိန့်ထောက် သိလိုက်သည်။

သူသည် ပထမကျောင်းထဲသို့ ပြန်ဝင်ပြေးမလို့လုပ်ပြီးမှ ရန်သ
သာ ဖြစ်နေပါက ကျောင်းထဲတွင် ပိတ်မိနေနိုင်သည်ကို တွေးမိသဖြ
ကျောင်းထဲကို ဝင်မပြေးတော့ဘဲ ချုံပင်ကြီးတစ်ပင်ထဲသို့ ပြေးဝင် ပုန်
နေလိုက်တော့သည်။

တောနက်ထဲမှ မြင်းနှစ်စီး ထွက်လာသည်ကို တွေ့ရ၏။

မြင်းနှစ်စီးပေါ်တွင် အနီရောင် ကိုယ်ကျပ်အင်္ကျီဝတ်စုံကို ဝတ်
ဆင်ထားပြီး ဓားကိုယ်စီ လွယ်ထားသော သိုင်းသမားနှစ်ယောက်
လာသည်။

သူတို့ကိုမြင်တော့ တိန့်ထောက် ထိတ်လန့်သွားသည်။

အချိန်မီ သူ ပုန်းလိုက်နိုင်ခြင်းအတွက် ကံကောင်းသည်ဟု
လည်း တွေးမိသည်။

တိန့်ထောက် ထိတ်လန့်သွားရခြင်းမှာ ဆိုင်းသမားန



ယောက်၏ ဝတ်စားပုံသွင်ပြင်က ဝမ်ရဲ့ ရဲတိုက်မှ လူများနှင့်တူနေသော ကြောင့် ဖြစ်လေသည်။

တကယ်လည်း ထိုလူနှစ်ယောက်မှာ ဝမ်ရဲ့ ရဲတိုက်မှ လူများပင် ဖြစ်ကြ၏။

သူတို့၏ အင်္ကျီရင်ဘတ်တွင် အဖြူရောင် စက်ဝိုင်းကလေး ရေးထိုးထားသည်။

'ဝမ်ရဲ့'ဟူသော အဓိပ္ပာယ်မှာ ငွေစန္ဒာဖြစ်ဖြစ်၊ ငွေစန္ဒာကို မျှော်ကြည့်နိုင်သည့် ရဲတိုက်ဟု အဓိပ္ပာယ်ရလေသည်။

အင်္ကျီရင်ဘတ်မှ အဖြူရောင်စက်ဝိုင်းကလေးမှာ ငွေလစန္ဒာပုံ ဖြစ်သည်။

မြင်းစီးသမားနှစ်ဦးစလုံး ဘုရားကျောင်းပျက်ရှေ့သို့အရောက်တွင် တောအုပ်အတွင်းမှ နောက်ထပ် မြင်းခွာသံများကို တိန့်ထောက် ထပ်မံပြီး ကြားရပြန်လေသည်။

တောအုပ်ထဲမှ မြင်းသုံးစီးပေါ်လာပြီး နောက်ထပ် ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားသုံးဦးထပ်မံရောက်လာပြန်လေ၏။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားငါးယောက်သည် ဤဘုရားကျောင်းကို မည်သည့်ကိစ္စနှင့် ရောက်လာလေသနည်း။

မိမိရှိနေသည်ကို သတင်းကြား၍ ရောက်လာခြင်းလား၊ တိန့်ထောက် တွေးမိကာ ရင်တထိတ်ထိတ် ဖြစ်နေလေသည်။

သူသည် ချုံပင်ကြီးထဲမှ လုံးဝမလှုပ်ရှားရဲဘဲ ငြိမ်နေလိုက်ရတော့၏။

အခန်း(၆)

## မိန်းမချောနောက်သို့ ပါရသူ

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားငါးယောက်စလုံး ကျောင်းပျ
ကြီးထဲ ဝင်သွားသောအခါ တိန့်ထောက်သည် ကျောင်းပျက်ကြီးန
ဝေးသည်ထက်ဝေးအောင် တရွေ့ရွေ့ခွာလာခဲ့သည်။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားများမှာ ကျောင်းပျက်ကြီးထဲတွ
ရှိသေးမှု သူ့အတွက် အန္တရာယ် မကင်းချေ။

တရှိန်ထိုးလည်း သူ ထွက်မပြေးရဲချေ။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားများ ရုတ်ခြည်းပြန်ထွက်လာလျှ
သူ့ကို တွေ့သွားမည်စိုးသောကြောင့် ချုံပင်သစ်ပင်များကို အက
အကွယ်ယူကာ တရွေ့ရွေ့သာ လာခဲ့ရလေသည်။

ကျောင်းပျက်ကြီးနှင့် အတော်ဝေးဝေးကို ရောက်လာမှ သ
သည် ရပ်နားလိုက်၏။

မျက်နှာအေးသီလရှင်ကြီးနှင့် တရွှေဘီလူးတို့ ပြေးထွက်သွ
သည်မှာ မကြာလှသေးသဖြင့် တွေ့ဆုံနေမှာစိုးသောကြောင့် ရှေ့
ဆက်ပြီး သိပ်သွားရဲချေ။



တိန့်ထောက် အမောဖြေနေစဉ် ကျောင်းပျက်ကြီးဆီမှ မြင်းခွာသံများ ပေါ်လာသဖြင့် သူသည် ချုံပင်ထဲမှာပင် ပုန်းနေလိုက်ရ၏။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားများ စီးနင်းသွားကြသော မြင်းငါးစီးမှာ မလှမ်းမဝေးမှ စိုင်းနှင်၍ ထွက်ခွာသွားကြသည်။

ခဏနှင့်မြင်းခွာသံများဝေးသွားပြီး ပျောက်ကွယ်သွားရသည်။

ထိုအခါမှ တိန့်ထောက် သက်ပြင်းချနိုင်တော့သည်။

သူသည် ရှေ့ဆက်၍ မည်ကဲ့သို့ လှုပ်ရှားရမည်ဖြစ်ကြောင်း သေချာစွာ စဉ်းစားရတော့သည်။

လောလောဆယ် ခြေဦးတည့်ရာလျှောက်သွားနေ၍ မဖြစ်သေးချေ။

သူ့တွင် ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိသဖြင့် စားရေးသောက်ရေးအတွက် များစွာ ပူပန်ရမည် ဖြစ်၏။

အိမ်ပေါက်စေ့ တောင်းရမ်းစားသောက်ရမည့်အဖြစ်ကို သူ မလိုလားပါချေ။

နောက်ဆုံး စားဖို့သောက်ဖို့ရသည်ပဲထားဦး နေထိုင်ရေးအတွက် အခက်အခဲ တွေ့ရပေဦးမည်။

ကျောင်းပျက်ကြီးထဲတွင်မူ သူ့အတွက် စားရေးသောက်ရေး မပူရအောင် လေးငါးရက်စာခန့် စားနပ်ရိက္ခာတို့ ရှိနေသေးသည်။

နေထိုင်စရာအတွက်လည်း ပူရမည် မဟုတ်ချေ။

ကျောင်းပျက်ကြီးထဲတွင် နေပြီးမှ သူ့ရှေ့ဘဝခရီးစဉ်ကို စဉ်းစားမည်ဟု တိန့်ထောက် ဆုံးဖြတ်လိုက်သည်။

တရွှေဘီလူးမှာ သီလရှင်ကြီး၏ ထက်ကြပ်မကွာ လိုက်လံ တိုက်ခိုက်ခြင်းကို ခံနေရသဖြင့် ကျောင်းပျက်ကြီးကို ပြန်ရောက်လာ

လိမ့်မည် မဟုတ်ချေ။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားများ ရောက်လာနိုင်သော်လ
သတိဖြင့်နေပါက စိုးရိမ်စရာ ရှိလိမ့်မည် မဟုတ်ချေ။

တိန့်ထောက်သည် ယတိပြတ်ဆုံးဖြတ်ချက်ကိုချပြီး ဘု
ကျောင်းပျက်ကြီးဆီသို့ ပြန်လျှောက်လာခဲ့သည်။

ဘုရားကျောင်းအနီးသို့အရောက်တွင် ကျောင်းဘေးမှ
လတ်လတ်ဆတ်ဆတ်ဖို့ထားသော မြေပုံမို့မို့ကလေးကို တွေ့ရသ

တိန့်ထောက်သည် သုံးရက်လုံးလုံး ဤကျောင်းပျက်ကြီ
တွင် နေခဲ့စဉ် ၎င်းမြေပုံကို မတွေ့ရချေ။

သူသည် ကျောင်းပျက်ကြီးထဲသို့ ဝင်ကြည့်သောအခါမျက်
တစ်ဖက်ကန်း လောင်တု၏အလောင်းကို မတွေ့ရတော့ချေ။

ကျောင်းဘေးမှမြေပုံမှာ လောင်တု၏မြေပုံပင် ဖြစ်ပေလိမ့်မ

ထိုသို့ဆိုလျှင် စောစောက လာသွားသော ဝမ်ရဲ့ ရဲတိုက်
သိုင်းသမားများ ငါးယောက်က လောင်တု၏အလောင်းကို မြေ
သင်္ဂြိုဟ်သွားခြင်း ဖြစ်ပေလိမ့်မည်။

ထို့အတွက် တိန့်ထောက် တွေးမရ ဖြစ်နေသည်။

အံ့ဩတကြီး ဖြစ်ရသည်။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားများ၏ စိတ်ဓာတ်ကို တ
ထောက် ကောင်းကောင်းသိသည်။

ဝမ်ရဲ့ ရဲတိုက်မှ သိုင်းသမားများသည် ဤကဲ့သို့ စိတ်ကော
ရှိကြသူများ မဟုတ်ချေ။

လောင်တုနှင့် သူတို့တတွေ အဆက်အသွယ်ရှိနေသေ
ကြောင့်သာ လောင်တုဆီကိုလာရင်း အလောင်းကိုသာတွေ့၍ မြေ



သင်္ဂြိုဟ်သွားခြင်း ဖြစ်ပေလိမ့်မည်ဟု တိန့်ထောက် စဉ်းစားမိသည်။

သူသည် သူအိပ်နေကျ လောင်တု၏အိပ်ခန်းဆီသို့ ပြန်ဝင်လာသည်။

ဤအိပ်ခန်းထဲမှာ လုံခြုံမှုမရှိသဖြင့် လုံခြုံသော အခန်းတစ်ခန်းထဲသို့ ပြောင်းရွှေ့နေမှ ဖြစ်ပေလိမ့်မည်။

မီးဖိုချောင်ဘက်သို့ သူသည် လာကြည့်သောအခါ သူ့အတွက် နှစ်နှစ်နပ်စာ စားရေးသောက်ရေး မပူရအောင် စားနပ်ရိက္ခာများရှိကြောင်း တွေ့ရလေသည်။

သူသည် မီးဖိုဆောင်မှထွက်၍ ကျောင်းနောက်ဘက်အခန်းတစ်ခန်းကို ဝင်ကြည့်ရာ ပြတင်းပေါက်များ ပိတ်ထားသဖြင့် အလင်းရောင် သိပ်မရဘဲ အမှောင်သမ်းနေသည်ကို တွေ့ရလေသည်။

အခန်းနံရံထောင့်ဘက်ရှိ အောက်ခြေတွင် အပေါက်လေးတစ်ပေါက် ရှိနေပြီး အရေးရှိရင် ဤအပေါက်မှ အပြင်ကိုထွက်နိုင်လေသည်။

တိန့်ထောက်သည် ဤအခန်းထဲတွင်ပင် နေထိုင်ရန်ဆုံးဖြတ်လိုက်သည်။

ပြီးမှ သူသည် မီးဖိုဆောင်ကို ပြန်လာပြီး မနက်ကလောင်တု ချက်ပြုတ်ထားသော ထမင်းနှင့်ဝက်သားခြောက်များကို စားလိုက်၏။

စားသောက်ပြီးနောက် သူသည် အိပ်ရာများကို သူနေမည့် အခန်းထဲသို့ သယ်ယူလာပြီး အိပ်ရာကိုခင်းကာ လှဲ၍အနားယူလိုက်သည်။

သူသည် သူ့ရှေ့ကြောင်းနောက်ကြောင်းများကို စဉ်းစားရင်း မှ မျက်လုံးစဉ်းလာပြီး အိပ်ပျော်သွားသည်။

သူ တရေးနိုးလာသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်

မည်းနေသည်ကို မြင်ရ၏။

အဝေးဆီမှ မြေခွေးအူသံခပ်သဲ့သဲ့ကို ကြားရသည်။

တိန့်ထောက် ထိတ်ခနဲဖြစ်သွားပြီး ဆတ်ခနဲထထိုင်လေ

သန်းခေါင် မတိုင်သေးဘူးလား သန်းခေါင်ကျော်သွားပြ

ဟူ၍လည်း သူသည် ခန့်မှန်းနိုင်ချေ။

မှောင်ကြီးမည်းမည်းထဲတွင်လည်း စမ်းတဝါးဝါးနှင့် လျှေ

သွားနေ၍ အကျိုးမရှိချေ။

သူသည် အိပ်ရာပေါ် ပြန်လှဲချ၍ အိပ်သော်လည်း တော်

နှင့် အိပ်မပျော်တော့ချေ။

ခေါင်းသေတ္တာနီကြီးထဲမှ တစ္ဆေဘီလူးကိုလည်းကော

သေဆုံးသွားပြီဖြစ်သော လောင်တုကိုလည်းကောင်း၊ မြင်ယော

ပြီး စိတ်ချောက်ချားလျက် ရှိ၏။

သူသည် ပွင့်နေသော နံရံပေါက်ကြီးမှ တစ်ဦးတစ်ယေ

ဝင်လာပြီး သူ့ကို ရန်ပြုမှာလည်း စိုးရိမ်နေမိ၏။

တိန့်ထောက် ထလိုက်ပြီး အခန်းထဲမှ စားပွဲကြီးနှင်

အပေါက်ကြီးကို ပိတ်လိုက်သည်။

ထိုအခါမှ သူသည် အနည်းငယ်စိတ်အေးသလို ဖြစ်သွား

သို့သော် မိုးလင်းသည့်တိုင်အောင် သူသည် အိပ်မပျော်

ဘဲ မျက်လုံးကြောင်နေတော့၏။ မိုးလင်းတော့မှ စိတ်ချလက်ချ

လိုက်လေတော့၏။



ခုနစ်ရက်လုံးလုံး သူသည် ကျောင်းပျက်ကြီးထဲတွင် ပုန်းရှိ

ပြီးငှေ့စွာဖြင့် အချိန်ကုန်ဆုံးခဲ့ရလေသည်။

ထိုရက်ပိုင်းအတွင်း ကျောင်းပျက်ကြီးဆီသို့ မည်သူ တစ်ဦး

တစ်ယောက်မှလည်း ရောက်လာခြင်း မရှိချေ။

မီးဖိုဆောင်ထဲတွင် သူ့အတွက် တစ်နပ်စာသာ စားသောက်

ရန် ကျန်တော့၏။

သူသည် ယနေ့ မနက်ဖြန်ပင် ဤကျောင်းပျက်ကြီးကို စွန့်ခွာ

ထွက်သွားရပေတော့မည်။

သို့သော် မည်သည့်အရပ်သို့ ဦးတည်ပြီးသွားရမှန်း မသိပါချေ။

သူသည် ဆရာကောင်းတစ်ဦးဦးနှင့် တွေ့ဆုံ၍ သိုင်းပညာ

သင်ကြားလိုလှသော်လည်း တစ္ဆေဘီလူးလို လူမျိုးနှင့်တွေ့မှာ စိုးရိမ်

နေမိ၏။

သူ့မိခင် မှာကြားခဲ့သော ဝါးရုံတော ဘိုးဘိုးကိုလည်း ရှာရပေ

ဦးမည်။

သို့သော် ဝါးရုံတောဘိုးဘိုးမှာ မည်သည့်အရပ်တွင်နေပြီး

မည်ကဲ့သို့ ပုံသဏ္ဍာန်ရှိကြောင်းကို တိန့်ထောက် မသိပါချေ။

သူ့တွင် ငွေကြေးတစ်ပြားတစ်ချပ်မှမရှိသည့်အတွက် ရေ့ဘဝ

ခရီးစဉ်ကို မည်ကဲ့သို့ လှုပ်ရှားရမှန်းမသိ ဖြစ်နေ၏။

ကြိုရာအလုပ်ကို ဝင်လုပ်ပြီး သူ့ရည်မှန်းချက်ကို အခေ
အထည်ပေါ်အောင် လုပ်ဆောင်ရပေတော့မည်။

တိန့်ထောက်သည် ရှေ့ခရိုးစဉ်ကိုတွေးပြီး ဘုရားခန်းဆေ
ကြီးထဲမှ တိုင်တစ်တိုင်ကိုမှီကာ ထိုင်နေမိ၏။

သက်ပြင်းတချချလည်း ဖြစ်နေမိသည်။

"ဒီမယ် .... ဒီမယ် ...."

သူ့နောက်မှ ခေါ်လိုက်သံ ရုတ်ခြည်းပေါ်ထွက်လာသ
တိန့်ထောက် ထိတ်ခနဲ ဖြစ်သွားပြီး အသံလာရာနောက်ဘက
ဆတ်ခနဲ လှည့်ကြည့်မိသည်။

တံခါးပေါက်ဝနားတွင် မိန်းမချောလေးတစ်ယောက် ရ
သည်ကို တွေ့ရသည်။

အသက်နှစ်ဆယ်ခန့်ရှိမည်ဖြစ်ပြီး အနီရောင်အင်္ကျီ အ
ရောင်ဂါဝန်ကို ဝတ်ဆင်ထားသည်။

သူမသည် ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံဖြင့်
ထောက်ကို ကြည့်နေသည်။

တိန့်ထောက် ကမန်းကတန်း ထရပ်လိုက်ပြီး မိန်းမ
ကလေးကို မျက်လုံးအပြူးသားဖြင့် ကြည့်သည်။

တိန့်ထောက်၏ စူးစူးရဲရဲအကြည့်ကြောင့် မိန်းမချောက
၏ မျက်နှာမှာ ရဲရဲနီသွားပြီး ရှက်စိတ်နှင့် ခေါင်းငုံ့သွားသည်။

ထိုအခါမှ တိန့်ထောက်သည် မိန်းမချောကလေး၏ပခုံ
ကျော်ပြီး တံခါးပေါက်မှ ကျောင်းအပြင်ဘက်ကို လှမ်းကြည့်မိသ

အနီရောင် ဝေါယာဉ်တစ်စီး တံခါးပေါက်ကိုပိတ်၍ ရပ်
ကြောင်းကို တွေ့ရသည်။



ဝေါယာဉ်ဘေးတွင် အထမ်းသမားနှစ်ယောက် ခါးထောက်၍
ရပ်နေကြလေသည်။

အထမ်းသမားနှစ်ဦးစလုံး ခန္ဓာကိုယ်ထွားကျိုင်းသန်မာလှသူ
များ ဖြစ်ကြ၏။

ဘုရားကျောင်းရှေ့သို့ ဝေါယာဉ်နှင့်အတူ မိန်းမချောကလေး
ရောက်လာသည်ကို တိန့်ထောက် လုံးဝမသိလိုက်ပါချေ။

သူတို့၏ လှုပ်ရှားသံ ခြေသံကိုလည်း လုံးဝမကြားရပါချေ။

တိန့်ထောက်သည် သိုင်းပညာ မတတ်မြောက်သော်လည်း
သိုင်းသမားများနှင့်အတူတူ နေခဲ့သူဖြစ်သောကြောင့် သိုင်းပညာ
အကြောင်းကို ကြားဖူးသင့်သလောက် ကြားဖူးထားသည်။

ထို့ကြောင့် မိန်းမချောကလေးနှင့် ဝေါယာဉ်ထမ်းသမားများ
သည် ကိုယ်ဖော့ပညာကောင်းလှသော သိုင်းသမားများဖြစ်လိမ့်မည်ဟု
သိလိုက်၏။

မိန်းမချောကလေး ခေါင်းမော့လာပြီး တိန့်ထောက်ကို ခြေ
ဆုံး ခေါင်းဆုံး အကဲခတ်ပြီး ကြည့်သည်။ ပြီးမှ လွင့်စီသော အသံ
ကလေးဖြင့် မေး၏။

"ရှင်က ဒီဘုရားကျောင်းစောင့်လား ...."

တိန့်ထောက် ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မဟုတ်ပါဘူး .... ကျွန်တော် ဒီဘုရားကျောင်းမှာ လာနေ
တာ လေးငါးရက်ပဲ ရှိပါသေးတယ် ...."

မိန်းမချောကလေး မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး မေးပြန်
၏။

"ဒါဆို ဒီဘုရားကျောင်းမှာနေတဲ့ လူနှစ်ယောက်ကော"

မိန်းမချောကလေးမှာ တစ္ဆေဘီလူးနှင့် လောင်တုတို့ တပည့်နှစ်ယောက်ကို မေးမြန်းခြင်းဖြစ်ကြောင်း တိန့်ထောက် တွေ ပြီး ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

သူသည် ဣန္ဒြေမပျက်အောင် ထိန်းလိုက်ပြီးမှ ခေါင်း ခါယမ်းကာ ....

"ကျွန်တော် မသိဘူး .... "

"ဘယ်လို .... ရှင် မသိဘူး ဟုတ်လား .... "

"ဒီဘုရားကျောင်းကို ကျွန်တော်ရောက်လာတော့ ဘယ် ကိုမှ မတွေ့ရဘူး .... ဒါပေမယ့် စားနပ်ရိက္ခာတွေ အိပ်ရာတွေကို တွေ့ရတယ် .... မကြာခင်ကမှ လူနေသွားသလိုပဲ .... "

သူ့အပေါ် ပြဿနာတတ်မည်စိုးသောကြောင့် တိန့်ထော သည် မုသားသုံးလိုက်ရခြင်း ဖြစ်လေသည်။

ထိုအခါမှ မိန်းမချောကလေးသည် ဘုရားဆောင်ကြီး မျက်လုံးဝေ့ဝိုက်ပြီး ကြည့်သည်။

ပြီးမှ ခေါင်းသေတ္တာကြီးရှိသည့် အခန်းဆီကို လျှောက်သ ပြီး တံခါးပေါက်မှ အတွင်းဘက်ကို လှမ်းကြည့်သည်။

လူရိပ်လူရောင်ကို မမြင်ရသည့်အဆုံး ဝေါယာဉ်ကြီးဆီကို လျှောက်သွားသည်။



ဝေါယာဉ်ကြီးမှာ အမိုးအကာ လုံလုံခြုံခြုံ ပိတ်ထားသဖြင့် အတွင်းဘက်ကို မမြင်ရချေ။

ပြတင်းပေါက်တစ်ပေါက် ရှိသော်လည်း ဝါးယင်းကာချထား လေသည်။

မိန်းမချောကလေးက ဝေါယာဉ်အနီးသို့ ရောက်သွားသော အခါ ဝေါယာဉ်ကို ဦးညွှတ်လိုက်ပြီး တီးတိုးစကား ပြောနေသည်။ ခေါင်းတညိတ်ညိတ်နှင့်လည်း အမိန့်ကို နာခံနေသည်။

ပြီးမှ မိန်းမချောကလေးသည် ခပ်လှမ်းလှမ်းမှ တိန့်ထောက် ကို လှမ်းကြည့်လိုက်ပြီး လက်ယပ်ခေါ်လိုက်၏။

"ရှင် ခဏလောက် လာပါဦး .... "

ရပ်နေရန် မဖြစ်တော့သဖြင့် တိန့်ထောက်လည်း မိန်းမချော ကလေးအနီးသို့ တွန့်ဆုတ်တွန့်ဆုတ်နှင့် လျှောက်လာသည်။

မိန်းမချောကလေး၏ ဘေးဝေါယာဉ်အနီးတွင် ရပ်လိုက်၏။

ထိုစဉ် ဝေါယာဉ်အတွင်းဘက်မှ ကြည်လင်ပြတ်သားသော အမျိုးသမီးကြီးတစ်ယောက်၏အသံ ပေါ်လာသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ .... "

ပထမတော့ တိန့်ထောက်သည် သူ့ကို မေးမှန်းမသိ၍ ပြန် မပြောဘဲ ငြိမ်နေမိသည်။

"ဖြေလိုက်လေ .... "

မိန်းမချောကလေးက သူ့ကို မေးငေါ့ပြီး ပြောလိုက်တော့ တိန့်ထောက်လည်း စိုးရိမ်စိတ်ဖြင့် ပြန်ဖြေလိုက်သည်။

"ကျွန်တော့်နာမည် တိန့်ထောက်ပါ .... "

"မင်းက ဒီဘုရားကျောင်းမှာပဲ နေတာလား .... "

"မဟုတ်ပါဘူး .... ကျွန်တော့်မှာ အိမ်ခြေရာခြေ မရှိပါဘူး လျှောက်သွားနေရင်းက ဒီမှာ ဘယ်သူမှမရှိတာနဲ့ ဝင်နေတာပါ ...."

"သြော် .... မင်းက အိမ်ခြေရာခြေမရှိဘဲကိုး .... မင်းရဲ့မိဘ ဆွေမျိုးတွေကကော .... "

"သေကုန်ကြပါပြီ ..... မရှိတော့ပါဘူး .... "

"အိမ်း .... မင်းကိုကြည့်ရတာ သိုင်းပညာ မတတ်ဘူးနဲ့တူ တယ် ဟုတ်ရဲ့လား .... "

"ဟုတ်ကဲ့ .... ကျွန်တော် သိုင်းပညာမတတ်ပါဘူး .... "

ဝေါယာဉ်ထဲမှ အမျိုးသမီးကြီးသည် သူ့ကိုမြင်ရ၍ ပြောနေပုံ မျိုး ဖြစ်၏။ တိန့်ထောက်ကတော့ မမြင်ရပါချေ။

ဝေါယာဉ်ထဲမှ အသံခဏမျှ တိတ်သွားပြီး ပြန်ပေါ်လာသည်။

"ဒီဘုရားကျောင်းကို မင်းရောက်လာတော့ ဘယ်သူ့ကိုမှ မတွေ့ရဘူးဆို ဟုတ်ရဲ့လား .... "

"ဟုတ်ပါတယ် မတွေ့ပါဘူး .... ဒါကြောင့် ကျွန်တော် ဝင်နေ တာပါ .... "

"ဟို .... ကျောင်းဘေးက မြေပုံဟာ ဘယ်သူ့မြေပုံလဲ"

လောင်တု၏မျက်နှာကြီးကို တိန့်ထောက်မြင်ယောင်လိုက် သော်လည်း လိမ်လက်စနှင့် ဆက်ပြီး လိမ်လိုက်ရ၏။



"ကျွန်တော် မသိပါဘူး .... ကျွန်တော်ရောက်လာတော့ ဒီမြေပုံရှိနေပါတယ် .... "

ဝေါယာဉ်ထဲမှ အမျိုးသမီးကြီး၏ တင်းတင်းမာမာပြောလိုက် သော အမိန့်သံ ပေါ်လာသည်။

"လောင်စု .... မင်းတို့နှစ်ယောက် အဲဒီမြေပုံကို တူးကြည့်ကြ စမ်း .... "

ဝေါယာဉ်အထမ်းသမား လူသန်ကြီးနှစ်ယောက်စလုံး သူတို့ ၏ ခါးတွင်ချိတ်ဆွဲထားသော ခုတ်ဓားကြီးများကို ဆွဲဖြုတ်ကိုင်လိုက်ပြီး မြေပုံရှိရာသို့ ခပ်သွက်သွက်လျှောက်သွားကြသည်။

ပြီးနောက် မြေပုံကို တူးဆွကြသည်။

တိန့်ထောက်က ဝေါယာဉ်အနီးမှနေ၍သာ အခြေအနေကို စောင့်ကြည့်နေ၏။

မြေကြီးများ အတော်ကလေး ဖယ်ရှားလိုက်ပြီးသောအခါ အပုပ်နံ့ကို တိန့်ထောက် ရှူရှိုက်မိသည်။

မိန်းမချောကလေးမှာ မျက်နှာကို လက်ကိုင်ပဝါနှင့်အုပ်ပြီး မြေပုံဆီကို လှမ်းကြည့်သည်။

မြေကျင်းထဲကို ငုံ့ကြည့်သည်။

ပြီးမှ သူမသည် ဝေါယာဉ်အနီးသို့ ပြန်လာပြီး ဝေါယာဉ်ထဲမှ အမျိုးသမီးကြီးကို အစီရင်ခံလိုက်၏။

အလောင်းက ပုပ်နေလို့ ရုပ်သိပ်ပြီး မပေါ်တော့ပါဘူး သခင် မကြီး .... ဒါပေမယ့် မျက်စိတစ်ဖက်ကန်း ဝမ်းလောင်တုရဲ့အလောင်း ဖြစ်တာတော့ သေချာပါတယ် .... "

မိန်းမချောကလေးက သခင်မကြီးဟုခေါ်၍ ဆက်ဆဲလိုက်

သဖြင့် မိန်းမချောလေးမှာ ဝေါယာဉ်ထဲမှ အမျိုးသမီးကြီး၏ အစေအပါး တစ်ယောက်သာ ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

ဝေါယာဉ်ထဲမှ မေးသံပေါ်လာသည်။

"ဘယ်လို သေဆုံးတာလဲ ...."

"အလောင်းက ပုပ်ပွနေတော့ ဒဏ်ရာကိုကြည့်လို့ မရပါဘူး သခင်မကြီး ...."

"ဘာထူးခြားချက်တွေ့သေးသလဲ ...."

"ထူးခြားချက်ဆိုလို့ ဘာမှမတွေ့ပါဘူး သခင်မကြီး ...."

"အင်း .... သူတို့နှစ်ယောက်စလုံး အန္တရာယ်နဲ့တွေ့ပြီး ဒုက္ခရောက်ကုန်ကြပြီနဲ့တူတယ် .... သူတို့ကို ဘယ်သူက တိုက်ခိုက်သွားတာလဲ .... လောင်တုအလောင်းကို ဘယ်သူက မြှုပ်နှံသွားတာလဲ.... ကိုင်း .... မင်းတို့သုံးယောက်စလုံး ဘုရားကျောင်းထဲမှာ ထူးခြားချက်ရှိ မရှိ စေ့စေ့စပ်စပ် ဝင်ကြည့်ကြစမ်း ...."

မိန်းမချောကလေးနှင့်ဝေါယာဉ်ထမ်း လူသန်ကြီးနှစ်ယောက်စလုံး ဘုရားကျောင်းပျက်ကြီးအတွင်းဘက်ကို ခပ်သွက်သွက်ဝင်သွားကြ၏။

တိန့်ထောက်ကမူ ရပ်မြဲနေရာတွင်သာ ရပ်၍ ကျန်ခဲ့သည်။

ဝေါယာဉ်ထဲမှ အမျိုးသမီးကြီး သူ့ကို ဘာမှ မေးမြန်းပြောဆိုခြင်း မပြုတော့ချေ။ ဝေါယာဉ်အတွင်းမှ သူ့ကိုအကဲခတ်ကြည့်နေခြင်းလည်း ဖြစ်နိုင်ပေသည်။

ဝေါယာဉ်ထဲမှ အမျိုးသမီးကြီးသည် တစ္ဆေဘီလူးတို့နှင့် မည်ကဲ့သို့ အဆက်အနွယ် ရှိလေသနည်းဟု တိန့်ထောက် စဉ်းစားနေမိ၏။

သခင်မကြီး သူ့ကို မမြင်ရသော်လည်း မိန်းမချောကလေးမှာ



စိတ်ထားကောင်းပုံရကြောင်း တွေးမိ၏။

ထို့ကြောင့်လည်း တိန့်ထောက်သည် ထွက်ပြေးသွားခြင်းမပြုဘဲ ရပ်မြဲ ရပ်နေခြင်း ဖြစ်၏။

ထွက်ပြေးသည့်တိုင်အောင်လည်း ကိုယ်ဖော့ပညာကောင်းသော သူတို့လက်မှ လွတ်မြောက်လိမ့်မည် မဟုတ်ချေ။

အခြေအနေကြည့်ပြီး မီးစဉ်ကြည့်ကရန်သာ တိန့်ထောက် ဆုံးဖြတ်လိုက်သည်။

မကြာမီ အတွင်းခန်းများကို မွှေနှောက်ရှာဖွေပြီးသွားသော မိန်းမချောကလေးနှင့် ဝေါယာဉ်ထမ်းသမား လူသန်ကြီးနှစ်ယောက်တို့ ပြန်ရောက်လာကြသည်။

မိန်းမချောလေးက တိန့်ထောက်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးမှ ဝေါယာဉ်ဆီကို ဦးညွတ်ကာ အစီရင်ခံလိုက်သည်။

"သခင်မကြီးရှင့် .... ဘုရားကျောင်းထဲမှာလည်း ဘယ်သူ့ကိုမှ မတွေ့ခဲ့ရပါဘူး .... မသင်္ကာဖွယ်ရာလည်း မရှိပါဘူး ...."

ဝေါယာဉ်ထဲမှ သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာပြီး ....

"အိမ်း .... ဒါဆိုရင်တော့ သူဟာ လွတ်မြောက်ထွက်ပြေးသွားနိုင်တယ်နဲ့ တူပါရဲ့ ...."

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ သခင်မကြီး ...."

"ဘာလုပ်စရာ လိုတော့မှာလဲ .... တို့တွေ ပြန်ကြရုံပဲ ရှိတော့တာပေါ့ .... ဩော် .... နေဦး .... ဒီသူငယ် ခန္ဓာကိုယ်အချိုးအဆစ်ကို ငါသဘောကျတယ် .... သူကလည်း သိုင်းပညာ လုံးလုံးမတတ်ဘူးဆိုတော့ သူ့ကိုပါခေါ်ခဲ့ .... သူဟာ ငါလိုချင်တဲ့ လူမျိုးပဲ"

မိန်းမချောကလေးက တိန့်ထောက်ကို ဝမ်းမြောက်ဝမ်းသာ

ဖြိုးကြည့်လိုက်ပြီး အနီးကို လှစ်ခနဲ ရောက်လာသည်။

ပြီးမှ တီးတိုးလေသံဖြင့် ပြောသည်။

"ရှင်တော့ သိပ်ပြီးကံကောင်းတာပဲ .... သခင်မကြီးက ရှင့်ကို ခေါ်နိုင်းနေပြီ .... သခင်မကြီးကို ကျေးဇူးတင်စကား ပြောလိုက်ပါဦး"

တိန့်ထောက်က သဘောမပေါက်သေးသဖြင့် မိန်းမချော လေးကို တွေတွေကြီး ကြည့်ပြီးမေးသည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ ခေါ်သွားမှာလဲ ...."

"ရှင့်ကို သခင်မကြီးက တပည့်ရင်းတစ်ယောက်အဖြစ် လက်ခံပြီး အဆင့်မြင့်သိုင်းပညာတွေကို သင်ပေးမလို့ပေါ့ .... ကဲ .... ရှင် ဘယ်လောက် ကံကောင်းသလဲ ...."

နေစရာ ထိုင်စရာမရှိ၊ စားစရာ သောက်စရာမရှိဘဲ အခြေ အနေမှဲ့သော တိန့်ထောက်မှာ ဝမ်းသာရမလို ဖြစ်ပြီးမှ စိုးရိမ်စိတ်ဝင် လာပြီး ဝမ်းမသာရဲပါချေ။

ခေါင်းသေတ္တာနီကြီးထဲမှ သခင်ကြီးဆိုသူကလည်း သူ့ကို တပည့်အဖြစ် လက်ခံ၍ သိုင်းပညာသင်ပေးမည်ဆိုကာ သူ၏ အင် အစိတ်အပိုင်းတစ်ခုခုကို ဖျက်ဆီးနိုင်းခဲ့သည်။

ယခုလို လူကိုမမြင်ရဘဲ ဝေါယာဉ်ကြီးထဲမှ သခင်မကြီးဆိုသူ က သူ့ကိုတပည့်အဖြစ် လက်ခံရန် ခေါ်နေပြန်လေပြီ။ မည်ကဲ့သို့သော ကြောက်စရာစည်းကမ်းချက်မျိုးတွေ ထားရှိလေသနည်း။



ထိုအတွေးကြောင့် တိန့်ထောက် ဝမ်းမသာနိုင် ဖြစ်လေ သည်။

သူသည် ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ကျွန်တော် လိုက်လို့မဖြစ်ဘူး .... ကျွန်တော့်မှာ သွားစရာ ရှိသေးတယ် .... လုပ်စရာလည်း ရှိသေးတယ် .... ပြီးတော့ သိုင်းပညာ ကို ကျွန်တော် မသင်ချင်တော့ဘူး ...."

တိန့်ထောက်စကားကြောင့် မိန်းမချောကလေး နှုတ်ခမ်း စူသွားပြီး မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"ကဲ .... ထမ်းကြဟေ့ .... သွားကြမယ်"

ဝေါယာဉ်ထဲမှ သခင်မကြီး၏အမိန့်သံ ပေါ်လာသည်။ လူသန် ကြီးနှစ်ယောက်သည် ဝေါယာဉ်ကို ပေါ့ပါးစွာပင် ကောက်ထမ်းပြီး ကျောင်းပျက်ကြီးဆီမှ ခပ်သွက်သွက် ထွက်ခွာသွားကြသည်။

မိန်းမချောကလေးမှာ လိုက်မသွားသေးဘဲ တိန့်ထောက်၏ အင်္ကျီစကို ဆွဲကိုင်ပြီးပြောသည်။

"ဒီလိုအခွင့်အရေးမျိုး လိုချင်လို့ ရတာမဟုတ်ဘူး .... ရှင် ကံကောင်းလွန်းလို့သာ သခင်မကြီးက သူ့တပည့်အဖြစ် လက်ခံဖို့ ခွေး တာ .... ရှင် အတွေးမမှားစမ်းပါနဲ့ .... လိုက်သာလိုက်ခဲ့စမ်းပါ ....

ကျွန်မက ရှင့်ကို စေတနာကောင်းနဲ့ ပြောနေတာ .... "

တိန့်ထောက် ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ကျွန်တော် မလိုက်ချင်ဘူးဗျာ .... "

"ရှင် တကယ်ပဲ မလိုက်ဘူးလား .... "

"မလိုက်ဘူး .... "

မိန်းမချောကလေးက တိန့်ထောက်၏ လက်ကောက်ဝတ် ဖျတ်ခနဲ ဖမ်းဆွဲချုပ်ကိုင်လိုက်သည်။

ပြီးနောက် ဘာမှထပ်မပြောတော့ဘဲ ဆွဲခေါ်သွားလေ တိန့်ထောက်မှာ ကန့်လန့်ကန့်လန့်နှင့် ပါသွားတော့၏။

သူသည် မိန်းမချောကလေး၏ ချုပ်ကိုင်မှုကို ရုန်းမထွက် ပါချေ။

သူ ရုန်းကန်လိုက်တိုင်းလည်း သူ့ လက်တစ်ပြင်လုံး ထုံ ကိုက်ခဲသွားသည်။

ထို့ကြောင့် မရုန်းရဲတော့ဘဲ မိန်းမချောကလေး ဆွဲခေါ် နောက်သို့ လိုက်ပါလာရလေတော့၏။

အခန်း(၇)

## မိန်းမချော၏ လှူသတ်သိုင်းကျက်

တိန့်ထောက်မှာ မိန်းမချောကလေး ဆွဲခေါ်ရာနောက်ကို မလဲအောင် သတိကြီးစွာထား၍ လိုက်ရ၏။

တောလမ်းဖြစ်သောကြောင့် လမ်းခရီးမှာလည်း ကြမ်းတမ်း လှ၏။

တိန့်ထောက်သည် ခြေလှမ်းများ လေးလာပြီး မောဟိုက် လာသော်လည်း မိန်းမချောကလေးကမူ မည်သို့မျှ မောပန်းပုံမရဘဲ ပေါ့ပါးစွာ လျှောက်လှမ်းလျက်ပင် ရှိနေလေသည်။

မိန်းမချောလေးမှာ ကိုယ်ဖော့ပညာကိုသုံးပြီး လမ်းလျှောက် နေခြင်းဖြစ်သောကြောင့် ပြေးနေသကဲ့သို့ ဖြစ်နေသည်။

ဝေါယာဉ်က သူတို့ရှေ့ အတော်ဝေးဝေးကို ရောက်နေလေပြီ။

သို့ဖြင့် ငါးလီခန့် လျှောက်လာခဲ့ကြပြီးသောအခါ မောဟိုက် လွန်းနေသည့် တိန့်ထောက်မှာ ခြေကိုမသယ်ချင်အောင် ဖြစ်လာပြီး ခြေတရွတ်တိုက်၍သာ လိုက်ရတော့၏။

တိန့်ထောက် တစ်ကိုယ်လုံး ချွေးတွေ ရွဲရွဲစိုနေသည်။

နောက်ထပ် သုံးလီခန့် လာမိကြသောအခါ သူတို့သ
တောင်တက်လမ်းကလေးတစ်ခုပေါ်သို့ ရောက်လာကြ၏။

တရွတ်တိုက်၍ လိုက်ရခြင်းက ခြေထောက်တွေ ပိုပြီး
ကျင်လှသဖြင့် တိန့်ထောက်မှာ စိတ်အားတင်းကာ လျှောက်လှမ်း
သည်။

သို့ဖြင့် တောင်ကုန်းကလေးထိပ်ကို ရောက်လာသည်။

တောင်ကုန်းမှ အဆင်းတွင် သူတို့ရှေ့မှ ဝေါယာဉ်မှာ ဘီးတ
၍ လွတ်လိုက်သကဲ့သို့ မြန်ဆန်စွာ ဆင်းသက်သွားသည်။

မိန်းမချောကလေးကလည်း တိန့်ထောက်လက်ကို ဆွဲ
ထားရင်းမှ ပြေးဆင်းသည်။

"အား .... အား"

တိန့်ထောက်သည် မည်သို့မျှ မလျှောက်လှမ်းနိုင်တော့
ရှေ့ကို ဟပ်ထိုးလဲကျသွားသည်။

ထိုအခါမှ မိန်းမချောကလေးက ရပ်လိုက်ပြီး တိန့်ထောက်
ငုံ့ကြည့်သည်။

တိန့်ထောက်မှာ မျက်လုံးအပြူးလေး ပါးစပ်အဟောင်းသ
ဖြစ်နေပြီး အသက်ကို ပြင်းပြင်းရှူနေသည်။ တစ်ကိုယ်လုံးလည်း ချွေ
ရွှဲရွှဲစိုနေသည်။

သူသည် မောဟိုက်လွန်းသဖြင့် အသက်ရှူမှားကာ မျက်လုံ
များလည်း ပြာဝေလျက် ရှိနေသည်။

မိန်းမချောကလေးက တိန့်ထောက်အနီးတွင် ထိုင်လိုက်ပြ

"ရှင်က ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် ပျော့ညံ့
သလား .... ရှင် မထနိုင်တော့ဘူးလား .... "



တိန့်ထောက် မောဟိုက်လွန်းသဖြင့် လျှာထွက်နေကာ
စကားကို ပြန်မပြောနိုင်ချေ။

ခေါင်းကိုသာ ခါယမ်းပြမိ၏။

မိန်းမချောကလေးက သက်ပြင်းတစ်ချက်ချပြီး ....

"ဒါဆို .... ခဏနားလိုက်လေ .... ရှင့်ကို ကျွန်မ စောင့်ခေါ်
မယ် .... "

ထိုအချိန်တွင် ဝေါယာဉ်မှာ တောင်ကုန်းအခြေသို့ ရောက်
သွားလေပြီ။

လူသန်ကြီးနှစ်ယောက်မှာ ဝေါယာဉ်ကို ခဏချပြီး နားနေ
ကြ၏။

တိန့်ထောက်သည် လိုက်ချင်စိတ်မရှိဘဲ ဤမျှအပင်ပန်း
လိုက်လာရခြင်းအတွက် စိတ်ထဲမှ မကျေမနပ် ဖြစ်နေလေသည်
အနည်းငယ် အမောပြေလာပြီး စကားပြောနိုင်မှ သူက
ချောကလေးကို မေးမြန်းကြည့်သည်။

"ကျွန်တော့်ကို သိုင်းပညာ သင်ပေးမှာက ခင်ဗျားရဲ့ သ
ကြီးလား ...."

"ဟုတ်တယ်လေ ...."

"ခင်ဗျားရဲ့ သခင်မကြီးက ဘယ်သူလဲ ...."

မိန်းမချောကလေးက တိန့်ထောက်၏ အမေးကို ဖြေ
မဖြေသင့် ခဏမျှ စဉ်းစားလိုက်ပြီးမှ ခေါင်းတစ်ချက်ညိတ်၍ ...

"ကောင်းပြီ .... ကျွန်မ ပြောပြမယ် .... ရှင်နဲ့ကျွန်မ
မကြာခင်မှာ သိုင်းမောင်နှမတွေ ဖြစ်ကြမှာပဲ .... ဖုံးကွယ်စရာ မ
ဘူးလေ .... ကျွန်မတို့ရဲ့ သခင်မကြီးဟာ သိုင်းလောကမှာ သိ
နာမည်ကျော်ကြားနေတဲ့ သွေးရိပ် သခင်မပဲ .... ရှင် ကြားဖူးသ

တိန့်ထောက် ခေါင်းကို ခါယမ်းပြီး ....

"ကျွန်တော့်မှာ သိုင်းသမားတစ်ယောက် မဟုတ်ဘဲ
ဘယ်လို လုပ်ကြားဖူးမှာလဲ ...."



မိန်းမချောကလေးက ဆက်ပြောသည်။

"ကျွန်မရဲ့ သခင်မကြီးဆီမှာ လျှို့ဝှက်သိုင်းကျမ်းစာအုပ်ကြီး
တစ်အုပ် ရှိတယ် .... သခင်မကြီးက အဲဒီလျှို့ဝှက် သိုင်းကျမ်းကြီးထဲက
သိုင်းပညာရပ်တွေကို ဆင့်ပွားသင်ကြားပေးဖို့ လူရှာနေတာ ကြာပြီ၊
အဲဒီလူက ယောကျ်ားလည်းဖြစ်ရမယ် .... အသက်နှစ်ဆယ် မကျော်
သေးတဲ့ လူငယ်တစ်ယောက်လည်း ဖြစ်ရမယ် .... သိုင်းပညာလုံးလုံး
မတတ်သူလည်း ဖြစ်ရမယ် .... ဒါကြောင့် သခင်မကြီးက ရှင့်ကို မြင်
မြင်ချင်း သဘောကျသွားပြီး ခေါ်လာခိုင်းတာပေါ့ .... ဒါကြောင့် ရှင့်ကို
လည်း ကံကောင်းတယ်လို့ ကျွန်မ ပြောတာ ...."

တောင်ကုန်းအခြေမှ ဝေါယာဉ်သည် ဆက်လက်ပြီး ထွက်ခွာ
သွားလေပြီ။

မိန်းမချောကလေး ဝေါယာဉ်ဆီကို တစ်ချက်ငဲ့ကြည့်ပြီး

"ကဲ .... ရှင်လည်း အမောပြေသွားပြီ မဟုတ်လား ....
ကျွန်မတို့တတွေ သွားကြရအောင် .... နို့မို့ ဝေါယာဉ်နဲ့ သိပ်ပြီးလှမ်း
သွားလိမ့်မယ် ...."

မိန်းမချောကလေးက ပြောပြောဆိုဆို ထရပ်လိုက်ရာ တိန့်
ထောက်လည်း ထရပ်လိုက်ရတော့၏။

ပြီးမှ နှစ်ယောက်သား တောင်ဆင်းလမ်းအတိုင်း ခပ်သွက်
သွက် ဆင်းသက်လာကြ၏။

ဝေါယာဉ်ကမူ သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားပြီဖြစ်
သည်။

•

တောင်ကုန်းအခြေသို့ရောက်လျှင် သူတို့ဘက်ဆီသို့ အခြား
တောလမ်းဘက်မှ လာနေသော လူနှစ်ယောက်ကို တွေ့မြင်ကြရ၏။

ထိုလူနှစ်ယောက်ကလည်း မိန်းမချောကလေးကို မြင်သ

နှင့် အပြေးလှမ်းလာကြသည်။

"လာ .... ကျွန်မတို့ မြန်မြန်သွားကြမယ် .... "

မိန်းမချောကလေးက လောဆော်ပြီး ခြေကိုသွက်သွ

လှမ်း၍ လျှောက်သည်။

"ခဏရပ်ဦး .... "

လူနှစ်ယောက်အနက် အပြာရောင်ဝတ်စုံကို ဝတ်ထားသူ

လှမ်း၍ ဟန့်တားလိုက်သည်။

ထိုသူနှစ်ဦးစလုံး သူတို့၏ရှေ့ကို လှစ်ခနဲ ရောက်လာပြီး ဝိ

ရပ်လိုက်ကြ၏။

ထိုလူနှစ်ဦးမှာ ဝတ်စုံပြာနှင့် ဝတ်စုံဝါကို ဝတ်ဆင်ထား

နှစ်ဦးစလုံး မျက်လုံးများက မိန်းမချောကလေး၏ တစ်ကိုယ်လုံး

သိမ်းကျုံး၍ ရမ္မက်ခိုးများဝေနေသောအကြည့်မျိုးဖြင့် ကြည့်ကြ၏

မျက်နှာကြီးများကလည်း ပြုံးဖြီးဖြီးကြီး ဖြစ်နေကြလေသည်

မိန်းမချောကလေးက ထိုသူနှစ်ဦးကို မျက်နှာထားတင်းတ

ဖြင့် ကြည့်၍ လေသံမာမာနှင့် မေးလိုက်၏။

"ရှင်တို့ ဘာကိစ္စရှိလို့လဲ .... "

ဝတ်စုံပြာက မလှမပ ပြုံးလိုက်ပြီး ....

"ဟီး .... ဟီး .... ဟီး .... ညီလေးနဲ့ ညီမလေးတို့ ဘယ်

သွားကြမလဲဆိုတာ မေးမလို့ပါ .... "

"ကျွန်မတို့ ဘာသာ ဘယ်ကိုပဲသွားသွား ရှင်တို့နဲ့ဘာဆိုင်

လဲ၊ ဘေးကို ဖယ်ကြစမ်းပါ .... "

မိန်းမချောကလေးက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်ပြီး တ



ထောက်လက်ကို ဆွဲကိုင်၍ ပြောသည်။

"လာ .... ကျွန်မတို့ သွားကြစို့"

သို့သော် လူနှစ်ယောက်က သူတို့၏ လက်နှစ်ဖက်ကို ဘေး

သို့ကား၍ လမ်းကို ပိတ်ထားကြ၏။

မိန်းမချောကလေး မျက်မှောင်ကြုတ်သွားကာ ထိုလူနှစ်

ယောက်ကို သေချာစွာ ကြည့်ပြီး မေးလိုက်သည်။

"ရှင်တို့နှစ်ယောက်က ဟိုယို့နယ်က သိုင်းသမားညီနောင်

မဟုတ်လား .... "

ပြုံးဖြီးဖြီးဖြစ်နေသော ထိုလူနှစ်ယောက်စလုံး မျက်နှာများမှာ

တအံ့တသြဖြစ်သွားပြီး ဝတ်စုံပြာမိန်းမချောကလေးကို ပြန်ပြောသည်။

"ဩော် .... လက်စသတ်တော့ မင်းကလည်း သိုင်းလောက

သားတစ်ယောက်ပဲကိုး .... မင်းက ငါတို့နှစ်ယောက်ရဲ့နာမည်ကို

တောင် သိနေတယ်ဆိုတော့ .... "

ထိုသူ စကားမဆုံးခင် မိန်းမချောကလေးက ဖြတ်ပြီးပြော

သည်။

"ကျွန်မ သိတာပေါ့ .... ဟိုယို့နယ်က သိုင်းသမားညီနောင်

ဟာ အခုတလော ဒီနယ်မှာ သွားလာလှုပ်ရှားနေတနယ် .... သိုင်း

ပညာ အားကိုးနဲ့ ပြည်သူလူထုတွေကို အနိုင်ကျင့်စော်ကားနေတယ်

ဆိုတာပါ ကျွန်မ ကြားထားရတယ် .... ထားပါလေ .... ဒါကတော့

ရှင်တို့ဘဝနဲ့ ရှင်တို့အကြောင်းပဲ .... ကျွန်မနဲ့ မဆိုင်ဘူး .... ကျွန်မနဲ့

ဆိုင်တာကို ပြောရမယ်ဆိုရင် ရှင်တို့နဲ့ ကျွန်မဟာ သိုင်းလောကသား

အချင်းချင်းပဲ .... ဒီတော့ ကျွန်မကို အနှောင့်အယှက်မပေးဘဲ လမ်း

ဖယ်ပေးမယ်ဆိုရင် ကောင်းလိမ့်မယ် .... "

ဝတ်စုံပြာနှင့် ဝတ်စုံဝါနှစ်ယောက်စလုံး ဟားတိုက်၍ မောလိုက်ကြသည်။

ဝတ်စုံပြာက ရယ်မောရင်းမှ ....

"ဟား .... ဟား .... ဟား .... တို့ကလည်း မင်းလို ချစ်စ ကောင်းတဲ့ မိန်းမလှလေးကို အနှောင့်အယှက်မပေးပါဘူး .... မင်း တို့က ကောင်းကောင်းမွန်မွန် ဧည့်ခံကျွေးမွေးချင်လို့ပါ .... တို့နဲ့ မြို့ထဲကို လိုက်ခဲ့ပါ .... မင်းကို တို့ပြုစုပါ့မယ် .... ဟဲ .... ဟဲ ....

ပြောပြောဆို ဝတ်စုံပြာက မိန်းမချောလေး၏ လက် ဖမ်းချုပ်လိုက်၏။

"ခင်ဗျား ဘာလုပ်တာလဲ ....

တိန့်ထောက်က အမြင်မတော်တော့သဖြင့် ဝင်ပြောသည် မိန်းမချောကလေးက တိန့်ထောက်ကို လက်ကာပြလိုက်ပြီး ....

"ရှင် ဝင်မပြောနဲ့ နောက်ကို ဆုတ်နေ"

တိန့်ထောက်လည်း နောက်ကို ခြေသုံးလှမ်း ဆုတ်နေလို သည်။

ထိုအခါမှ မိန်းမချောကလေးသည် ဝတ်စုံပြာ၏ ချုပ်ကိုင်မှု သူမ၏လက်ကို ရုန်းထွက်ကာ သိုင်းကွက်ကိုလည်း နင်းလိုက်တော ၏။

သူမ၏ လက်ဝါးနှစ်ဖက်ကိုမူ ဖြန့်၍ ထောင်ထားသည်။

ဟိုယို့နယ် သိုင်းသမားညီနောင်ကလည်း နောက်ကို ခြေနှ လှမ်းခန့်စီ ခုန်ဆုတ်လိုက်ကြ၏။

မိန်းမချောကလေးသည် သူမ၏လက်ဝါးနှစ်ဖက်ဆီသို အတွင်းအားများကို စုစည်းပြီး အံကိုတင်းတင်းကြိတ်ထားလေရာ သူ



၏ လက်ဝါးနှစ်ဖက်မှာ ခဏနှင့် သွေးကဲ့သို့ နီရဲလာတော့၏။

ဟိုယို့နယ် သိုင်းသမားညီနောင် နှစ်ယောက်စလုံး မျက်လုံး ပြူး ထိတ်လန့်သွားကြပြီး ....

"ဟော .... သွေးလက်ဝါး"

"သွေး .... သွေးလက်ဝါး"

နှစ်ယောက်သား နောက်ကို ချာခနဲ လှည့်ပြီး တချိုးတည်း ထွက်ပြေးကြတော့၏။

"လူကို စော်စော်ကားကား လုပ်ပြီးမှ ပြေးလို့ရမလား"

မိန်းမချောကလေးက ကြိမ်းဝါးလိုက်ပြီး ပြေးသွားသူ နှစ် ယောက်ထံ လွှားခနဲ ခုန်လိုက်သည်။

"ဟေး .... ဟိုင်း"

သူမထံမှ မာန်သွင်းအော်ဟစ်သံနှင့်အတူ သူမ၏နီရဲသော လက်ဝါးနှစ်ဖက်မှာလည်း လှုပ်ယမ်းသွားသည်။

လက်ဝါးရိပ်များလည်း များစွာ ပေါ်ထွက်လာသည်။

"အီး .... "

"အား .... "

ဝတ်စုံပြာနှင့် ဝတ်စုံဝါထံမှ ညည်းတွားအော်ဟစ်သံ ပေါ် ထွက်လာပြီး နှစ်ဦးစလုံး မြေပေါ်ကို ဗုန်းခနဲ လဲကျသွားကြ၏။

သူတို့နှစ်ဦးစလုံး မြေပေါ်တွင် သွေးရဲရဲ ဖြစ်နေကာ မလှုပ် မယှက် ဖြစ်သွားကြ၏။

သူတို့တတွေ သေသွားပြီလား၊ အသက်ရှင်လျက် ရှိသေး သလားဟူ၍ တိန့်ထောက် မသိပါချေ။

မိန်းမချောကလေး၏ ရုပ်ရည်နှင့်မလိုက်အောင်ကြောက်စရာ

ကောင်းသော ထက်မြက်သည့် သိုင်းပညာကိုမူ တိန့်ထောက် လ
တွေ့ မြင်ရလေပြီ။

မိန်းမချောကလေးမှာ ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးနှင့် တိ
ထောက်ထံ ရောက်လာပြီး ပြော၏။

"ကျွန်မတို့ သွားကြစို့"

တိန့်ထောက်လည်း မိန်းမချောကလေးနောက်မှ တထိတ်
ထိတ်နှင့် လိုက်ပါခဲ့ရတော့၏။

သူတို့နှစ်ဦးစလုံး ခပ်သွက်သွက် လျှောက်ခဲ့ကြသော်လည်း
ဝေါယာဉ်ကိုမူ အစအနမျှ မမြင်ကြရတော့ချေ။

အခန်း(၈)

## ဝေါယာဉ်ပေါ်ကလူ

ကြည်လင်သော ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တွေ ရုတ်ခြည်း အုပ်ဆိုင်းလာလေသည်။

မိန်းမချောကလေးက ကောင်းကင်ကို မော့ကြည့်ပြီး ....

"အချိန်အခါမဟုတ် မိုးရွာလိမ့်မယ်နဲ့တူတယ် .... ကျွန်မတို့ မြန်မြန်လျှောက်ကြမှ ဖြစ်မယ် .... နို့မဟုတ်ရင် မိုးရွာရင် ကျွန်မတို့ တစ်ကိုယ်လုံး ရွှဲရွှဲစိုကုန်လိမ့်မယ် .... "

မိန်းမချောကလေးက ခြေကိုပို၍ သွက်သွက်လှမ်းသောအခါ တိန့်ထောက်မှာ မလိုက်နိုင်တော့ချေ။

သူသည် မိန်းမချောကလေး၏နောက် ခပ်ဝေးဝေးတွင် ကျန်နေခဲ့သည်။

မိန်းမချောကလေးက သူ့ဆီကို စိတ်မရှည်သည့်ဟန်ဖြင့် ပြန်လှည့်လာပြီး ပြောသည်။

"ရှင် လျှောက်နေပုံမျိုးနဲ့ဆိုရင် ဘယ်လိုနည်းနဲ့မှ မိုးလွတ်မှာ မဟုတ်ဘူး ...."

"ကျွန်တော်လည်း အတတ်နိုင်ဆုံး ပြေးလိုက်တာပဲ ... ဒီထက် ပိုပြီးမပြေးနိုင်ဘူး .... ခုတောင် မောလွန်းလို့ အသက်ထွက်တော့မယ် .... "

"ကောင်းပြီ .... ဒါဆို ရှင့်ကို ကျွန်မထမ်းပြီးခေါ်မယ်"

တိန့်ထောက် ဘာမှပြန်မပြောနိုင်ခင် မိန်းမချောကလေးက သူ့ကို ဆတ်ခနဲ ကောက်ထမ်းလိုက်တော့၏။

တိန့်ထောက်မှာ မည်သို့မျှ မတတ်နိုင်ဘဲ မိန်းမချောကလေ ပခုံးပေါ်ကို ရောက်သွား၏။

"ကျွန်မ လက်နှစ်ဖက်ကို မြဲမြဲကိုင်ထား .... နို့မဟုတ် ကျွန်မ ပြေးရင် ရှင် လိမ့်ကျလိမ့်မယ် .... "

တိန့်ထောက်လည်း မိန်းမချောကလေး မြှောက်ထားသော လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရတော့၏။

ဒီလောက်တောင် ခေါ်ချင်လှတာ ထမ်းပြီး ခေါ်ပေစေဟု သော သဘောမျိုးဖြင့် တိန့်ထောက်ကလည်း မငြင်းဆန်ခြင်း ဖြစ်၏

သူကိုယ်တိုင်ကလည်း မောဟိုက်လွန်းနေသဖြင့် ဆက်ပြီး မလျှောက်နိုင်တော့ပါချေ။

မိန်းမချောကလေးက ကိုယ်ဖော့ပညာကိုသုံး၍ စတင်၍ ပြေး လေတော့၏။

အပြေးမြန်လွန်းလှသောကြောင့် တိန့်ထောက်၏မျက်နှာကို လေများတရကြမ်း တိုးဝှေ့နေပြီး နားနှစ်ဖက်တွင်လည်း လေတိုးသံ တွေ တဟူးဟူး ညံနေလေသည်။

တစ်ခဏနှင့် သူတို့သည် ဆယ်ကီခန့် ခရီးပေါက်ခဲ့သည်။

မိန်းမချောကလေးသည် တိန့်ထောက်ကိုထမ်း၍ အပြေးနှင်



နေရသော်လည်း မောဟိုက်နွမ်းနယ်ပုံ မရချေ။

မိုးသားတိမ်လိပ်များမှာ မို၍ အုပ်ဆိုင်းလာသည်။

မိုးသက်လေများကလည်း တဟူးဟူးနှင့် တိုက်ခတ်လာလေ သည်။

မိုးသည် မလွဲမသွေ ရွာပေတော့မည်။

သူတို့သည် သစ်ပင်များ ဝေဝေဆာဆာ ပေါက်နေသော တောနက်ကြီးအတွင်းသို့ ရောက်လာလေသည်။

ထိုအခါမှ မိန်းမချောကလေးက အပြေးရပ်ပြီးနားသည်။ တိန့်ထောက်က သူမ ပခုံးပေါ်မှ ခုန်ဆင်းသည်။

"ကျွန်တော့်ကို ထမ်းပြီး ပြေးလာရတာ .... ခင်ဗျား မမော ဘူးလား .... ကျွန်တော့်ကိုယ်ကလေးကော မလေးဘူးလား .... ပြီး တော့ ပြေးတာကလည်း မြန်လိုက်တာ .... ကျွန်တော့်နားထဲမှာ လေတိုးသံတွေ ဆူဆူညံနေတာပဲ .... "

မိန်းမချောကလေးက ပြုံးလိုက်ပြီး ....

"ကျွန်မက ကိုယ်ဖော့ပညာကို တတ်ထားတဲ့ သိုင်းသမားပဲ၊ အမောခံနိုင်တာပေါ့ .... "

တိန့်ထောက်လည်း ရှက်ပြုံး ပြုံးလိုက်ပြီး ....

"ဒါပေမယ့် လူမြင်ရင်တော့ ရှက်စရာပဲ .... ကျွန်တော် ကလည်း ခင်ဗျားကိုယ်ပေါ်က လိုက်ရတယ်လို့ .... တော်ပါသေးရဲ့ လေ .... ဒီနေရာ ပတ်ဝန်းကျင်က လူသူမရှိလို့ .... "

"ရှက်စရာ မလိုပါဘူး .... ရှင်ကမှ သိုင်းပညာ မတတ်ဘဲ ကဲ .... တောအုပ်ထဲကို ဝင်ကြစို့ .... အတွင်းဘက်မှာ သခင်ကြီးက ကျွန်မတို့အလာကို စောင့်နေလိမ့်မယ် .... "

"ဟုတ် .... ဟုတ်ကဲ့ .... "

တိန့်ထောက်သည် ရှေ့မှ ခပ်သွက်သွက် လျှောက်သွားသေ
မိန်းမချောကလေးနောက်မှသို့ အပြေးလိုက်လာခဲ့သည်။

သူသည် အတော်ကြာကြာ မိန်းမချောကလေးပခုံးပေါ်
လိုက်လာခဲ့ခြင်း ဖြစ်သောကြောင့် မောဟိုက် ပင်ပန်းခြင်း မရှိတေ
ချေ။



"ရှင့်နာမည် တိန့်ထောက်နော် .... "

"ဟုတ်ကဲ့ပါ .... ခင်ဗျားနာမည်ကကော"

"ကျွန်မနာမည်က ဖန်းပင်လို့ ခေါ်တယ် .... ရှင်က ကျွန်မထက် ယော်လိမ့်မယ် ထင်တယ် .... "

"ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ် .... "

"ကျွန်တော့်အသက်က ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာ .... ဒါဖြင့် ကျွန်တော်က ခင်ဗျားကို မမဖန်းလို့ပဲ ခေါ်မယ် .... ကျွန်တော့်ကိုလည်း မောင်ရင်းတစ်ယောက်လို ဆက်ဆံပါ .... "

"ကောင်းပြီ မောင်လေး တိန့်ရယ် ...."

ထိုအချိန်တွင် မိုးစက်မိုးပေါက်ကလေးများ စတင်ပြီးကျလာသည်။

သူတို့တစ်တွေ တောအုပ်ထဲသို့ ရောနေသဖြင့် မိုးရေစက်များက သူတို့အပေါ်သို့ သိပ်မကျချေ။

မကြာမီ သစ်ကိုင်းသစ်ရွက်များဖြင့် အုပ်ဆိုင်းစွာ ဝေဝေဆာဆာရှိနေသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်တန့်ထားသော ဝေါယာဉ်ကို လှမ်းမြင်ကြရလေသည်။

ဝေါယာဉ်အနီးသို့အရောက်တွင် သူတို့နှစ်ဦးစလုံး ရပ်တ လိုက်ကြသည်။

ဝေါယာဉ်ထဲမှ သွေးရိုပ်သခင်မ၏ အသံလည်း ပေါ်ထွ လာသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေကြတာ‌ေ ...."

မိန်းမချောကလေး ဖန်းပင်က ဦးညွှတ်လိုက်ပြီး ကျိုးနွံ ပြန်ပြောသည်။

"သူက မြန်မြန်မပြေးနိုင်လို့ စောင့်ခေါ်နေပါတယ် သခင် ကြီး၊ နောက်ပြီး လမ်းမှာလည်း ဟိုယို့နယ်သိုင်းသမား ညီနောင်က အနှောင့်အယှက်ပေးလို့ တိုက်ခိုက်နေရတာနဲ့ ကြာသွားပါတယ်"

"မင်း သူတို့နှစ်ယောက်က ငါ့တပည့်မှန်း မသိကြဘူးလား

"မသိကြလို့ပါ .... ဒါပေမယ့် သိသွားတဲ့အချိန်မှာ သူတို့ ကျွန်မ ကောင်းကောင်းကြီးဆုံးမခဲ့ပါတယ် သခင်မကြီး ...."

ဝေါယာဉ်ထဲမှ အသံတိတ်သွားသည်။ အပြစ်ဆိုခြင်းလည် မပြုတော့ချေ။

ခဏနေမှ သွေးရိုပ်သခင်မ၏အသံ ပြန်ပေါ်လာသည်။

"မိုးကလည်း သည်းလာတော့မယ် ....ဒီအတိုင်း သွားနေ မဖြစ်ဘူး ...."

ဖန်းပင်က ပြုံးလိုက်ပြီး ....

"သူ့ကို ကျွန်မပခုံးပေါ်ထမ်းပြီး ခေါ်လာခဲ့ပါ့မယ် သခင် ကြီး ...."

"အို .... ဘယ်ဖြစ်ပါ့မလဲ၊ လူမြင်လို့လည်း မတော်ဘူး၊ ဒီ လုပ်၊ သူ့ကို ငါ့ဝေါယာဉ်ခေါင်မိုးပေါ် တက်ထိုင်ခိုင်းပြီး လိုက်ပါစေ



သွေးရိုပ်သခင်မ၏ စကားကြောင့် မိန်းမချောကလေးဖန်းပင် ခင်ခနဲ တစ်ချက်ရယ်လိုက်သည်။ တိန့်ထောက်ဘက်ကိုလည်း လှည့် ပြောသည်။

"ကဲ .... ဝေါယာဉ်ခေါင်မိုးပေါ် တက်ထိုင်တော့၊ ကောင်း ကောင်းလည်း ကိုင်ထားဦးနော်၊ လိမ့်ကျပြီး ကျန်ခဲ့ဦးမယ် ...."

တိန့်ထောက်သည် ဝေါယာဉ်ခေါင်မိုးပေါ် တက်ထိုင်၍ လိုက် ရမည်ကို ရှက်နေမိ၏။

သို့သော် မိန်းမချောကလေး ဖန်းပင်၏ ပခုံးပေါ်မှ လိုက် ရသည်ထက်များစွာ လူမြင်၍ ကောင်းဦးမည်ဟု-တွေးမိပြန်ကာ ခပ်မြန် မြန်ပင် ဝေါယာဉ်ခေါင်မိုးပေါ်ကို တက်၍ ထိုင်လိုက်တော့၏။

ခေါင်မိုးစွန်းကို လက်နှစ်ဖက်နှင့် မြဲမြဲစွာ ကိုင်၍ထား၏
တိန့်ထောက်ထိုင်ပြီးသည်နှင့် ဝေါယာဥ်က အပေါ်ကိုမြော
တက်သွားသည်။ လူသန်ကြီးနှစ်ယောက်က ထမ်းလိုက်ကြသော
ကြောင့်ဖြစ်၏။

ယခုအခါတွင် ဖန်းပင်က ရှေ့မှဦးစွာ လမ်းရှင်းသည့်အနေ
ပြေးထွက်သွားသည်။

လူသန်ကြီးနှစ်ယောက်ကလည်း ဝေါယာဥ်ကို ထမ်း၍ ပြေ
ကြ၏။

လူသန်ကြီး နှစ်ဦးစလုံးအဆင့်မြင့် ကိုယ်ဖော့ပညာကို တ
ကျွမ်းကြသူများ ဖြစ်သဖြင့် ဝေါယာဥ်မှာ တရိပ်ရိပ်ပြေးနေသည်။

ခဏနှင့်သူတို့သည် တောအုပ်ထဲမှ ထွက်လာနိုင်ခဲ့ကြသည်

မိုးမှာ တဖြည်းဖြည်း သည်းလာသည်။

ရှေ့မှ ပြေးနေသော ဖန်းပင်မှာ ကျောက်တောင်ကြီးပေါ်
ပြေးတက်လျက်ရှိနေသည်။

သူမသည် ဝေါယာဥ်နှင့် အတော်ဝေးဝေးသို့ပင် ရောက်
လေပြီ။

လူသန်ကြီးနှစ်ယောက်ကလည်း ဝေါယာဥ်ကို ထမ်း
တောင်ပေါ်ကို ပြေးတက်ကြသည်။



မိုးမှာ တဝေါဝေါရွာသွန်းလေပြီ။

မိုးစက်မိုးပေါက်များကျသံက တသောသော ညံစီနေသည်။

ဝေါယာဥ်ပေါ်မှ ထိုင်လိုက်လာသော တိန့်ထောက်သည် သူ၏ မျက်လုံးများထဲသို့ မိုးစက်များ အရှိန်ပြင်းစွာ စင်ဝင်လာသဖြင့် မျက်လုံးကို မှေးထားရသည်။

လူသန်ကြီးနှစ်ယောက်မှာ ဝေါယာဥ်ကို ထမ်း၍ ခုန်ကာပြေးနေခြင်းကြောင့် တိန့်ထောက်မှာ ဝေါယာဥ်နှင့်အတူ မြောက်၍ မြောက်၍ သွားသည်။

သူ့ရင်ထဲမှာလည်း အေးခနဲ အေးခနဲ ဖြစ်သွားသည်။

သူသည် ဝေါယာဥ်ပေါ်က ကျမသွားစေရန် ခေါင်မိုးအစွန်းကို ကျစ်ကျစ်သာ ဆုပ်ကိုင်ထားသည်။

ဝေါယာဥ်မှာ တိမ်းစောင်းသွားခြင်း၊ ထောင်တက်သွားခြင်း မရှိ၍သာ သူသည် လိမ့်မကျခြင်းဖြစ်၏။

တောင်ပေါ်သို့ ရောက်လာပြီးနောက် .... လူသန်ကြီး နှစ်ယောက်သည် တောင်ဆင်းလမ်းအတိုင်း ခုန်ပေါက်၍ ပြေးဆင်းလာကြပြန်သည်။

တောင်ခြေသို့ ရောက်လုနီးနီးအချိန်တွင် လမ်း၏ ဝဲယာတစ်ဘက်တစ်ချက်စီတွင် သစ်ပင်ကြီးများ ပေါက်ရောက်နေသည်ကို တိန့်ထောက် တွေ့မြင်ရလေသည်။

တောင်ဆင်းလမ်း ဖြစ်သောကြောင့် ဝေါယာဥ်မှာ ပိုပြီး အရှိန်မြန်မြန်နှင့်ဆင်းနေသည်။

မိန်းမချောကလေး ဖန်းပင်ကိုမူ တိန့်ထောက်မတွေ့ရတော့ချေ။

မိုးမှာလည်း ပိုပြီး သဲသဲမဲမဲ ရွာသွန်းချလာသည်။

ဝေါယာဉ်မှာ မြန်ဆန်လွန်းလှသဖြင့် တိန့်ထောက်မှာ မျ
လုံး အပြူးသားပင် ဖြစ်နေမိ၏။

သူ့ကို လူကြောင်ထင်မည်စိုး၍ မအော်မိစေရန် စိတ်
မနည်းထိန်းထားရသည်။

တိန့်ထောက်သည် မိုးစက်မိုးပေါက်များကြောင့် မျက်လုံးပိ
ထားရာမှ ခဏဖွင့်ကြည့်လိုက်သည်။

လမ်းဘေးတွင် ပေါက်နေသော သစ်ပင်ကြီးတစ်ပင်မှ သ
ကိုင်းတစ်ကိုင်းက သူ့ရှေ့တွင် ကန့်လန့်ဖြတ် ခံနေသည်ကို ရုတ်ခြည်း
တွေ့လိုက်ရပြီး မျက်လုံးပြူးသွားမိသည်။

ထိုစဉ် လှသန်ကြီးနှစ်ယောက်ကလည်း ခုန်လိုက်သဖြင့် ဝေ
ယာဉ်မှာ မြောက်တက်သွားကာ ရှေ့မှ သစ်ကိုင်းကြီးနှင့်တိန့်ထော
မှာ မလွတ်တော့ချေ။

ငုံ့ရှောင်လည်း မလွတ်တော့ချေ။



ဤအတိုင်းလိုက်ပါသွားပါကလည်း သူ့ကိုယ်နှင့်သစ်ကိုင်းမှာ
လွဲရိုက်သလို ဖြစ်ပြီး အထိနာပေတော့မည်။

သူသည် ကမန်းကတန်း သစ်ကိုင်းကြီးကို ဆီးဖမ်းလိုက်ရ
တော့၏။

ဝေါယာဉ်မှာ ပြန်၍ နိမ့်ကျသွားပြီး တိန့်ထောက်ကမူ သစ်
ကိုင်းကြီးတွင် ဖက်လျက်ကျန်နေခဲ့၏။

သူ့ခန္ဓာကိုယ်မှာ အောက်ဘက်တွင် တွဲလွဲကြီးဖြစ်နေသည်။

သူ့မျက်နှာနှင့်ပါးစပ်ကို မိုးစက်များက ပြင်းပြင်းထန်ထန်
ရိုက်ခတ်နေသဖြင့် သူသည် အော်ရန် ပါးစပ်ဟ၍ မရချေ။

ပါးစပ်ဟလိုက်တိုင်း မိုးရေများက ပါးစပ်ထဲဝင်ပြီး တဝူးဝူး
တဝါးဝါး အသံသာ ထွက်ပေါ်လာသည်။

သူသည်ရေသီးသွားသဖြင့် ချောင်းတဟွတ်ဟွတ်သာဆိုးမိ၏။

ဝေါယာဉ်ကြီးမှာမူ တောင်ခြေရှိ တောအုပ်ထဲသို့ ဝင်ရောက်
ပျောက်ကွယ်သွားသည်။

တိန့်ထောက်မှာ သစ်ကိုင်းကိုဆွဲလျက် တန်းလန်းကြီးဖြစ်နေ
ပြီး မြေကြီးနှင့် ဆယ်ပေခန့်ကွာဝေးနေသဖြင့် ခုန်ချရမှာခက်နေသည်။

မြေပြန့်တွင်ဆိုလျှင် အကြောင်းမဟုတ်သော်လည်း ယခုမူ
သူ့အောက်မှမြေမှာ ကုန်းဆင်းကြီး ဖြစ်နေသောကြောင့် ရုတ်ခြည်း

ခုန်မချရဲချေ။

အကျမတော်ပါက သူသည် တောင်ကုန်းအတိုင်း တစ်ရှိန် လိမ့်ဆင်းကျသွားပေလိမ့်မည်။

ဤအတိုင်း သစ်ကိုင်းကြီးကို ဆွဲထားရ၍လည်း မဖြစ်ချေ

နောက်ဆုံးတော့ ဘာပဲဖြစ်ဖြစ်ဟု တွေးကာ တိန့်တော သည် အောက်သို့ ခုန်ဆင်းလိုက်တော့၏။

မြေပေါ်သို့ သူသည် မတ်တပ်ကျသွားသော်လည်း ချက်ချ ပင် လဲကျသွားပြီး တောင်ကုန်းအောက်သို့ တလိမ့်ခေါက်ကွေး ဆ ကျသွားပြန်တော့သည်။

ဆယ်ပေခန့် လိမ့်ကျသွားပြီးမှ ကျောက်တုံးတစ်တုံး ခံ သောကြောင့် သူ့ခန္ဓာကိုယ်မှာ တန့်ရပ်သွားသည်။

သူ့တစ်ကိုယ်လုံး နာကျင်သွားပြီး ရွှံ့တွေ အလူးလူး ဖြစ်သွ သည်။ သူသည် မျက်နှာရှုံ့မဲ့ပြီး ထရပ်သည်။

မိုးမှာ အနည်းငယ် တိတ်သွားပြီး လေကမူ တဟူးဟူးတို ခတ်လျက်ရှိနေပေသည်။

သူသည် တောင်အောက်သို့ ဒယီးဒယိုင်နှင့်ဆင်းလာသည်

သူ့ကိုယ်တွင် ပွန်းပဲ့ရာ အနည်းငယ်သာ ဒဏ်ရာရသွားသဖြ ကံကောင်းလှသည်ဟု တွေးမိသည်။

ယခုကဲ့သို့ ခြေလှမ်းမျိုးနှင့်သူသည် မိန်းမချောလေး နော သို့လိုက်၍ မိတော့မည် မဟုတ်ချေ။

မည်သည့်နေရာနေရာကို လိုက်ရမှန်းလည်း မသိချေ။

သူသည် တောအုပ်ကြီးထဲသို့ ဝင်ခဲ့ပြီး ခြေဦးတည့်ရာသ လျှောက်နေမိသည်။



အတန်ကြာအောင် လျှောက်မိလျှင် မောပန်းလာသဖြင့် သစ် ပင်ကြီးတစ်ပင်အောက်တွင် သူ ထိုင်နားနေလိုက်သည်။

မိုးတိတ်သွားသဖြင့် ရာသီဥတုမှာ ပြန်လည်၍ ကြည်ကြည် လင်လင် ဖြစ်လာသည်။

သို့သော် နေဝင်တော့မည် ဖြစ်သောကြောင့် တောအုပ်ထဲ တွင် အလင်းရောင်အားနည်းနေလေသည်။

တောအုပ်ထဲမှ ထွက်လျှင် လူနေအိမ်ခြေကို တွေ့နိုင်လိမ့် မည်ဟူသော ထင်မြင်ချက်ဖြင့် သူသည် ခဏသာ အနားယူပြီး ဆက်၍ လျှောက်သည်။

အတန်ကြာသောအခါ တောအုပ်မှ ထွက်နိုင်ခဲ့သည်။

သူ့ရှေ့တွင် မြင့်မားလှသော ကျောက်တောင်ကြီး ဆီးကာ နေသည်ကို တွေ့ရသောအခါ သူသည် ရင်မောသွားလေသည်။

ယခု အခြေအနေကို ရောက်မှတော့ ကျောက်တောင်ကြီး ကို သူသည် ဖြတ်ကျော်ရပေတော့မည်။ လူနေအိမ်ခြေ မတွေ့မချင်း ခရီးဆက်ရပေလိမ့်မည်။

သူသည် ခဏမျှ ထပ်နားပြီး ကျောက်တောင်ကြီးပေါ်ကို စတင် တက်လာမိသောအခါ နေရောင်သည် ပျောက်ကွယ်သွားပြီး အမှောင်ထုမှာ ကြီးစိုးလာလေ သည်။

လူနေအိမ်ခြေတွေ့မှ သူ့အတွက် အဆင်ပြေလိမ့်မည်ဟု အတွေးဖြင့် သူသည် ဇွဲတင်းကာ ကျောက်တောင်ကြီးပေါ် ဆက်တက် ခဲ့သည်။

## အခန်း (၉)

## သုံးလဆေးပင်

အမှောင်ထုသည် လွှမ်းခြုံသွားလေပြီ။

ကောင်းကင်ပြင်မှာ ကြည်လင်နေပြီး လရောင်မရှိသော်လည်း ကြယ်ပွင့်ကလေးများ စင်းလက်တောက်ပနေကြသဖြင့် ပိန်းပိတ်အောင် မှောင်နေခြင်းတော့ မရှိပါချေ။

တိန့်ထောက်ကိုယ်တွင် မိုးစိုနေသော မိုးရေများမှာ မခြောက်သေးသဖြင့် တောင်ပေါ်လေအေး၏ တိုက်ခတ်ခြင်းကို ခံရပြန်သောအခါ သူသည် ချမ်းအေးလာတော့သည်။

သွေးပူပြီး အနွေးဓာတ်ရစေရန် တောင်ပေါ်ကိုသာ ဆက်ပြီးတက်လာသည်။

တောင်ထိပ်နားဆီသို့ ရောက်လာသောအခါ သူသည် မည်သို့မျှ ဆက်မတက်နိုင်တော့ဘဲ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်ချ၍ နားလိုက်ရတော့၏။

ယခုအချိန်အထိ လူနေအိမ်ခြေကိုလည်း မတွေ့။

မည်သူ တစ်ဦးတစ်ယောက်ကိုမှလည်း မတွေ့ရသဖြင့် ....



အတော်ကြီး စိတ်ပျက်နေမိသည်။ သူသည် ကြာကြာမနေနိုင်ပါချေ။

မိန်းမချောကလေး ဖန်းပင်နှင့်ခရီးကြမ်းကို တရကြမ်းနှင်ခဲ့ရပြီး ယခုလည်း ခရီးဆက်နှင်နေရသဖြင့် သူ့ဝမ်းဗိုက်မှာ လွန်စွာ ဆာလောင်မွတ်သိပ်လျက် ရှိနေသည်။

ယခုအချိန်တွင် အစာမစားရသည့်တိုင်အောင်မှ ရေနွေးကြမ်းကလေးတစ်ခွက်သောက်ပြီး ထွေးထွေးနွေးနွေး အိပ်စက်အနားယူလိုလှပြီဖြစ်၏။

ထို့ကြောင့် သူသည် တောင်ပေါ်ကို ဆက်ပြီးတက်လေသည်။

"ဘယ်သူလဲဟေ့ ...."

သူ လျှောက်လှမ်း၍မှ သိပ်မကြာသေးခင် တစ်နေရာဆီမှ မေးမြန်းသံ ပေါ်ထွက်လာသည်။

လူတစ်ယောက်၏ ပြောဆိုသံကို ကြားလိုက်ရသဖြင့် သူသည် အနည်းငယ် ဝမ်းသာသွားသည်။

သူ့ကို အကူအညီ ပေးမည့်သူ ဖြစ်ပါစေဟုလည်း စိတ်ထဲမှ ဆုတောင်းလိုက်မိသည်။

သူသည် တန့်ခနဲ ရပ်လိုက်ပြီး အသံလာရာကို လှည့်ကြည့်လိုက်၏။

သို့သော် သူ့ ပတ်ဝန်းကျင်မှာ မှောင်မည်းနေသဖြင့် သူသည် အသံရှင်ကို မမြင်ရပါချေ။

"ဘယ်သူလဲလို့ မေးနေတာ ပြောလေ ...."

ထပ်မံပြီး မေးမြန်းသံ ပေါ်ထွက်လာတော့မှ ကျောက်တုံးကြီး တစ်တုံး၏ ဘေးနားမှ ပေါ်ထွက်လာသော အသံဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

ကျောက်တုံးကြီး အောက်တွင် လူတစ်ယောက် ရပ်နေသည်
ကြယ်၏ အလင်းရောင်နှင့် မှုန်ဝါးဝါးမြင်ရသည်။

သူနှင့်လည်း သိပ်ပြီး အလှမ်းမကွာဝေးချေ။

လူရိပ်၏လက်ထဲတွင် တုတ်ကောက်ကြီးတစ်ချောင်းကို
ထားပြီး အသက်အရွယ် အိုမင်းနေသူ ဖြစ်ကြောင်း သိရသည်မှာ
အသံသြသြကြီးနှင့် ပြောလိုက်ခြင်း ဖြစ်သဖြင့် ယောကျ်ားမိန်းမ
ခြားနိုင်သေးချေ။

လူရိပ်က တောင်ဝှေးကို ထောက်ပြီး သူ့ထံကို လှမ်းလျှော
လာ၏။

ထိုအခါမှ တိန့်ထောက်က ကမန်းကတန်း ပြန်ဖြေလိုက်
"ကျွန်တော် ဒုက္ခရောက်လာတဲ့သူပါ ခင်ဗျာ ....လူကော
တစ်ယောက်လည်း ဖြစ်ပါတယ် .... "

လူရိပ်မှာ အနီးသို့ ရောက်လာသောအခါ အဘွားအို
တစ်ယောက်ဖြစ်ကြောင်း တိန့်ထောက် မြင်ရလေသည်။ အဘွားအို
ဆံပင်ဖြူဖွေးနေပြီး အသက်ခုနစ်ဆယ်ပတ်ဝန်းကျင်ခန့် ရှိနေလေ

"မင်းက ဒုက္ခရောက်လာတဲ့သူ၊ လူကောင်း ဟုတ်လား"

တိန့်ထောက်က ဦးညွှတ်လိုက်ပြီး ....

"ဘွားဘွားက ဒီတောင်ပေါ်မှာ နေသလား .... "

အဘွားအိုက တိန့်ထောက်အမေးကို မဖြေဘဲ သူမက
ပြန်မေးသည်။

"ဒီတောင်ပေါ်ကို မင်း ဘယ်လိုလုပ်ရောက်လာတာလဲ"

"ကျွန်တော် မျက်စိလည် လမ်းမှားပြီး ရောက်လာတာ
ဘွားဘွား .... "



"မင်းရဲ့အသံက လူငယ်တစ်ယောက်ရဲ့အသံပဲ၊ မင်းအသက်
ဘယ်လောက်ရှိပြီလဲ .... "

ထိုအမေးကြောင့် တိန့်ထောက် အံ့ဩသွားပြီး အဘွားအို၏
မျက်နှာကို သေချာစွာ ကြည့်မိသည်။ ပြီးမှ မေးသည်။

"ဘွားဘွားက မျက်စိ မမြင်ဘူးလား .... "

"အေး .... ငါက မျက်မမြင် တစ်ယောက်ပဲ၊ မင်း အသက်
ဘယ်လောက်ရှိပြီလဲလို့ မေးနေတာ ဖြေစမ်းပါဦး .... "

"ဆယ့်ခုနစ်နှစ်ပါ ဘွားဘွား .... "

"မင်းနာမည်ကကော .... "

"တိန့်ထောက်ပါ ခင်ဗျာ .... "

"အေး .... မင်း ငါ့ကို တွဲပြီး လိုက်ပို့ပေးစမ်း၊ ငါလည်း လမ်း
မှားပြီး အိမ်ပြန်လမ်းကို ပြန်မရောက်ဘူး ဖြစ်နေတယ် .... "

"ဟုတ်ကဲ့ .... တွဲပို့ပါမယ် ဘွားဘွား၊ ဘွားဘွားရဲ့အိမ်က
ဘယ်မှာလဲ၊ တောင်ပေါ်မှာလား၊ တောင်ခြေမှာလား၊ ကျွန်တော်
ဘယ်ကို တွဲပို့ရမလဲ .... "

"ငါ့ရဲ့အိမ်က ဒီတောင်ရဲ့အရှေ့ဘက်မှာ ရှိတယ်ကွယ့်၊ သိပ်
မဝေးလှပါဘူး .... အဘွားအိမ်က မီးရောင်ကို မင်းတွေ့ပါလိမ့်မယ်"

တိန့်ထောက်သည် ဆက်မမေးဘဲ အဘွားအိုကြီးအနီးသို့ ချဉ်း
ကပ်သွားပြီး တောင်ဝှေးကို ကိုင်ထားသော လက်ကို ဆွဲကိုင်လိုက်၏။

အဘွားအိုကို တွဲခေါ်ရန် ဖြစ်သည်။

"အား .... "

တိန့်ထောက် ကျောကော့သွားပြီး တစ်ကိုယ်လုံး နာကျင်
သွားကာ အော်ဟစ်လိုက်သည်။

အဘွားအိုက အရွယ်နှင့်မလိုက်အောင် သွက်လက်စွာဖြင့် လက်ကို ဦးစွာ ဖမ်းဆွဲပြီး ညှစ်လိုက်သောကြောင့် ဖြစ်လေသည်။

"အားရိုး အားရိုး .... နာလိုက်တာ .... လွှတ်ပါ လွှတ်

တိန့်ထောက်က ရုန်းကန် အော်ဟစ်သော်လည်း အဘွား၏ ဆုပ်ကိုင်ထားမှုကို ရုန်းထွက်၍ မရချေ။

"ဒီတောင်ပေါ်ကို မင်း တက်လာတာ ဘာအကြံအစည်ရှိ မှန်မှန်ပြောစမ်း .... "

အဘွားအို၏ အသံက ခက်ထန်မာကျောလွန်းလှသည်။

"အား .... အားရိုး .... ဘာအကြံအစည်မှ မရှိပါဘူး .... ကျွန်တော် ဒုက္ခရောက်ပြီး ခြေဦးတည့်ရာ သွားရင်း ဒီကို ရောက်လ တာပါ .... အား .... လွှတ်ပါ ဘွားဘွားရယ် .... "

အဘွားအိုက တိန့်ထောက်၏လက်ကို ပြန်လွှတ်ပေးလိုက်၏

တိန့်ထောက်သည် အဘွားအို ဖျစ်ညှစ်လိုက်သော သူ့လက် ကို ကျန်လက်တစ်ဖက်နှင့်ကိုင်ပြီး မျက်နှာ ရှုံ့မဲ့နေသည်။

"မင်းက သိုင်းပညာမှ မတတ်ဘဲကိုး .... "

"ဟုတ်ကဲ့ .... ကျွန်တော် သိုင်းပညာ မတတ်ပါဘူး .... "

"မင်း ဘယ်ကို သွားမလို့လဲ .... "

"ဘယ်ရယ်လို့ ဦးတည်ချက် မရှိပါဘူး .... ကျွန်တော့်မှာ ဆွေမျိုးသားချင်းလည်း မရှိပါဘူး .... နေဖို့လည်း မရှိဘူး .... ကျွန်တော် နေဖို့စားဖို့ အဆင်ပြေမယ့် နေရာကိုရှာရင်း ဒီနေရာကို ရောက်လာ ခဲ့တာပါ .... "

အဘွားအိုက စဉ်းစားသလို ခဏငြိမ်နေပြီးမှ ....

"ကောင်းပြီ .... ဒီလိုဆို မင်း ငါနဲ့လိုက်ခဲ့ .... "



တိန့်ထောက် ဝမ်းသာသွားပြီး ....

"ဘွားဘွားအိမ်က အဝေးကြီးလားဟင် .... ဒီတောင်ပေါ် မှာ ရွာရှိနေလို့လား .... "

"ရွာမရှိပါဘူး .... ငါတစ်ယောက်တည်းပဲ နေတယ် .... ငါ နဲ့သာ လိုက်ခဲ့ပါ .... "

မျက်မမြင် အဘွားအိုက တောင်ဝှေးကို တဒေါက်ဒေါက်နှင့် ထောက်ကာ ရှေ့မှ ထွက်သွားသည်။

တိန့်ထောက်လည်း နောက်မှ လိုက်လာခဲ့သည်။

စောစောက အဘွားအို လမ်းမှားသည်ဆိုခြင်းမှာ သူမ၏ အနီးသို့ တိန့်ထောက် ချဉ်းကပ်လာစေရန် ပရိယာယ်သုံးလိုက်ခြင်း သာ ဖြစ်၏။

အဘွားအိုသည် မှောင်မည်းကြီးထဲတွင် ကျွမ်းကျင်စွာဖြင့် ခပ်သွက်သွက် လျှောက်နေသည်။

မျက်စိမြင်သော တိန့်ထောက်မှာ မနည်းမီအောင် လိုက်နေ ရ၏။

မကြာမီ အလင်းရောင်ထွက်နေသော ကျောက်ဂူဝရှေ့ဆီသို့ ရောက်လာ၏။

ကျောက်ဂူထဲတွင် မီးထွန်းထားသဖြင့် မီးရောင် ဖြာထွက် နေခြင်း ဖြစ်လေသည်။

မျက်မမြင် အဘိုးအိုက တိန့်ထောက်ကို ကျောက်ဂူတွင်းသို့ ခေါ်ဆောင်လာသည်။

ကျောက်ဂူမှာ လေးထောင့်ကျကျရှိနေပြီး ပေလေးဆယ်ခန့် အလျားရှိကာ ဆယ့်ငါးပေခန့် အနံ ရှိလေသည်။

ကျောက်ဂူအလယ်တွင် မီးပုံတစ်ပုံကို ဖိုထားပြီး မီးပုံ
တွင် ကျားသားရေကြီး တစ်ချပ်ကို ဖြန့်ခင်းထားသည်။

ဝူနံရံတွင် ငှက်သား၊ ယုန်သားခြောက်များကို ဆွဲချိတ်
သည်။

သစ်သီးဝလံများလည်း ဂူထောင့်တွင် ခြင်းတောင်းတ
နှင့်အပြည့်ရှိနေ၏။

ဤမျှလူသူ မရောက်မပေါက်သော နေရာတွင် မျက်မ
အဘွားအိုကြီး တစ်ယောက်တည်း နေထိုင်ခြင်းအတွက် တိန့်ထော
အံ့သြ၍မဆုံးအောင် ဖြစ်မိ၏။

ပြီးတော့ သိုလှောင်ထားသည့် အစားအစာတွေ ဤမျ
များစားစားကို မျက်မမြင် အဘွားအိုအနေနှင့် မည်ကဲ့သို့ ရှာဖွေ
သနည်းဟု စဉ်းစားမရ ဖြစ်နေသည်။

"ဒီမှာ ဘွားဘွားတစ်ယောက်တည်းပဲ နေတာလား ...."

"အေးကွယ် .... ထိုင် .... "

တိန့်ထောက်သည် မီးပုံဘေးတွင် ထိုင်ချလိုက်၏။ ချမ်းအေ
လွန်းနေသော သူ့ကိုယ်က ခဏနှင့်နွေးထွေးသွားသည်။

"အဘွားက မျက်စိမမြင်ဘဲ ဘာဖြစ်လို့ ဒီမှာ တစ်ယော
တည်း နေရတာလဲ .... ဒီလို နေရာမျိုးက မျက်စိမမြင်တဲ့ လူမျိုးတော
တစ်ယောက်တည်းနေဖို့ မလွယ်လှဘူး .... စားရေးသောက်ရေ
ဝိုပြီး ခက်မှာပဲ .... "

မျက်မမြင်အဘွားအိုက ပြုံးလိုက်ပြီး ....

"ငါစားသောက်ဖို့အတွက်တော့ လုံးလုံးပူစရာ မလိုပါဘူး
ဂူထောင့် အပေါ်ဘက်ကို ကြည့်လိုက်ပါလား .... ငါ စားဖို့ သော



သူက ရှာပေးမယ် .... ငါ့အတွက် အများကြီးတောင် ပိုသေးတယ်"

တိန့်ထောက် ကြည့်လိုက်ရာ ဂူထောင့်အပေါ်တွင် သစ်ကိုင်း
တန်းကြီးတစ်တန်း ရှိနေပြီး ၎င်းသစ်ကိုင်းတန်းပေါ်တွင် နီမြန်းသော
မျက်လုံးအစုံနှင့် သူ့ကို ကြည့်နေသော သိမ်းငှက်ကြီးတစ်ကောင်ကို
မြင်ရလေသည်။

သိမ်းငှက်ကြီး၏ လက်သည်းများမှာ ရှည်လျားလွန်းလှသည်။
နှုတ်သီးကြီးမှာလည်း ကွေးကောက် ချွန်မြနေသည်။

အဘွားအိုက ဆက်ပြောသည်။

"ဒီသိမ်းငှက်ကြီးဟာ ငါ့အတွက်တော့ အကောင်းဆုံးအဖော်
ပဲ .... လူတစ်ယောက်ထက်တောင် ပိုပြီး အားထားရတယ် .... သူက
ငါ့အတွက် သားကောင်တွေ ဖမ်းပေးတယ် .... သစ်သီးဝလံတွေ ရှာ
ပေးတယ် .... "

တိန့်ထောက်သည် သိမ်းငှက်ကြီးကို မျက်လုံးအပြူးသားဖြင့်
တအံ့တသြသာ ကြည့်နေမိ၏။

အဘွားအိုက ဆက်ပြောသည်။

"မင်းကတော့ သိပ်ပြီး အံ့သြနေမှာပဲ .... အေးလေ သိုင်း
သမားတစ်ယောက် မဟုတ်တော့ ပိုပြီး အံ့သြကြမှာပဲ .... နောက်မှ
အံ့သြ .... လောလောဆယ် မင်းလည်း ဆာနေမှာပဲ .... ငါကတော့
စားသောက်ပြီးပြီ .... ဟိုမှာ ချိတ်ထားတဲ့ အသားခြောက်တွေကို မင်း
ကြိုက်သလို ယူပြီး မီးကင်စားပေတော့ .... သောက်ရေလည်း ရှိတယ်၊
ရေနွေးပူပူ သောက်ချင်ရင်တော့ ကျိုပြီးသောက် .... "

တိန့်ထောက်သည် လွန်စွာဆာလောင်နေပြီ ဖြစ်၍ ဣန္ဒြေ
ဆယ်မနေတော့ဘဲ အသားခြောက်များကို မီးကင်တော့၏။

အသားများမကျက်ခင် ခြင်းတောင်းထဲမှ သစ်သီးများကို အရင်ယူစားသည်။

အသားကင်များ ကျက်တော့လည်း စားသည်။

ရေကိုမူ ကျိုချက်မနေတော့ဘဲ အဝသောက်ချလိုက်လေသည်။

အဘွားအိုက ဘာတစ်ခွန်းမှမပြောဘဲ ငြိမ်နေသည်။

တိန့်ထောက်သည် စားသောက်ပြီးတော့မှ အဘွားအိုကို ကျေးဇူးတင်စကား ပြောရတော့၏။

"စားလို့သောက်လို့ ကောင်းရဲ့လား သူငယ် ...."

"သိပ်ပြီးကောင်းပါတယ် ဘွားဘွား .... ဒီအတွက် ဘွားဘွားရဲ့ ကျေးဇူးကို ကျွန်တော် မမေ့တော့ပါဘူး ...."

"ကျေးဇူးမမေ့တာကို နောက်ထားဦး သူငယ် .... မင်းကို ဘွားဘွား အကူအညီတစ်ခု တောင်းချင်တယ် .... ဘွားဘွားကို မင်း ကူညီနိုင်ပါ့မလား ...."

"ဘွားဘွားလိုအပ်တဲ့ အကူအညီမှန်သမျှ ကျွန်တော်ပေးပါ့မယ် ဘွားဘွား .... ဘာကူညီရမယ်ဆိုတာသာ ပြောပါ ...."

"မင်းရဲ့ မျက်လုံးနှစ်လုံးကို ဘွားဘွားငှားချင်တယ် ...."

"ဗျာ ...."

တိန့်ထောက် ထိတ်ခနဲ ဖြစ်သွားပြီး မျက်လုံးပြူးသွားလေသည်။



တိန့်ထောက် ထိတ်လန့်သွားမှန်း အဘွားအို သိလိုက်ပြီး ပြုံး၍ ဆက်ပြောသည်။

"လန့်သွားလား သူငယ်ရဲ့ .... မစိုးရိမ်ပါနဲ့ .... ဘွားဘွား ဆိုလိုတာက ဒီလိုပါ .... ဘွားဘွားမှာ မျက်စိရှိပေမယ့် မမြင်ရတော့ဘူး မဟုတ်လား .... ဒါကြောင့် အရာရာကို မြင်နိုင်တဲ့ မင်းရဲ့ မျက်စိနဲ့ ဘွားဘွားလိုချင်တဲ့ ပစ္စည်းတစ်ခုကို ရှာနိုင်းမလို့ပါ ...."

ထိုအခါမှ တိန့်ထောက် သက်ပြင်းချနိုင်လေသည်။

ရင်ထဲတွင်လည်း အေးသွားသည်။

"ဩော် .... ဟုတ်ကဲ့ ဘွားဘွား .... ကျွန်တော် ဘာပစ္စည်းကို ရှာပေးရမှာလဲ .... ဘယ်မှာ သွားရှာရမလဲ .... ပြောသာပြောပါ .... ကျွန်တော် တွေ့အောင်ရှာပေးပါ့မယ် ...."

မျက်မမြင်အဘွားအိုသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ပြီးမှ လေသံအေးအေးနှင့်ပြောသည်။

"ဘွားဘွားလိုချင်တဲ့ ပစ္စည်းဟာ .... ဘယ်လိုပစ္စည်းလဲ ဆိုတာ မပြောခင် ဘွားဘွားရဲ့အကြောင်းကို မင်းသိအောင် ပြောပြရဦးမယ် .... ဘွားဘွားကို သိုင်းလောကသားတွေက သိမ်းငှက်သခင်မ

လို့ ခေါ်ကြတယ်ကွယ့် .... အဲဒီလို ခေါ်ရတာကလည်း .... ဘွားဘွား ဟာ ဘွားဘွားရဲ့တပည့် သိမ်းငှက်ကြီးနဲ့အတူ အမြဲတမ်း သွားလာ လို့ပဲ .... "

သိမ်းငှက်သခင်မဟူသော အမည်ကို တိန့်ထောက် ကြား လေသည်။

ဝမ်ရဲ့ရဲတိုက်တွင် သူ နေထိုင်ခဲ့စဉ်က သိုင်းသမားအချင်းချင်း သိုင်းလောကသား အချို့၏ နာမည်များကို ပြောဆိုကြသည့် အထဲတွင် မျက်မမြင် အဘွားအို၏ဘွဲ့နာမည်ကို ကြားဖူးခြင်းဖြစ်၏။

ထို့ကြောင့် ယခုလို လူကိုယ်တိုင် တွေ့ရသောအခါ လွန်စွာ အံ့သြသွားမိ၏။

"ဘွားဘွားရဲ့ဘွဲ့နာမည်ကို ကျွန်တော်ကြားဖူးထားပါတယ် ကျွန်တော်နဲ့သိတဲ့ သိုင်းသမားတွေအချင်းချင်း ပြောဆိုကြတာ နားထောင်မိလို့ ကြားမိတာပါ .... "

မျက်မမြင် အဘွားအိုက ပြုံးလိုက်ပြီး ....

"အိမ်း .... လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကတော့ ဘွား ဘွားဟာ လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့တဲ့ သိုင်းအကျော်အမော် ကြီးတစ်ယောက်ဆိုပါတော့ကွယ် .... တစ်နေ့တော့ ထိုက်စန်းတောင် ပေါ်မှာ သိုင်းဘီလူးရှစ်ဖော်အဖွဲ့က လေးယောက်နဲ့ ကျုပ်ဟာ တိုက် ပွဲပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ပါတယ် .... ဒီတုန်းက သိုင်းဘီလူးကြီး လေးဖော်နဲ့ ဘွားဘွားနဲ့ တိုက်ခိုက်ကြရာမှာ နှစ်ယောက်ကိုတော့ အတော်ကလေး ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ပြီး သူတို့ထဲက တစ် ယောက်ရဲ့ လက်ချက်နဲ့ ဘွားဘွားရဲ့မျက်လုံးဟာ အဆိပ်ငွေ့သင့်ပြီး ကွယ်ခဲ့ရတယ် ဆိုပါတော့ကွယ် .... "



တိန့်ထောက် စိတ်မကောင်းဖြစ်သွားပြီး ....

"ဖြစ်မှဖြစ်ရလေ ဘွားဘွားရယ် .... ဘွားဘွားရဲ့မျက်လုံးကို ကော မကုဘူးလား .... "

"ကုခဲ့ပါတယ်ကွယ် .... မပျောက်ဘူး .... နောက်မှ မျက်လုံး ပြန်မြင်နိုင်အောင် ကုနိုင်မယ့် နည်းလမ်းကို ရခဲ့တယ် .... ဒါကြောင့် လည်း ဘွားဘွားဟာ ဒီဇလေးငါးနှစ်အတွင်းမှာ နာမည်ကြီး တောင်ပေါ် ဒေသတွေကို အနှံ့ရောက်ခဲ့တယ်လေ .... "

"ဘာလုပ်ဖို့လဲ ဘွားဘွား .... "

"ဆေးမြစ်ဆေးရွက်တွေကို ရှာဖွေစုဆောင်းခဲ့တယ်လေ .... ဘွားဘွားရဲ့ မျက်လုံးမှာ သင့်နေတဲ့အဆိပ်တွေကို ဖြေနိုင်ဖို့က ဒီဆေး မြစ် ဆေးရွက်တွေနဲ့ ဖော်စပ်မှ ဖြစ်မယ်လေ .... ဆေးမြစ်ဆေးရွက် တစ်ခု ကျန်လို့ မဖြစ်ဘူး .... လိုချင်တဲ့ ဆေးမြစ်ဆေးရွက်တွေ စုံ သလောက် ရထားပါပြီ .... ဒါပေမယ့် ဆေးပင်တစ်မျိုးပဲ လိုတော့ တယ် .... အဲဒီဆေးပင်ကလည်း ဒီတောင်ပေါ် ဒေသတဝိုက်မှာပဲ ပေါက်ရောက်တယ်ဆိုတာ သိရလို့ ဘွားဘွားလာရှာနေတာ ခြောက် လ ကျော်ပါပြီကွယ် .... မတွေ့သေးပါဘူး .... "

"ဘွားဘွား လိုချင်တဲ့ ဆေးပင်က ဒီမှာ မရှိလို့လား .... ဘွား ဘွား .... "

"ရှိတယ်ဆိုတာ ....ဘွားဘွား နိုင်နိုင်မာမာ သိထားပါတယ် ကွယ် .... "

"ဒါနဲ့ဘွားဘွားက မျက်စိမမြင်ဘဲနဲ့ ဆေးမြစ်ဆေးပင်တွေကို ဘယ်လိုခွဲခြားပြီး သိတာလဲ .... "

အဘွားအိုက ပြုံးလိုက်ပြီး ....

"အနံ့ခံပြီး ခွဲခြားသိနိုင်တာပေါ့ကွယ် .... တချို့ ဆေး ဆေးပင်တွေကိုတော့ ဘယဆေးဆိုင်က ဝယ်လို့ရပါတယ် .... ဒီ စီစန်းတောင်ပေါ်မှာ ဘွားဘွားလာရှာတဲ့ ဆေးပင်ကတော့ အ လေး ရှားပါးတယ်ကွယ့် .... ဘွားဘွားရဲ့မျက်စိမှာ သင့်နေတဲ့ အ ကို ပြေနိုင်ဖို့ရာမှာ သူမပါရင် လုံးဝ မဖြစ်ဘူး .... သူက အဓိက အ ကြီးဆုံးပဲ .... "

"ဘယ်လိုဆေးပင်မျိုးလဲ ဘွားဘွား .... "

"ဒီဆေးပင်က တစ်နှစ်မှာ သုံးလပဲ ပေါက်တတ်တယ်ကွ ဆေးပင်မှာ အနံ့အသက်ဆိုလို့ လုံးလုံးမရှိဘူး .... ဒါကြောင့်လည် ဘွားဘွားဟာ အနံ့ခံပြီး ရှာနိုင်တာပေါ့ .... မျက်စိနဲ့ကြည့်ပြီးမှသ ခွဲခြားလို့ ရနိုင်တယ် .... "

"ကျွန်တော် မတွေ့တွေ့အောင် လိုက်ရှာပေးပါ့မယ် ဘွ ဘွား .... ဆေးပင်ရဲ့ပုံပန်းသဏ္ဌာန်ကိုသာ ပြောပြပါ .... "

အဘွားအို ပြုံး၍ ခေါင်းညိတ်လိုက်ပြီး ....

"ကျေးဇူးပါပဲကွယ် .... မင်း ကူညီမှပဲ အဘွားရဲ့ မျက်လုံ ပြန်မြင်ရတော့မှာပါပဲ .... သေချာမှတ်ထား သူငယ် .... ဆေးပင် နာမည်ကိုက ကျိုလင်းမြက်ပင်လို့ ခေါ်တယ်ကွယ့် .... မြင့်မား ကျောက်တောင်တွေရဲ့ ပက်ကြားအပ်တွေထဲမှာ ပေါက်တတ်ရေ တယ် .... မြက်ပင်ဆိုပေမယ့် သူ့အတွက် အဆင်းက ရွှေရောင်ဝင်း တောက်နေတယ် .... တစ်ပင်မှာ အရွက်ကိုးရွက်တိတိရှိပြီး .... အရွ လေးတွေဟာ နဂါးအမောက်ထောင်နေတဲ့ ပုံသဏ္ဌာန်တွေပဲ .... အပင်ကို ဆွဲနုတ်လိုက်ရင် သူ့ရဲ့ အမြစ်တွေဟာ ကြက်သွန်ဥက တွေလို ပါလာရမယ် .... ဒီလို ထူးခြားချက်တွေ ရှိနေလို့ မြင်တ



မင်း သိနိုင်မှာပါ .... "

"ကောင်းပါပြီ ဘွားဘွား .... အဘွားလိုချင်တဲ့ ဒီဆေးပင်ကို ကျွန်တော် မတွေ့တွေ့အောင် ရှာပေးပါ့မယ် .... "

တိန့်ထောက်၏ အားတတ်သရော စကားသံကြောင့် မျက်မမြင် အဘွားအို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့၏။

## အခန်း (၁၀)

## မဟူရာသိုင်းသမား ရာဇဝင်

အဘွားအိုက လွန်စွာ စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြုံးနေသည်။

"အေးကွယ် .... မင်းနဲ့ ဘွားဘွား ခုလိုတွေ့တာ ဘွားဘွားအတွက်တော့ သိပ်ပြီး ကံကောင်းသွားတာပဲ .... "

"ကျွန်တော့်အဖို့လည်း ဘွားဘွားနဲ့ တွေ့ရတာ ကံကောင်းပါတယ် .... နို့မဟုတ်ရင် ခုအချိန်ထိ ဘယ်ရောက်လို့ ဘယ်လို ဒုက္ခတွေ တွေ့နေရဦးမယ် မသိဘူး .... "

"ဒါနဲ့ မင်းနာမည် တိန့်ထောက်နော် .... "

"ဟုတ်ကဲ့ .... "

အဘွားအိုက သူ့ဘေးမှ ထင်းနှစ်စကို လက်ဖြင့် စမ်းယူ၍ မီးပုံထဲသို့ ပစ်ထည့်လိုက်သည်။

တိန့်ထောက်သည် စောစောက အဘွားအိုပြောသွားသော ဘီလူးရှစ်ဖော်အကြောင်းကို စိတ်ဝင်စားနေသဖြင့် မေးမိ၏။

ဘုရားကျောင်းပျက်ကြီးထဲတွင် ....သူ တွေ့ခဲ့သော ခေါင်း



သေတ္တာနီကြီးထဲမှ တစ္ဆေဘီလူးနှင့်ပတ်သက်သောလူများ ဖြစ်လေမလားဟူသော အတွေးနှင့် စိတ်ဝင်စားမိခြင်း ဖြစ်လေသည်။

"ဒါနဲ့ .... စောစောက ဘွားဘွားပြောသွားတဲ့ သိုင်းဘီလူးရှစ်ဖော်ဆိုတာ ဘယ်လိုလူတွေလဲ ဘွားဘွား .... သူတို့ရဲ့ သိုင်းပညာကကော သိပ်ပြီး ထက်မြက်ကြသလား .... "

"မင်း သိချင်တယ်ဆိုရင် ဘွားဘွား ပြောပြပါ့မယ် .... သူတို့အကြောင်း သိထားတော့ သတိထားနိုင်တာပေါ့ကွယ် .... သိုင်းဘီလူးရှစ်ဖော်ဟာ သိုင်းလောကမှာတော့ သိပ်ပြီးရက်စက် ကြမ်းကြုတ်တဲ့ လူဆိုးတွေပဲ ဆိုပါတော့ .... သူတို့ရှစ်ယောက်မှာ ဦးစီးဦးဆောင်ကတော့ အဆိပ်ဘီလူးပဲ .... "

"အဆိပ် ဘီးလူးတဲ့လား .... နာမည်ကလည်း ကြောက်စရာပဲ .... "

"အေး .... အဆိပ်ဘီလူးဟာ ဘွဲ့နာမည် ကြောက်စရာကောင်းသလောက် သူ့ရဲ့ အမူအရာနဲ့ မျက်နှာပြင်ကတော့ တကယ့် သူတော်ကောင်းတစ်ယောက်ရဲ့ မျက်နှာပေါက်မျိုးပဲ .... သူ့ကို မြင်ရရင် သိပ်ပြီး စိတ်ထားနူးညံ့သဘောကောင်းတဲ့လူလို့ ထင်ရာပဲ .... ဒါပေမယ့် သူ့ရဲ့ စိတ်ကတော့ သိပ်ပြီး ယုတ်မာရက်စက်တယ်လေ .... သူ့ရဲ့ သိုင်းပညာကလည်း သိပ်ပြီး အဆင့်မြင့်တယ် .... အခုဆိုရင် အဆိပ်ဘီလူးဟာ သိုင်းလောကမှာ မလှုပ်ရှားတော့ဘဲ ဈာတ်မြုပ်နေခဲ့တာ ဆယ်နှစ်လောက်ရှိတော့မယ် .... "

"သူတို့အဖွဲ့နဲ့ ဘွားဘွား ယှဉ်ပြိုင်တိုက်ခိုက်ပြီးကတည်းက ဆိုပါတော့ .... "

"ဟုတ်တယ် သူငယ် .... ဒုတိယတစ်ယောက်ကတော့ အမျိုး

သမီးပဲ .... သူ့ရဲ့ဘွဲ့နာမည်က သွေးရိပ်သခင်မတဲ့ .... သူ့ရဲ့ သွေးလ ဝါးသိုင်းကွက်တွေဟာ သိပ်ပြီး ကြောက်စရာ ကောင်းလောက်အော ထက်မြက်လွန်းလှတယ်ကွယ် .... "

"သွေးရိပ်သခင်မ ဟုတ်လား .... "

တိန့်ထောက် အံ့ဩတုန်လှုပ်သွားသည်။

သူသည် ချက်ချင်းပင် ဝေါယာဉ်ထဲမှ သွေးရိပ်သခင်မ၏အသ ကို ကြားယောင်လာမိသလို မိန်းမချောလေး ဖန်းပင်ကိုလည်း သတိ လာမိ၏။

"မင်းက သွေးရိပ်သခင်မကို သိလို့လား .... "

အဘွားအို၏ မေးမြန်းချက်ကို အရှည်ကြီး ရှင်းပြနေရမည် စိုးသဖြင့် တိန့်ထောက်သည် ပြီးစလွယ်သာ ပြန်ဖြေလိုက်၏။

"ဒီဘွဲ့နာမည်ကို .... ကျွန်တော် ကြားဖူးသလိုလို ရှိလို့ပါ ဘွားဘွား .... သူက သိုင်းဘီလူး ရှစ်ဖော်အဖွဲ့ထဲကပဲလား .... "

"ဟုတ်တယ်လေ .... "

တိန့်ထောက် ကြက်သီးထသွားသည်။

သူ့ကို တိုက်မိသော သစ်ကိုင်းကိုပင် သွားရှိုးချင်စိတ် ပေါက် လာသည်။

သို့မဟုတ်ပါက သူသည် သွေးရိပ်သခင်မ၏ တပည့်တစ် ယောက်အဖြစ်ကို ဘုမသိဘမသိ ရောက်သွားမည် ဖြစ်ပြီး လူဆိုးအဖွဲ့ ထဲကို ရောက်သွားနိုင်လေသည်။

အဘွားအိုက ဆက်ပြောသည်။

"တတိယအဖွဲ့ဝင်ကတော့ သေမင်းသမန်တဲ့ .... ဘွားဘွား ရဲ့ မျက်စိကွယ်အောင် အဆိပ်ငွေ့သုံးပြီး တိုက်ခိုက်ခဲ့တာ သူပေါ့ ....



သေမင်းတမန် အဆိပ်လက်နက်ကို သုံးတဲ့နေရာမှာ ပြိုင်စံရှားအောင် တော်တဲ့သူပဲ .... နောက်တစ်ယောက်ကတော့ မျက်နှာတစ်ထောင် ဘီလူးပဲ .... သူဟာ ရုပ်ပြောင်းရုပ်လွှဲ သိပ်ပြီးတော်တဲ့ သူပဲ .... ခဏ လေးနဲ့ သူ့မျက်နှာကို ပြောင်းနိုင်တယ် .... နောက် နှစ်ယောက်က တော့ ညီအစ်ကိုရင်း နှစ်ယောက်ပဲကွယ့် .... ဘီလူးမည်းနဲ့ ဘီလူးဖြူ ညီနောင်ပဲ .... ခုနစ်ယောက်မြောက် အဖွဲ့ဝင်ကတော့ အမျိုးသမီး တစ်ယောက်ပဲ .... သူ့ရဲ့ဘွဲ့နာမည်က ကျောက်စိမ်းမျက်နှာ ဘီလူးမတဲ့၊ အဲ နောက်ဆုံးတစ်ယောက်ကတော့ ထူးခြားတဲ့ လူဆိုးကြီးပဲ .... သူ့ ရဲ့ ဘွဲ့နာမည်က ခေါင်းသေတ္တာနီ ဘီလူးတဲ့ .... "

"ခေါင်းသေတ္တာနီဘီလူး ဟုတ်လား .... "

တိန့်ထောက် အံ့ဩသွားသည်။

ကျောင်းပျက်ကြီးထဲတွင် သူတွေ့ခဲ့ရသော ခေါင်းသေတ္တာ နီကြီးကိုလည်း မျက်စိထဲတွင် မြင်ယောင်လိုက်မိလေ၏။

"သူ့ကိုကော မင်း ကြားဖူးလို့လား သူငယ် .... "

"ဟုတ်ကဲ့ .... ကြားဖူးပါတယ် ဘွားဘွား .... "

"အေး .... ခေါင်းသေတ္တာနီဘီလူးဟာ အနီရောင် သံခေါင်း သေတ္တာကြီးထဲမှာ အမြဲလိုလို နေတတ်တယ် .... ဒါကြောင့် ထူးခြား တယ်လို့ ဘွားဘွားပြောတာပေါ့ .... "

တိန့်ထောက် မျက်စိမျက်နှာ ပျက်နေသည်။ အဘွားအိုက မျက်စိမမြင်၍သာ မရိပ်မိခြင်းဖြစ်၏။

သူသည် သိုင်းဘီလူးရှစ်ဖော်ထဲမှ ခေါင်းသေတ္တာနီဘီလူးနှင့် သွေးရိပ်သခင်မကို ဆက်ဆံစကားပြောခဲ့ရသူ မဟုတ်ပါလား။

သို့သော် သူတို့နှစ်ဦးစလုံး၏ မျက်နှာကိုကတော့ တိန့်ထောက်

မတွေ့မြင်ခဲ့ရပါချေ။

ခေါင်းသေတ္တာနီဘီလူးကို တိုက်နိုက်သော မျက်နှာအေး သီလရှင်အကြောင်းကိုပါ သိလိုသဖြင့် မေးမိသည်။

"ဘွားဘွား .... မျက်နှာအေး သီလရှင်ဆိုတဲ့ သီလရှင်ကြီးကိုကော သိပါသလား .... "

အဘွားအို ခေါင်းညိတ်ပြီး ....

"သိတာပေါ့ကွယ် .... ကောင်းတဲ့ လုပ်ရပ်တွေကို လုပ်ပြီး အများအကျိုးဆောင်ရွက်နေတဲ့ သီလရှင်ကြီးပဲ .... သိုင်းပညာကလည်း သူမတူအောင် အဆင့်မြင့်လွန်းလှတယ်ကွယ် .... "

"မျက်နှာအေးသီလရှင်နဲ့ သိုင်းဘီလူးရှစ်ဖော်ရဲ့ သိုင်းပညာအဆင့်ကို ယှဉ်ကြည့်မယ်ဆိုရင် ဘယ်သူ သာမလဲ ဘွားဘွား .... "

"မျက်နှာအေးသီလရှင်က ပိုပြီး မြင့်လိမ့်မယ် ထင်တယ် .... ဒါပေမယ့် သူတို့တွေ ယှဉ်ပြိုင်တိုက်နိုက်ဖူးတယ်လို့ ဘွားဘွား မကြားဘူးလို့ တကယ် ယှဉ်ရင် ဘယ်သူက သာမယ်ဆိုတာ တိတိကျကျတော့ မပြောနိုင်ဘူးကွယ် .... "

"အဲဒီ သီလရှင်ကြီးရဲ့ အသက်ဟာ လေးဆယ်လောက်ပဲ ရှိလိမ့်မယ်လို့ ကျွန်တော် ပြောသံကြားဖူးတယ် .... ဟုတ်ရဲ့လား"

အဘွားအို ခေါင်းကိုခါယမ်းပြီး ....

"ဘယ်ကလာ ဟုတ်ရမှာလဲကွယ် .... သူ့ရဲ့အသက်လည်း ကြီးလှပါပြီ .... ခုဆို ခုနစ်ဆယ်ကျော်လောက်တောင် ရှိရောပေါ့ .... ဒါပေမယ့် သူ့ရဲ့ မျက်နှာကို နုနယ်တဲ့မျက်နှာဖုံးအတုနဲ့ အမြဲဖုံးထားတယ်လေတော့ သူ့အကြောင်းကို မသိတဲ့ လူတွေက သူ့အသက်ကို ငယ်ဦးမယ်လို့ပဲ ထင်ကြမှာပေါ့ .... "



"ဪ .... "

ယခု တိန့်ထောက်သည် သီလရှင်ကြီး၏ အေးစက်စက် မျက်နှာကို ပြန်လည်မြင်ယောင်မိသည်။

ယခုမှ မျက်နှာဖုံးစွပ်ထားကြောင်း သိရတော့၏။

"နှစ်ပေါင်းတစ်ရာအတွင်းမှာ အဆင့်မြင့်ဆုံး အမှတ်တရ ထိပ်တန်းသိုင်းသမားကြီးတစ်ယောက် ပေါ်ထွက်ခဲ့ဖူးသေးတယ်ကွယ့် မင်းသိထားရအောင် ဘွားဘွားပြောရဦးမယ် ...."

တိန့်ထောက်လည်း သိလိုစိတ်ဝင်လာပြီး ....

"ဘယ်သူများလဲ ဘွားဘွား ...."

"သူ့ရဲ့ ဘွဲ့နာမည်က မဟူရာသိုင်းသမားတဲ့ ...."

အဆင့်မြင့်ဆုံး နံပါတ်တစ် သိုင်းအကျော်အမော်ကြီး ဖြစ်သော်လည်း တိန့်ထောက်မကြားဖူးပါချေ။

"ဘွားဘွား .... သူဟာ သိုင်းလောကမှာ အတော်ဆုံး ပြိုင်ဘက်ကင်း သိုင်းသမားလား ...."

အဘွားအိုက ခေါင်းညိတ်၍ ....

"ဟုတ်တယ် သူငယ် .... မဟူရာ သိုင်းသမားရဲ့ သိုင်းပညာ အဆင့်ဟာ ဘယ်လောက်ရှိတယ်ဆိုတာ ဘွားဘွား ပြောပြမယ် .... မဟူရာ သိုင်းသမားနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့ သိုင်းသမားမှန်သမျှ သိုင်းကွက်သုံးကွက်ထက် ပိုမတိုက်ရဘူး .... ရှုံးနိမ့်ကြရတာချည်းပဲ .... ဒါကြောင့် သုစရိုက်သမားတွေရော ဒုစရိုက်သိုင်းသမားတွေဟာ သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ကြရတယ် ...."



"ဟုတ်ပါရဲ့ ဘွားဘွား .... ဒါဆိုရင်တော့ ကြောက်စရာ ....

"ဘွားဘွားတောင် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ဧ မဟူရာ သိုင်းသမားကို တစ်ခါ မြင်ဖူးသေးတယ် ...."

"ဒီလောက်တော်တဲ့ သိုင်းအကျော်အမော်ကြီးရဲ့ငယ် .... ပို ကို သိုင်းလောကသားတွေဆီက ပြောသံဆိုသံ မကြားရပ ါ်းအချို့က ဘွား .... ငံပဲ ...."

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး .... .... ည်"

"ခုဆိုရင် မဟူရာ သိုင်းသမားဟာ လူ့လောကမှာ ိုတာ ပါဘူးကွယ် ...."

"ဗျာ .... သေသွားပြီလား .... ဘယ်လိုဖြစ်ပြီး သေတာ...."

"မင်းနားလည်အောင် ဘွားဘွား ပြောပြမယ် .... ဒီလိုကွယ့် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က အဖြစ်အပျက် ဆိုပါတော့ .... တို့အလယ်ပိုင်း သိုင်းလောကမှာ ထိပ်တန်းသိုင်းဂိုဏ်းကြီး ကိုးဂိုဏ်း ရှိနေတယ် .... အဲဒီ သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းဟာ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ဆက်သွယ်ပြီး တစ်ပေါင်းတစ်စည်းတည်းပဲ ရှိတယ် .... သိုင်းလောကမှာ ကြီးမားတဲ့ အကြောင်းကိစ္စ ပေါ်ပေါက်ပြီဆိုရင် အဲဒီ သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းက ဦးစီးဦးဆောင် ဂိုဏ်းချုပ်ကြီးတွေသာ စုဝေးတိုင်ပင်ကြပြီး ဖြေရှင်းဆောင်ရွက်လေ့ရှိတတ်ကြတယ် .... ဂိုဏ်းတစ်ဂိုဏ်းမှာ အန္တရာယ်တွေ့ရင်ပဲ ဖြစ်ဖြစ်၊ အခက်အခဲ တွေ့ရင်ပဲ ဖြစ်ဖြစ်၊ ကျန်တဲ့ ဂိုဏ်းတွေကို ဝိုင်းပြီး ကူညီဖြေရှင်းပေးတတ်ကြတယ် ...."

"စည်းစည်းလုံးလုံးရှိတဲ့ သဘောမျိုးဆိုတော့ သိပ်ကောင်းတာပေါ့ ဘွားဘွား ...."

"အေး .... အဲဒီ အချိန်တုန်းကတော့ သိုင်းဂိုဏ်းကြီး ကိုး

ဦးစီးနာယက ဂိုဏ်းချုပ်ကြီးကတော့ ရှောင်လင်ဂိုဏ်းကြီး
ပ်ကြီး ဖိန်းကျန့်ပဲကွယ့် .... ဂိုဏ်းကြီးကိုးဂိုဏ်းဟာ ဆရာတေ
ကို ဦးစီးနာယက ဂိုဏ်းချုပ်ကြီးအရာမှာထားပြီး နဂါး
တုပါတဲ့ ရွှေတံဆိပ်တုံးကြီး တစ်တုံးကိုလည်း စီမံပြုလုပ်
ဘားကြတယ် .... အဲဒီ နဂါးကိုးကောင် ရွှေတံဆိပ်တုံးဟာ
ကြီးကိုးဂိုဏ်းစလုံးအပေါ်မှာ အာဏာတည်အောင် ကိုယ်စား
ဆိပ်တန်းတယ် .... "

မင်းသိဂ "အမိန့်တော် တံဆိပ်တုံးလိုပေါ့နော် ဘွားဘွား .... "

"ဟုတ်တယ် သူငယ် .... ပြီးတော့ ရှောင်လင်ကျောင်းတော်
ဥးထဲမှာလည်း ကျန်သိုင်းဂိုဏ်း ရှစ်ဂိုဏ်းက ဦးစီးခေါင်းဆောင် ကိုယ်
စားလှယ်တွေကိုလည်း အမြဲခေါ်ထားတယ် .... သိုင်းလောကမှာ
အရေးတကြီးကိစ္စ ပေါ်ပေါက်လာရင် အဲဒီကိုယ်စားလှယ်တွေနဲ့ အ
ချင်း တိုင်ပင်စည်းဝေးပြီး ဦးစီးနာယက ဂိုဏ်းချုပ်ဆရာတော်က နဂါး
ကိုးကောင် ရွှေတံဆိပ်တုံးနဲ့ခတ်နှိပ်ပြီး အမြန်ဆုံး အမိန့်ထုတ်နိုင်ဖို့ ဒီလို
ခေါ်ယူထားတာပဲကွယ့် .... ဒီအမိန့်ကို ဘယ်ဂိုဏ်းကမှ မဆန့်ကျင်
ဘူး .... "

တိန့်ထောက်သည် စိတ်ဝင်စားလွန်းသဖြင့် ဖြတ်၍မမေးတော့
ဘဲ ငြိမ်၍သာ နားထောင်နေသည်။

"အေး .... တစ်နေ့မှာတော့ သိုင်းဂိုဏ်းကိုးဂိုဏ်းစလုံးကို
စော်ကားလိုက်သလို ဂိုဏ်းကိုးဂိုဏ်းရဲ့ စည်းလုံးညီညွတ်မှုကို ဖျက်ဆီး
နှောင့်ယှက်လိုက်သလို ပြုမူလိုက်တဲ့ ဖြစ်ရပ်တစ်ခု ပေါ်လာတယ်လေ

"ဘယ်လို ဖြစ်ရပ်မျိုးလဲ ဘွားဘွား .... "

"ရှောင်လင်ဂိုဏ်းချုပ်ဆရာတော် ဖိန်းကျန့်ဆီမှာ ရှိနေတဲ့



နဂါးကိုးကောင် ရွှေတံဆိပ်တုံးဟာ ပျောက်ဆုံးသွားတယ်လေ ....
တစ်ယောက်ယောက် ခိုးယူသွားတယ် ဆိုပါတော့ .... "

"အို .... ဖြစ်မှဖြစ်ရလေ .... "

"ခိုးယူသွားရုံသက်သက်ဆိုရင် တော်ပါသေးရဲ့ကွယ် .... ပို
ပြီးဆိုးရွားတာက ရှောင်လင်ဂိုဏ်းဝင် အစောင့်တချို့နဲ့ ဂိုဏ်းအချို့က
ခေါင်းဆောင်ကိုယ်စားလှယ်တွေကိုပါ သတ်သွားတဲ့အချက်ပဲ .... "

"ဟာ .... ဒါဆို စော်ကားရန်ပြုတဲ့ သဘောမျိုးပဲ .... သိ"

"ဟုတ်တယ် သူငယ် .... သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းစလုံးဟာ
ခံပြင်းဒေါသစိတ်နဲ့ တရားခံကို အပူတပြင်း ရှာဖွေစုံစမ်းကြ
အဲဒီမှာတင် တရားခံဟာ ဘယ်သူဖြစ်မလဲလို့ သူတို့တတွေ စဉ်ယ် ....
မှန်းကြတော့ မဟူရာသိုင်းသမားပဲ ဖြစ်နိုင်တယ်လို့ အားလုံး မဟုတ်
ဆဓိကြတယ်လေ .... " ပးဘူး ....

"ဟင် .... ဒါဆို မဟူရာသိုင်းသမား လူဆိုးကြီး .... သိုင်း
ပေါ့ .... ဒုစရိုက်သမားကြီး တစ်ယောက်ပေါ့ .... " သူလက်ချက်

အဘွားအိုက သက်ပြင်းတစ်ချက်ချ၍ ခေါင်းဂ.... မန်းစန်း

"သူဟာ ဒုစရိုက်သမားကြီး တစ်ယောက်တော့ သမားမှာ
ကွယ့် .... မဟုတ်တာကိုလည်း ဘယ်တုန်းကမှ လုပ်ခဲ့သူ ပေမယ့်
ဘူး .... အေး ဒါပေမယ့် ဒေါသကြီးတတ်တယ် .... ရန်ငြိုးထားလဲ
ကလဲ့စားချေလိုစိတ် ရှိတတ်တယ် .... သူ့ဘာသာ အေးအေးနေတိုင်း
တာက များပါတယ် .... ဘွားဘွားတို့တောင် သူ့ကို မထင်မိကြဘူး၊
ဒါပေမယ့် ဒီတုန်းက ထူးခြားတာက သူ့ကို သိုင်းဂိုဏ်းက လူတွေက
ဝိုင်းပြီး စွပ်စွဲပြောဆိုကြတော့ သူဟာ ငြိမ်နေတယ် .... ဒီကိစ္စမှာ
သူနဲ့ မဆိုင်ဘူးဆိုတာ ထွက်ပြီးမဖြေရှင်းပြဘူး .... ဒီတော့ အားလုံးက

သူ့ကို ဝိုင်းပြီး သံသယ ဖြစ်ကြတာပေ့ါ .... တရားခံဟာ သူဖြစ်ပါတယ်
ဝိုင်းပြီး သေချာတဲ့အကြောင်းတစ်ရပ်က ပေါ်လာပြန်တယ်ကွယ် ...."

"ဘယ်လို အကြောင်းရပ်လဲ ဘွားဘွား .... "

"သိုင်းဂိုဏ်းကိုးဂိုဏ်းဆီကို မဟူရာ သိုင်းသမားဆီက
ရောက်လာတယ် .... ဒီအမှုကိစ္စကို သူကျူးလွန်တာပါလို့ စာထဲ
တည့်တည့်လင်းလင်း ဝန်ခံထားတယ်လေ .... "

"မဟူရာသိုင်းသမားကြီး ကိုယ်တိုင်က ဒီလို ဝန်ခံစာမျိုး
မလား ဘွားဘွား .... သူ့နာမည် ဖျက်ချင်တဲ့ ရန်ငြိုးရန်ဘ
ဟက်ယောက်ကများ သူ့နာမည်ပျက်အောင် ကြားက လုပ်
လား .... "

"အေး .... ဒါပေမယ့် သိုင်းလောကသား အားလုံးလိုလို
သူပဲ ကျူးလွန်တာ ဖြစ်မယ်လို့ပဲ ယူဆကြတယ် .... ဘာ
ဘာ့ သူလို အစွမ်းအစရှိတဲ့ လူသာ ရှောင်လင်ကျောင်းတော်
ပစ္စည်းခိုး၊ လူတွေကို သတ်နိုင်စွမ်းရှိလို့ပဲ .... တခြား
တွေ မပြုဝံ့တဲ့ အမှုမျိုးပဲ .... နောက်တစ်ခုက သူ့ကို ဝိုင်း
ဖြစ်တာက သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းက သူ့ကို ဖမ်းဆီးသုတ်
းဖြတ်ကြပြီး မန်းစန်းတောင်ပေါ်မှာ ချိန်းဆိုတော့ သူက
မပျက်မကွက်ရင်ဆိုင်ယှဉ်ပြိုင်ဖို့ ချိန်းဆိုတဲ့အတိုင်း ရောက်လာ
သလေ .... "

"ဟင် .... ဟုတ်လား .... "

"မဟူရာသိုင်းသမားကို ဖမ်းဆီးသုတ်သင်ဖို့ ဂိုဏ်းကိုးဂိုဏ်း
က အဆင့်မြင့် သိုင်းသမားပေါင်း ငါးရာကို တာဝန်ပေး စေလွှတ်
တယ် .... မဟူရာသိုင်းသမားကို တိုက်ခိုက်လိုတဲ့ ဒုစရိုက် သုစရိုက်



လောကက အဆင့်မြင့် သိုင်းသမားလေးရာကျော်ကလည်း သိုင်းဂိုဏ်း
ကြီး ကိုးဂိုဏ်းကို အကူအညီပေးဖို့ မန်းစန်းတောင်ကို ရောက်လာကြ
တယ် .... မဟူရာသိုင်းသမားကို ဝိုင်းတိုက်ဖို့ လူတစ်ထောင်နီးပါး ရှိ
သွားတယ် ဆိုပါတော့ .... "

"များလှချည်လား ဘွားဘွားရယ် .... မဟူရာသိုင်းသမားက
ကော ဒီလောက်လူတွေနဲ့ယှဉ်ရမယ့်အတွက်လာရဲပါ့မလား .... "

"မဟူရာ သိုင်းသမားဟာ ရဲရဲဝံ့ဝံ့ပဲ ရောက်လာတယ် သူငယ်"

"ဒီအမှုကို သူ ကျူးလွန်တယ် .... မကျူးလွန်ဘူးဆိုတာ
ဖြေရှင်းချက် မပေးဘူးလား .... "

"ရှည်ရှည်ဝေးဝေး ဖြေရှင်းချက်တော့ မပေးဘူးကွယ့် ....
စကားတစ်ခွန်းပဲ ပြောတယ် .... ဒီအမှုကို သူ ကျူးလွန်တာ မဟုတ်
ဘူးတဲ့ .... ဒီထက်ခိုင်လုံတဲ့ ဖြေရှင်းချက်ကိုတော့ သူကမပေးဘူး ....
ဒါနဲ့ လူတွေ အများကြီးနဲ့သူနဲ့ တိုက်ပွဲစပြီးဖြစ်တော့တာပဲ .... သိုင်း
သမားတွေက သူ့ကို ဝိုင်းပြီး စတိုက်တာပါ .... အဲဒီနေ့က သူ့လက်ချက်
နဲ့ သေလိုက်တဲ့ သိုင်းသမားတွေ သောက်သောက်လဲပဲ .... မန်းစန်း
တောင်ပေါ်မှာ သွေးချောင်းစီးခဲ့တယ် .... မဟူရာ သိုင်းသမားမှာ
နပါတ်တစ် ပြိုင်ဘက်ကင်းသိုင်းသမား တစ်ယောက်ဖြစ်ပေမယ့်
ဒီလောက် လူအင်အားနဲ့ ဝိုင်းတိုက်တော့ သူလည်း ဘယ်ခံနိုင်မှာလဲ၊
တိုက်ပွဲပြီးတော့ သူ့ အလောင်းကိုလည်း တွေ့ကြရတယ် .... သိုင်း
ဂိုဏ်း ကိုးဂိုဏ်းက အဆင့်မြင့်သိုင်းသမားတွေ အတော်များများ သေခဲ့
လို့ အင်အားလည်း ဆုတ်ယုတ်သွားကြတယ် .... "

"မဟူရာ သိုင်းသမားရဲ့အလောင်းကို ဘယ်သူတွေက တွေ့
တာလဲ ဘွားဘွား .... "

"သိုင်းဂိုဏ်းကိုးဂိုဏ်းက ဂိုဏ်းချုပ်ကြီးတွေ ကိုယ်တိုင် အလောင်းပုံတွေ ကြားထဲမှာ မဟူရာသိုင်းသမားရဲ့အလောင်းကို တွေ့ တာကွယ့် .... အဲ .... အလောင်းတွေကို သယ်မလို့ စီစဉ်နေတုန်း မိုးရောလေပါ ကျလာတယ် .... ဒါနဲ့ မိုးတိတ်မှ သယ်ကြမယ်ဆိုပြီး မိုးလွတ်ရာကို ရှောင်နေခဲ့ကြတယ် .... မိုးလည်းတိတ်လို့ အလောင်း တွေကို သယ်ကြတဲ့အခါ မဟူရာသိုင်းသမားရဲ့အလောင်းကို မတွေ့ကြ ရတော့ဘူးကွယ့် .... "

"ဟင် ဘယ်ရောက်သွားလို့လဲ .... "

"မဟူရာသိုင်းသမားရဲ့အလောင်းကို သူ့ရဲ့မိတ်ဆွေ အပေါင်း အသင်း ဒါမှမဟုတ် သူ့ရဲ့တပည့် သားချင်းတစ်ယောက်ယောက်က သယ်ယူ သွားတာပဲ ဖြစ်လိမ့်မယ်လို့ ယူဆကြတယ်ကွယ့် .... "

"သူ့မှာ တပည့်သားချင်းတွေကော ရှိသလား ဘွားဘွား"

"အင်း .... အနှစ်နှစ်ဆယ်အတွင်းမှာတော့ သူဟာ တပည့် မွေးတယ်လို့ မကြားမိပါဘူးကွယ် .... သူဟာ တစ်ကိုယ်တော်ပဲ သွား လာလှုပ်ရှားခဲ့တာပဲ .... သိုင်းဂိုဏ်းကြီး ကိုးဂိုဏ်းဟာလည်း နဂါးကိုး ကောင် ရွှေတံဆိပ်ကို ရှာလည်းမတွေ့ .... အဆင့်မြင့်သိုင်းသမားတွေ လည်း လျော့ပါးကုန်ကြလို့ စည်းစည်းလုံးလုံးမရှိကြတော့ပါဘူး .... တကွဲတပြားစီ ဖြစ်ကုန်ကြတယ် .... "

"ဖြစ်မှ ဖြစ်ရလေ အဘွားရယ် .... "

"ကဲ .... သူငယ် .... မင်းလည်း ပင်းပန်း နွမ်းနယ်နေရော ပေါ့ .... အိပ်စက် အနားယူလိုက်ဦးပေါ့ .... မနက်ဖြန်မှ ကျိုလင်းမြက် ပင်ကို မင်း ရှာရဦးမယ် မဟုတ်လား .... "

အဘွားအိုသည် စကားကို အဆုံးသတ်လိုက်ပြီး တင်ပျဉ်ခွေ



ထိုင်လိုက်ကာ မျက်လုံးအစုံကိုလည်း ပိတ်ထားလိုက်ပါတော့သည်။

စကားလည်း လုံးဝမပြောတော့ပါချေ။

တိန့်ထောက်လည်း မီးပုံဘေးတွင်ပင် လှဲအိပ်ချလိုက်သည်နှင့် တစ်နက် ချက်ချင်းပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့၏။

## အခန်း (၁၁)

## အဆင့်မြင့်အသံရှင်

တစ်ညလုံးတရေးမှ မနိုးဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်
ခြင်းကြောင့် မိုးလင်း၍ အိပ်ရာမှ နိုးလာသောအခါ တိန့်ထော
လန်းလန်းဆန်းဆန်း ဖြစ်နေလေသည်။ အင်အားလည်း ပြန်လ
ဖြိုးလာသည်။

မျက်မမြင်အဘွားအိုက သူ့ကို နံနက်စာ ဝလင်အော
မွေးသည်။

စားနပ်ရိက္ခာထုပ် တစ်ထုပ်ကိုလည်း ပေးသည်။

ထို့နောက် တိန့်ထောက်သည် ကျိုလင်းမြက်ပင်ကို ရှ
အတွက် ကျောက်ဂူမှ ထွက်ခွာလာခဲ့တော့သည်။

သူနှင့်အတူ ကြိုးခွေတစ်ခွေ၊ ဓားတိုတစ်လက်လည်း
သည်။



သူ့အဖော်အဖြစ် အဘွားအိုကြီးက ထည့်ပေးလိုက်သော
းငှက်ကြီးကလည်း ကောင်းကင်ယံမှ ပျံသန်း၍ သူ့ခေါင်းပေါ်မှ
က်လာသည်။

သူသည် အဘွားအို ညွှန်ကြားပြောပြချက်အတိုင်း မြက်ရိုင်း
များ ပေါက်ရောက်သည့် ကျောက်တောင် ပက်ကြားအက်များကို
ရှာမည် ဖြစ်လေသည်။

တိန့်ထောက်သည် စီးစန်းတောင်ကုန်း၏ မြောက်ဘက်ယွန်း
းသို့ ထွက်ခွာလာခဲ့သည်။

မြောက်ဘက်တွင် ကျောက်တောင် ကျောက်ဆောင်မြင့်ကြီး
ရှိနိုင်သည်ဟု အဘွားအိုက ပြောလိုက်သောကြောင့် ဖြစ်၏။

တိန့်ထောက်သည် မျက်စိကို ရှင်ရှင်ထားပြီး ကျောက်တောင်
ကြီးများကို တွေ့ရတိုင်း ကျိုလင်းဆေးမြက်ပင်ကို ရှာဖွေရင်း လာ
ည။ တောင်ကျရေတံခွန်များကိုလည်း သူသည် ကျော်ဖြတ်ခဲ့သည်။

မည်မျှအထိ ခရီးပေါက်လာသည်ကို သူသည် မခန့်မှန်းတတ်
ချေ။

သူ့ခေါင်းပေါ်မှ သိမ်းငှက်ကြီးကမူ ထက်ကြပ်မကွာပျံဝဲ လိုက်
လျက်ရှိ၏။ နေဝင်ချိန်ကို ရောက်လာပြီ ဖြစ်သော်လည်း သူသည်
င်းဆေးမြက်ပင်ကို ရှာဖွေ၍ မတွေ့သေးချေ။

သူတွေ့ခဲ့ရသမျှသော မြက်ပင်များမှာ စိမ်းစိမ်းစိုစိုပင် ဖြစ်
၏။ အချိန်ကုန်သွားပြီဖြစ်၍ သူသည် ရပ်နားလိုက်လေတော့

ရိက္ခာထုပ်ကိုဖွင့်၍ စားသောက်ပြီးနောက် သစ်ပင်ပေါ် နေလိုက်၏။

သိမ်းငှက်ကြီးကမူ သူနှင့်မလှမ်းမကမ်း သစ်ပင်ကြီးပေါ် ပင်နားနေလိုက်သည်။

ထိုညက မြေခွေးအူသံကို ကြားရသဖြင့် ဝမ်ရဲ့ရဲ့တုံ သူသည် သွားပြီး သတိရမိ၏။

ခရီးပန်းနေသဖြင့် အိပ်ပျော်သွားသည်။

မိုးလင်းလင်းချင်း ခရီးဆက်ခဲ့ပြန်၏။ သိမ်းငှက်ကြီး ခေါင်းပေါ်မှပင် ပျံဝဲလိုက်လာသည်။

သူသည် သိမ်းငှက်ကြီးပါလာသဖြင့် မျက်မမြင်အဘွား ပြန်ရောက်ဖို့ကို မပူရချေ။

အစားအသောက်ကိုလည်း မပူရချေ။

မှန်းတည့်ချိန် ရောက်သည့်တိုင်အောင် သူသည် ကျို မြက်ပင်ကို ရှာ၍မတွေ့သေးချေ။ သူသည် သစ်ပင်ကြီးတစ်ပင်အော တွင် ထိုင်ကာ အနားယူပြီး ရိက္ခာထုပ်ကိုဖွင့်ကာ စားလိုက်ပြန် သိမ်းငှက်ကြီးကိုလည်း ကျွေးသည်။



သူသည် စားသောက်နေရင်းမှ လွင်ပြင်၏ တစ်ဘက်တွင် ရှိသော ကျောက်တောင်မြင့်ကြီး၏ ပက်ကြားအက်တွင် ပေါက်ရောက် နေသော ရွှေရောင်ဝင်းနေသည့် အပင်များကို လှမ်းတွေ့ရသဖြင့် စိတ် ထဲတွင် လှုပ်ရှားသွားသည်။

အပင်များမှာ များများစားစား မရှိဘဲ ကျောက်နံရံ ပက်ကြား အက်ထဲတွင် တစ်စုတစ်ဝေးတည်း ပေါက်နေခြင်း ဖြစ်လေသည်။

တိန့်ထောက်သည် ဝမ်းသာအားရဖြစ်သွားခြင်း ဆက်လက် မတ်စောက်သော လွင်ပြင်ကြီးထဲမှ ဖြတ်ပြေးခဲ့၏။

ကျောက်တောင်နံရံကြီးကို နေရောင်က ထိုးနေသောကြောင့် ပက်ကြားအက်ထဲတွင် ပေါက်နေသော အပင်များမှာ ဝင်းဝင်းလက် နေသည်။

ထိုရွှေရောင် တောက်နေသော အပင်များကို ကျိုလင်းမြက် ပင်သာ ဖြစ်ရမည်ဟု တိန့်ထောက်တထစ်ချ သိလိုက်၏။

လွင်ပြင်များ ကျောက်တုံး ကျောက်ဆောင်များနှင့်ပြည့်နေ သဖြင့် သူသည် ခုန်၍ ကျော်လွှားခဲ့ရ၏။

သိမ်းငှက်ကြီးကလည်း သူ့ ခေါင်းပေါ်မှ ပျံဝဲလိုက်ပါလာ သည်။

မတ်စောက်သော ကျောက်တောင်နံရံကြီးနှင့် သူသည် အနီး ကပ်သို့ ရောက်လာသောအခါ လူမောစိတ်မော ဖြစ်သွားရတော့၏။

မြေပြင်မှာ ကျောက်တောင်ကြီးအထိ တစ်ပြန့်တည်း ဆက်၍ ရှိမနေဘဲ သူ့ရှေ့တွင် ချောက်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။

သူ ရပ်နေသည့် နေရာနှင့် ကျောက်တောင်ကြီးအကြားတွင် နက်ရှိုင်းသော ချောက်ကြီးကဆီးခံနေသည်။

ထို ချောက်ကမ်းပါးကြီးကို သူလို လူမျိုးမဆိုထားနှင့် အဆင့်မြင့် ကိုယ်ဖော့ပညာ တတ်မြောက်ထားသော သိုင်းသမားပင်လျှင် ဖြတ်ကျော်နိုင်လိမ့်မည် မဟုတ်ချေ။

ချောက်ကြီးထဲကို ဆင်းပြီး ကျောက်တောင်ပေါ်ကို တက်မှသာလျှင် ရနိုင်မည့် အလားအလာ ရှိပေသည်။

သူသည် ရွှေရောင်တောက်နေသော အပင်များကို လှမ်းကြည့်ရာ အားကောင်းလှသော သူ၏ မျက်စိနှင့်အရွယ်ပုံပန်းသဏ္ဌာန်များကို မြင်ရသည်။ ကျိုလင်းမြက်ပင်များ ဖြစ်ကြောင်း သေချာသွားသည်။

ဤအခြေအနေအထိ ရောက်လာပြီးမှ ဆေးမြက်ပင်ကို မရရအောင် ယူမည်ဟု တိန့်ထောက် ဆုံးဖြတ်ချက် ချလိုက်၏။ သူသည် ချောက်ကြီးထဲသို့ စွန့်စွန့်စားစားတော့ ဆင်းရပေလိမ့်မည်။

ချောက်ကြီးထဲသို့ ဆင်းရန် ကြိုးရှည်ရှည် လိုသဖြင့် သူသည် အနီးအနားတွင်ရှိသော သစ်ပင်များမှ နွယ်ပင်များကို ခုတ်သူ၍ သုယူလာသော ကြိုးနှင့်ဆက်သည်။ ကြိုးရှည်ရှည်ရလာသောအခါ အတော်ပင် အချိန်ကုန်နေပြီ ဖြစ်၏။

ချောက်ကြီးထိပ်သို့ ကျောက်ချွန်းကြီးတွင် သူသည် ကြိုးစတစ်ဘက်ကို ခိုင်ခံ့စွာ ချည်နှောင်လိုက်ပြီး ကျန်တစ်စကို သူ့ခါးတွင် ချည်နှောင်သည်။

သိမ်းငှက်ကြီးသည် သူ လုပ်ဆောင်နေသမျှကို ကျောက်ဆောင်ကြီးပေါ်မှ စူးစူးရဲရဲ ကြည့်နေသည်။

သူ့အနေနှင့် သိမ်းငှက်ကြီးကို ကျိုလင်း မြက်ဆေးပင်သွားနှုတ်ယူနိုင်းလိုသော်လည်း အရွက်စုံ၊ အမြစ်စုံ ရမည်မဟုတ်ဘဲ ဆေးပင်



တွေ အားလုံး ပျက်စီးကုန်မည် ဖြစ်သောကြောင့် သွားမနှုတ်နိုင်းရဲချေ။

အဘွားအိုကြီးကလည်း ဤကိစ္စတွင် ဆေးပင်များ ပျက်စီးမည်စိုးသောကြောင့် သိမ်းငှက်ကြီးကို မခိုင်းရန် အထပ်ထပ်မှာလိုက်သည်။ အရွက်မစုံ အမြစ်မစုံဘဲနှင့်သုံး၍ ရလိမ့်မည် မဟုတ်ချေ။

တိန့်ထောက်သည် ကြိုးကိုဆွဲ၍ ချောက်ကြီးအတွင်းသို့ တဖြည်းဖြည်း ဆင်းသက်ခဲ့သည်။

အောက်ဘက်ကို ရောက်လာသော ချောက်ကမ်းပါးကြီးသည် ထင်သည်ထက် ပို၍ နက်ရှိုင်းကြောင်း သိလာရ၏။ အောက်ရောက်လာလေ အလင်းရောင် နည်းလာလေပင်။

နောက်ဆုံးတွင် ကြိုးလည်း ဆုံးသွားတော့၏။ သို့သော် သူသည် အောက်ခြေကို ခြေမချမိသေးချေ။ လေထဲတွင် တန်းလန်းကြီး ဖြစ်နေသည်။ သူ မျက်လုံးပြူး ထိတ်လန့်သွားသည်။

သူနှင့်အောက်ဘက် မြေပြင်မှာ ပေသုံးဆယ်ခန့် ကွာဝေးသေးသည်။ သူ ဆင်းခဲ့သည့် တောင်နံရံကမူ မတ်စောက်လှသော်လည်း ကျိုလင်းဆေးမြက်ပင် ပေါက်နေသော တောင်နံရံကမူ ခပ်ပြေပြေကလေး ရှိနေသည်။

တစ်ဘက် တောင်နံရံမှာ ဆင်း၍တက်၍ ရနိုင်သော အခြေအနေမျိုး ဖြစ်၏။

လောလောဆယ် သူသည် မြေပေါ်ကို ရောက်အောင် ဆင်းဖို့ ခက်နေသည်။ ကြိုးကို ဖြတ်ချပြီး ခုန်ဆင်းရမည်မှာလည်း မလွယ်ချေ။ ပေသုံးဆယ် ဟူသော အကွာအဝေးမှာ အနည်းဆုံး ခြေကျိုး



လက်ကျိုး ဖြစ်နိုင်သည်။ အခန့်မသင့်လျှင် သေဆုံးနိုင်သည်။

ကြိုးကိုဆွဲပြီး အပေါ်ကို ပြန်တက်မည်ဆိုလျှင် ဖြစ်နိုင်သော်လည်း ကျိုလင်းဆေးမြက်ပင်ကို ရယူဖို့ အလှမ်းဝေးသွားပေလိမ့်မည်။

နောက်ဆုံး သူသည် သူနှင့်မလှမ်းမကမ်းတွင် ရှိသော တစ်ဘက်ကျောက်တောင်မှ ကျောက်စွန်းကို လှမ်းမြင် လိုက်ရပြီး ထိုကျောက်စွန်းကို လွှဲယမ်း၍ သွားနိုင်ပါက အဆင်ပြေလိမ့်မည်ဖြစ်ကြောင်း သူ စဉ်းစားမိ၏။

တစ်ဘက်ကျောက်တောင်မှ ခပ်ပြေပြေရှိနေပြီး အတက်အဆင်း လုပ်နိုင်သောကြောင့် ဖြစ်လေသည်။

သူသည် ထိုသို့ တွေးမိသည်နှင့် သူ့ခန္ဓာကိုယ်ကို လွှဲယမ်းတော့၏။ သူ့ခန္ဓာကိုယ်က ကြိုးတန်းကြီးနှင့်အတူ လေထဲတွင် ယမ်းနေသည်။

ကျောက်ချွန်းကြီးကို မိလုမိခင် အချိန်မှာပင် ကြိုးသည် ထောင်းခနဲ ပြတ်သွားတော့၏။ သူသည် ကျောက်ချွန်းကြီးကို ကမန်းကတန်း ဖမ်းဖက်လိုက်သည်။

သူ့ တစ်ကိုယ်လုံး နာကျင်နေသော်လည်း သူသည် ကျောက်ချွန်းကြီးပေါ် တက်နိုင်ရန် အားကုန်ကြိုးစားသည်။

သို့သော် သူ့လက်တစ်ဖက်မှာ လွတ်သွားပြီး သူ့ခန္ဓာကိုယ်မှာ အောက်ဘက်သို့ တရှိန်ထိုး ကျသွားလေတော့၏။

သူ့ မျက်လုံးများ ပြာဝေ၍ မိုက်ခနဲ ဖြစ်သွား၏။

မြေပေါ်ကို သူ့ ခန္ဓာကိုယ်က ဘုန်းခနဲ ကျသွားသည်။

သူ့ ခြေလက်တွေတော့ ကျိုးကုန်ပြီ ထင်ရ၏။ သို့သော် သူသည် ရွှံ့မြေပျော့ပျော့ပေါ်တွင် ကျခြင်းဖြစ်သဖြင့် အကျမနာချေ။ ဒဏ်

ရာအနည်းငယ်ပင် မရချေ။

သူသည် .... ကမန်းကတန်းပင် ပြန်ထရပ်သည်။ ချောက်အောက်ခြေမှ ကျယ်ဝန်းပြီး စမ်းချောင်းကလေးတစ်ချောင်း စီးဆင်းနေသည်ကို မြင်ရသည်။ သူက တောင်နံရံအခြေရှိ မြေမာပေါ်တွင် သွားထိုင်ကာ အနားယူလိုက်၏။

အပေါ်သို့ မော့ကြည့်လိုက်သောအခါ ကောင်းကင်မြင့်ကို ရှည်မျောမျောကလေးသာ တွေ့ရ၏။ တောင်နံရံကြီး နှစ်ခုစလုံးက သူ့ အပေါ်တွင် မိုးနေလေသည်။

သိမ်းငှက်ကြီးကိုမူ သူ မတွေ့ရတော့ချေ။

အမှောင်မှာလည်း စိုးမိုးလာပြီ ဖြစ်၏။

သူသည် ကျိုလင်းမြက်ပင်များ ပေါက်နေကြသော တစ်ဘက်ကျောက်ဆောင်ကို တွယ်တက်လျှင် ရနိုင်သော်လည်း အလင်းရောင်မရှိဘဲ မတက်ရဲချေ။ မှောင်ကြီးမည်းမည်းတွင်သာ တက်ပါက ခြေချော်လက်ချော်ကျပြီး ပွဲချင်းပြီး သေနိုင်လေသည်။

နောက်တစ်နေ့မှ မြင်မြင်ထင်ထင် တောင်နံရံကို တွယ်တက်၍ ကျိုလင်းဆေးပင်ကို နှုတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူ့တွင် ရိက္ခာလည်း မရှိတော့သဖြင့် စမ်းရေကိုပင် အဝသောက်လိုက်သည်။

စိတ်ပန်းလူပန်း ဖြစ်ခဲ့ရသည်မို့ မောမောနှင့်တောင်နံရံဘေးမှာပင် လှဲအိပ်လိုက်သည်။ ခဏနှင့်အိပ်ပျော်သွားသည်။



သူ တရေးနိုးလာသောအခါ ပတ်ဝန်းကျင် တစ်ခုလုံးတွင် အမှောင်ဖုံးနေလေပြီ။ တောင်ကမ်းပါးယံ ထိပ်ဆီမှ ကြယ်ပွင့်ကလေး အနည်းငယ် ဝင်းလက်နေသည်ကိုမူ တွေ့ရသည်။

သူသည် ပက်လက်လှန် အိပ်ရင်း ကြယ်ပွင့်ကလေးများကို ကြည့်နေရာမှ သူ့ မိခင်ကြီး၏ ရင်ခွင်ထဲတွင် လှဲအိပ်ကာ ဤသို့ ကြယ်ပွင့်ကလေးများကို ကြည့်တတ်သည့် အကြောင်းကို ပြန်ပြီး အမှတ်ရမိသည်။

ဝမ်ရဲ့ရဲတိုက်ကြီးတွင်နေစဉ် သူတို့သားအမိသည် ညစဉ်လိုလို ရဲတိုက်ကြီးမှ မြေကွက်လပ်တွင် ထွက်ထိုင်၍ စကားပြောတတ်၏။ ကောင်းကင်မှ ကြယ်ပွင့်များမှာ နတ်ပြည်မှ မီးရောင်များဖြစ်ကြောင်း သူ့ မိခင်က ပုံပြောသလို သူ့ကို ပြောပြတတ်သည်။

သူ့ မိခင်သည် သူ့ကို ပုံပြင်များ ပြောပြရင်း မျက်ရည်ကျတတ်သည်။

မိခင်ကြီးအကြောင်းတွေးမိတော့ သူသည် များစွာ စိတ်

မကောင်း ဖြစ်မိသည်။ သက်ပြင်းရှည်ကြီး တစ်ချက်ကိုလည်း ချမိသည်။

ထိုစဉ် သူ့ နားထဲမှ သေးငယ်စူးရှ၍ ကြည်လင်သော စကားသံတစ်သံကို ကြားလိုက်ရလေသည်။

"ဟိတ်ကောင်လေး .... ဒီချောက်ကြီးထဲ ဆင်းပြီး ဘာလုပ်နေတာလဲ .... "

အမှောင်ထဲမှ ထွက်လာသော စကားကြောင့် တိန့်ထောက် ထိတ်လန့်သွားသည်။ လှဲအိပ်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်ပြီး ဟိုဟို ဒီဒီ လှည့်ပတ်၍ ကြည့်သည်။

မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ မည်သည့် လှုပ်ရှားမှုကိုလည်း မတွေ့ရချေ။ ထို့ကြောင့် တိန့်ထောက် အံ့ဩမိသည်။ အသံကို တကယ်ကြားရခြင်းမဟုတ်ဘဲ သူ့ စိတ်ထဲမှ ထင်ခြင်း ပေပဲလားဟူ၍ တွေးမိသည်။

သို့သော် စူးရှ ကြည်လင်သောအသံက ထပ်မံပြီးပေါ်ပေါက်လာပြန်သည်။

"ဒီမယ် ကောင်လေး .... မင်းနာမည် ဘယ်လို ခေါ်သလဲ၊ ချောက်ထဲမှာ မင်း ဘာလုပ်မလို့လဲ .... မင်း ပြန်ပြောစမ်း .... မင်း တိုးတိုးပြန်ပြောလည်း ငါ ကြားပါတယ် .... "

ယခုတစ်ခါတော့ စကားသံကို သူ ကြားနေရခြင်းမှာ အမှန်ဖြစ်ကြောင်း သိလိုက်၏။ သူ့ကို အသံရှင်က အဝေးဆီမှ လှမ်းပြောနေကြောင်းလည်း တွက်ဆမိသည်။

သူသည် ထူးခြားဆန်းကြယ်သော သိုင်းပညာရှင် တစ်ဦးကို တွေ့ရပြန်လေပြီလားဟု တွေးမိသည်။

ယခုတစ်ခါတော့ တိန့်ထောက် ဝမ်းသာသွားသည်။ ယခုလို



အကျဉ်းအကျပ် ဖြစ်နေချိန်တွင် ကူညီနိုင်မည့် ပုဂ္ဂိုလ်တစ်ဦးဦးသာ ပေါ်ပေါက်လာမည် ဆိုပါက သူသည် အခက်အခဲများ အားလုံးကို ကျော်လွှားနိုင်ပေလိမ့်မည်။

သို့သော် ထိုအသံရှင်က မိမိကို သိုင်းပညာမတတ်ကြောင်း သိလျှင် အနိုင်ကျင့်မှာလည်း စိုးရသည်။ ထို့ကြောင့် သိုင်းသမားတစ်ယောက်၏ လေသံမျိုးဖြင့် အေးစက်စက် ပြန်ပြောလိုက်၏။

"အခု စကားပြောနေတာ ဘယ်သူလဲ .... ကိစ္စတစ်ခုနဲ့ ကျပ်လာခဲ့တာ .... အချိန်မရှိတော့ဘူး .... ဒီမှာ အိပ်မလို့ .... "

စူးရှကြည်လင်သောအသံ ပြန်ပေါ်လာသည်။

"မင်းဟာ သိုင်းပညာ လုံးလုံးမတတ်ပါဘူး .... သိုင်းသမားတစ်ယောက်ရဲ့ လေသံမျိုးတွေသုံးပြီး ဟန်ဆောင်နေစရာ မလိုပါဘူး"

တိန့်ထောက် ရင်ထိတ်သွားသည်။

သူသည် သိုင်းပညာကို မတတ်သော်လည်း သိုင်းပညာအကြောင်းများကို ကြားဖူးထားလေရာ အသံရှင်မှာ ခပ်ဝေးဝေးမှ သူ့ကိုအသံပို့လွှတ်နည်းနှင့် စကားပြောနေကြောင်း ရိပ်စားမိလေသည်။

သူထင်ထားသည်ထက် များစွာ အဆင့်မြင့်သော ထိုအသံရှင်ကို သူသည် ဆက်လက်၍ မလိမ်ရဲတော့ပါချေ။ သူ့ကို အကူအညီ မပေးသည့်ပြင် ရန်မူမည်စိုးသောကြောင့် ဖြစ်၏။

ထို့ကြောင့် ရိုကျိုးသော အသံနှင့်ပြန်ပြောလိုက်မိ၏။

"မှန်ပါတယ်ခင်ဗျာ .... ကျွန်တော်ဟာ သိုင်းသမားတစ်ယောက် မဟုတ်ပါဘူး .... ချောက်ထဲကို ကြိုးနဲ့အဆင်းမှာ ကြိုးပြတ်ပြီး ဒုက္ခရောက်နေတဲ့သူပါ .... ဆရာကြီး ဘယ်နေရာက စကားပြောနေတာလဲ ခင်ဗျာ .... "

"မင်းရှိနေတဲ့တစ်ဘက် တောင်ကမ်းပါးယံက ငါ စကားပြော နေတာ .... ငါ့ဆီကို လာချင်ရင် တက်လာခဲ့လေ .... အဲဒီမှာ မင်း အိပ်လို့ကတော့ အေးလွန်းလို့ သွေးခဲသေလိမ့်မယ် .... "

"ကျွန်တော်မှ မလာတတ်ဘဲ .... ဘယ်လိုလာရမှာလဲ"

"မင်းကို ငါ လမ်းညွှန်ပါ့မယ် .... ငါ လမ်းညွှန်တဲ့အတိုင်းသာ မင်း လာခဲ့ .... "

တိန့်ထောက်သည် သိုင်းပညာ အဆင့်မြင့်လွန်းလှသော အသံရှင်ကို တွေ့လိုသဖြင့် သဘောတူပြီး အသံရှင်၏ လမ်းညွှန်ချက်ကို နားထောင်ကာ တစ်ဘက်တောင်ကမ်းပါးယံပေါ်သို့ တဖြည်းဖြည်း တက်ခဲ့လေတော့၏။

# အခန်း (၁၂)

## အိပ်မက်ဆိုး

တောင်နံရံမှာ ခြေနင်းရန် လက်ကိုင်ရန် လွယ်ကူပြီး ခပ်မြေ မြေလည်း ရှိသဖြင့် တိန့်ထောက်သည် စွန့်စွန့်စားစား မတက်ရချေ။

တစ်နေရာသို့ အရောက်တွင် စကားသံပေါ်လာပြန်သည်။

"မင်းရဲ့ ညာဘက်တည့်တည့်ကို ကြည့်လိုက်စမ်း .... ဂူထဲမှာ ငါရှိနေတယ် .... "

တိန့်ထောက် လှမ်းကြည့်လိုက်ရာ မည်းမည်းမှောင်နေသော ဂူပေါက်ကို မြင်ရသည်။ သူသည် ဂူပေါက်ဝအထိရောက်အောင် လာခဲ့ သော်လည်း အထဲကို ရုတ်ခြည်း မဝင်ရဲသေးဘဲ ရပ်နေမိ၏။

"ဝင်ခဲ့လေ .... အပြင်မှာ မင်း ချမ်းနေမှာပေါ့ .... "

ဂူထဲမှ စကားသံ ပေါ်လာသည်။

တိန့်ထောက်သည် တကယ်လည်း ချမ်းအေးနေသည်။ ဂူထဲမှ အသံရှင်၏ အကူအညီကိုလည်း လိုချင်သဖြင့် တွေဝေစဉ်းစားမနေ တော့ဘဲ စိတ်တင်းကာ ဂူထဲကို ဝင်လာခဲ့သည်။

ဂူထဲတွင် ဝိန်းဝိတ်အောင် မှောင်မည်းနေသည်။ သူသည် အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်ခဲ့ရသော်လည်း ခလုတ်တိုက် ခြင်းမရှိပါ။ ဂူမှာ အတော်ကလေး ကျယ်ဝန်းကြောင်း ခန့်မှန်းမိ၏။

ဂူထဲသို့ သူ အတော်ကလေး လျှောက်ဝင်ခဲ့မိသောအခါ စကားသံက ကျယ်လောင်စွာ ရုတ်ခြည်း ပေါ်လာသည်။

"ရပ်လိုက်တော့ .... "

အသံမှာ ဟိန်းသွားသဖြင့် တိန့်ထောက် ထိတ်လန့်သွားကာ ခြေလှမ်းကို တန့်ခနဲ ရပ်လိုက်မိ၏။

အသံရှင်ကိုတော့ သူ မမြင်ရပါချေ။ သူ့ကိုယ်ကို လေဟပ်သွားသပြီး သူ့အနီးတွင် လူတစ်ယောက် ရောက်လာသည်ကိုတော့ သူ ခံစားမိ၏။

သူသည် မှောင်ထဲကို ကြည့်လိုက်ရာ ဝင်းလက်နေသော မျက်လုံးနှစ်လုံးကိုသာ တွေ့ရသဖြင့် ထိတ်ခနဲ ဖြစ်သွားပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

မျက်လုံးနှစ်လုံးက သူ့ကို စူးစူးရားရား ကြည့်နေသည်။

ညအမှောင်ထဲတွင် မြေခွေးများ၏ မျက်လုံးများမှာ ဤကဲ့သို့ တောက်ပြောင်နေကြောင်း တိန့်ထောက် သတိရလိုက်ပြီး ပို၍ တုန်လှုပ်သွားသည်။

"ဘာမှ စိုးရိမ်ကြောက်လန့်မနေပါနဲ့ကွယ် .... မင်းကို ကျုပ်က ရန်မမူပါဘူး .... ဒုက္ခမပေးပါဘူး .... စိတ်ချပါ .... မင်းရဲ့ ကိုယ်ကိုတော့ ငါ ကိုင်ကြည့်မယ်နော် .... မကြောက်နဲ့ .... "

တိန့်ထောက် ကြက်သီးထသွားသည်။

သူ့ ခြေလက် ပခုံးများကို လက်ကြီးနှစ်ဖက်က စမ်းသပ်ဆုပ်ကိုင်ခြင်းကိုလည်း ခံရသည်။ သူသည် ကြောက်စိတ်ကြောင့် ကြက်သေ သေနေမိသည်။ သူ ရုန်းကန်လိုက်လျှင် သူ့ကို ရန်မူမည်စိုးသောကြောင့် အနည်းငယ်မျှလည်း မလှုပ်ရှားရဲချေ။ သူ့ ခြေလက်တွေသာ တဆတ်ဆတ် တုန်နေသည်။

လက်ကြီးနှစ်ဖက်သည် သူ့ကို နာကျင်အောင် ဆုပ်ကိုင်ခြင်း မရှိချေ။ သူ့ ခန္ဓာကိုယ် အချိုးအဆစ်ကို သိရန်သာ ညင်သာစွာ စမ်းသပ်ကြည့်နေခြင်း ဖြစ်လေသည်။

"ဟား .... ဟား .... ဟား .... ဟား .... ကြိုက်သွားပြီဟေ့၊ ကြိုက်သွားပြီ .... ဟား .... ဟား .... ဟား .... ဟား .... "

ကျယ်လောင်သော ရယ်သံကြီးနှင့်အတူ စကားသံ ပေါ်လာပြန်သောအခါ တိန့်ထောက်မှာ ကြက်သီးမွေးညှင်းထသွားမိ၏။ သူ့ ရင်ထဲတွင် တထိတ်ထိတ် ခုန်နေသည်။

လက်ကြီးနှစ်ဖက်ကလည်း သူ့ကို လွှတ်လိုက်၏။ ရယ်မောသံလည်း ပျောက်သွားသည်။

ပကတိ တိတ်ဆိတ်သွားကာ သူ့ ရင်ခုန်သံသာ တိတ်ဆိတ်မှုကို ဖောက်ထွင်း၍ ပေါ်ထွက်နေသည်။ သူသည် ယခုထိ အသံရှင်ကို မမြင်ရပါချေ။

စကားသံ ပေါ်လာပြန်သည်။

"အင်း ... မင်းရဲ့ ခန္ဓာကိုယ်အချိုးအဆစ်ကတော့ တကယ့်ကို သိုင်းသမားတစ်ယောက် ဖြစ်နိုင်တယ် .... ဒါပေမယ့် မင်းရဲ့ စိတ်ဓာတ်ကတော့ ပျော့ညံ့နေသေးတယ် .... ဒါကလည်း .... မင်းဟာ ငယ်သေးလို့ပါလေ .... အတွေ့အကြုံလည်း နည်းသေးလို့ .... ငါ တတ်မြောက်ထားတဲ့ သိုင်းပညာတွေကိုသာ .... မင်းကို ဆင့်ပွား သင်ပေးလိုက်ရမယ်ဆိုရင် မင်းဟာ ငါ့ရဲ့ကိုယ်ပွားတစ်ယောက် ဖြစ်လာနိုင်တယ် .... "

သူ့ကို တပည့်အဖြစ်မွေးလိုကြောင်း စကားဦးသမ်းနေပြီဖြစ်ကြောင်း တိန့်ထောက်တွေးမိကာ "လာပြန်ပြီတစ်ယောက်" ဟူ၍လည်း စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

သူသည် တောက်ပနေသော မျက်လုံးအစုံကို ကြည့်ပြီး အံ့ဩစွာ မေးလိုက်သည်။

"ဆရာကြီးက ဘယ်သူပါလဲ ခင်ဗျား .... "

"ကျုပ် ဘယ်သူလဲဆိုတာ .... မင်း သိဖို့ မလိုသေးပါဘူးလေ .... ဩော် .... တကယ်လို့ မင်းသာ ငါ့ရဲ့တပည့် ဖြစ်သွားရင်တော့ ငါ ဘယ်သူဘယ်ဝါဆိုတာ အချိန်ကျရင် ပြောပြရမှာပဲ .... ငါ့ဆီမှာ မင်း သိုင်းပညာသင်မလား .... ငါ့ဆီကို မင်း ရောက်လာတာဟာ မင်းနဲ့ငါ ဆရာတပည့်ဖြစ်ဖို့ ကံဆိုလို့ပဲလို့ ငါယူဆတယ် .... "



တိန့်ထောက်မှာ သူ့ကို တပည့်အဖြစ် ရွေးချယ်သော ခေါင်းသေဗ္ဗာနီဘီလူးနှင့် သွေးရိပ်သခင်မ၏အဖြစ်ကို ပြန်တွေးမိပြီး အကြောင်းမသိသော ဤအသံရှင်ထံတွင် တပည့်ခံရမှာ ကြောက်နေသည်။

"ကျွန်တော် .... သိုင်းပညာ မသင်ချင်ပါဘူး ဆရာကြီး .... ကျွန်တော့်ကိုသာ ချောက်ကမ်းပါးပေါ်ကို ပြန်တက်နိုင်မယ့် လမ်းကို ပြပေးပါ .... "

အသံရှင်က ခပ်သဲ့သဲ့ ရယ်မောလိုက်ပြီး ....

"ဒီမယ် .... သူငယ် .... ဒီ ချောက်ကြီးထဲက အပေါ်ကို ပြန်တက်ဖို့ လမ်းရယ်လို့ သပ်သပ်မရှိဘူး .... ကိုယ်ဖော့ သိုင်းပညာ မတတ်တဲ့ မင်းအနေနဲ့လည်း .... ဘယ်လိုနည်းနဲ့မှ တောင်နံရံကို တွယ်ပြီး တက်သွားနိုင်မှာ မဟုတ်ဘူး .... ဒီ ချောက်ထဲကို မင်းမို့လို့ ကိုယ့်သေလမ်း ကိုယ်ရှာပြီး ဆင်းလာတယ် .... ကဲ .... ကဲ .... ငါ့ဆီမှာ တပည့်မခံချင်ဘူးဆိုရင်တော့ ခုချက်ချင်း ဒီဂူထဲက ပြန်ထွက်သွားပေတော့ .... "

ဤအထဲတွင် ဆက်နေလျှင် သူ့အတွက် အန္တရာယ်ရှိချင် ရှိနိုင်သည်ဟု တွေးမိ၍ တိန့်ထောက်ကလည်း အသံရှင် ခွင့်ပြုတုန်း ပြန်ထွက်သွားချင်သည်။

ထို့ကြောင့် ....

ခပ်အေးအေးပင် ပြန်ပြောလိုက်၏။

"ကောင်းပါပြီ ဦး .... ကျွန်တော့်ကို ခွင့်ပြုပါ .... "

တိန့်ထောက်သည် နောက်ဘက်ကို ချာခနဲ လှည့်၍ ဂူပေါ် ဆီကို မှန်းကာ လျှောက်လာသည်။

ထိုစဉ် သူ့ နောက်ဘက်ဆီမှ မီးရောင်ထိန်လင်းသွား၍ စကားသံလည်း ပေါ်လာသည်။

"နေဦး ... မင်းကို ငါ ပြောစရာရှိသေးတယ် ...."

တိန့်ထောက် နောက်ကို ဆတ်ခနဲ လှည့်ကြည့်မိသည်။ မြ ရသော မြင်ကွင်းကြောင့် ထိတ်လန့်တကြီး ဖြစ်သွားသည်။ မျက်လုံး အပြူးသား ဖြစ်သွားသည်။

ကျောက်စွန်းပေါ်တွင် ထွန်းထားသော မီးခွက်မှ အလင်း ရောင်ဖြင့် ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန်ရှိသည့် လူတစ်ယောက်ကို တွေ့ရသောကြောင့်ပင် ဖြစ်လေသည်။

ထိုသူ၏ အရပ်အမောင်း မြင့်လားလှသည်။ သူ့ ဆံပင်နှင့် မုတ်ဆိတ်မွေးများက ရှုပ်ထွေးရှည်လျားစွာ ခန္ဓာကိုယ်ပေါ်သို့ ဖြ ကျနေသည်။

မျက်နှာပြင်တွင် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် ပါးမြိုင်းမွေး များ ဖုံးအုပ်နေသောကြောင့် ထိုသူ၏ မျက်နှာပြင်ကိုမမြင်ရချေ၊ တောက်ပြောင်သော မျက်လုံးအစုံကိုသာ မြင်ရလေသည်။

အကယ်၍ ထိုသူနှင့်သာ စကားမပြောဘူးပါက လူတစ် ယောက်ဟု ထင်နိုင်ဖွယ်ရာ မရှိချေ။ မကောင်းဆိုးရွား တစ္ဆေသရဲကြီး တစ်ကောင် ဖြစ်လိမ့်မည်ဟုသာ ထင်စရာ ရှိသည်။

ထိုသူက တိန့်ထောက်ကို စူးစူးရှားရှားကြည့်ရင်း ထပ်ပြော သည်။

"ဒီမယ် ကောင်လေး .... မင်းအတွက် တခြားလမ်းရွေးချယ်



စရာမရှိဘူးဆိုတာ သိထားစမ်းပါ .... ဘာဖြစ်လို့လဲ ဆိုတော့ အခု မင်းရဲ့အရည်အချင်းမျိုးနဲ့ ဘယ်လိုမှ ချောက်ထဲကတက်နိုင်မှာ မဟုတ် လို့ဘဲ .... မင်းအတွက် ပြန်လမ်းဟာ တစ်လမ်းတည်းပဲ ရှိတယ် .... ငါ့ဆီမှာ တပည့်ခံပြီး သိုင်းပညာတွေကိုသင် .... ဒါဆို မင်း ချောက် ပေါ်ကို တက်လို့ရပြီ ...."

ယခုမှတွေ့ကြုံဆက်ဆံရသော လူစိမ်းတစ်ယောက်၏ စကား ကို တိန့်ထောက် မယုံကြည်ပါချေ။ အပေါ်သို့တက်သည့်လမ်းတစ်လမ်း လမ်းတော့ရှိရမည်ဟု တွေးမိသည်။

မကောင်းဆိုးရွားပုံသဏ္ဌာန်နှင့်လူကြီးက ထပ်ပြောလေ သည်။

"ကိုင်း .... မင်းစဉ်းစားစမ်း .... ငါ့ဆီမှာ တပည့်ခံမယ်ဆိုရင် အခုချက်ချင်း ငါ့ကိုဒူးထောက်ပြီး ကန်တော့ပေတော့ .... ဒါမှမဟုတ် ငါ့တပည့်အဖြစ် မခံယူချင်ဘူးဆိုရင်တော့ သွားပေတော့ .... ဒါပေမယ့် ငါ့တပည့်ဖြစ်ချင်တဲ့အချိန်မှာ မင်းပြန်လာနိုင်ပါတယ် ...."

စကားဆုံးသည်နှင့် ထိုလူကြီးသည် သူ့ကိုယ်ကို ချာခနဲလှည့် လိုက်ပြီး လက်ကိုဝှေ့ယမ်းလိုက်၏။ လေပြင်းတစ်ချက်တိုက်ခတ်သွား ပြီး မီးခွက်မှာ ငြိမ်းသွားလေသည်။

တိန့်ထောက်လည်း ဂူထဲမှထွက်ခဲ့ပြီး တောင်ကမ်းပါးယံ အောက်ခြေသို့ ပြန်ပြီးဆင်းခဲ့သည်။

စောစောက သူလှဲအိပ်ခဲ့သောနေရာကို အရောက်လာခဲ့ပြီး ပြန်လှဲအိပ်လိုက်သည်။ သို့သော် နိုက်နိုက်တုန်အောင် ချမ်းအေးလွန်း သဖြင့် သူသည် တော်တော်နှင့် အိပ်မပျော်ပါချေ။ အချိန်သာ တရွေ့ ရွေ့ကုန်ဆုံးပြီး မိုးစင်စင်လင်းခဲ့ရလေသည်။

မိုးလင်းသည်နှင့် သူသည် ခပ်ပြေပြေရှိနေသော တစ်ဖက် ကျောက်ဆောင်ကမ်းပါးယံကြီးပေါ်သို့ ခက်ခက်ခဲခဲ တက်ခဲ့သည်၊ နောက်ဆုံးတွင် ကျိုလင်းဆေးမြက်ပင်များရှိရာကို ရောက်လာသည်၊



သူသည် ကျိုလင်းဆေးမြက်ပင်များကို မျက်မမြင်အဘွားအို မှာစကားအတိုင်း သေချာစွာ စစ်ဆေးကြည့်၍ သေချာမှ ခပ်များများ နှုတ်ယူပြီး သူ့အင်္ကျီထဲသို့ ထိုးထည့်ထားလိုက်သည်။

တစ်ဖက်လွင်ပြင်ကို လှမ်းမြင်နေသော်လည်း ချောက်ကြီး ခံနေသဖြင့် မကူးနိုင်ချေ။ သိမ်းငှက်ကြီးကိုလည်း မမြင်ရတော့ချေ။

သူသည် ချောက်အောက်ဘက်သို့ တဖြည်းဖြည်းဆင်းခဲ့သည်။

အောက်ခြေကိုရောက်လာသောအခါ သူသည် အတန်ကြာ အောင့်ထိုင်ပြီး အနားယူလိုက်၏။ သူသည် ပင်ပန်းနွမ်းနယ်နေပြီး ဆာလောင်မွတ်သိပ်ခြင်းလည်းဖြစ်သည်။

ညကတွေ့ရသော လူထူးလူဆန်းကြီးထံသို့သွားကာ အစားအသောက်ကို တောင်းစားရလျှင် ကောင်းလေမည်ဟု တွေးမိသော်လည်း ဂူပေါက်ဝမတွေ့ဘဲဖြစ်နေသည်။ အောက်ဘက်မှ လှမ်းကြည့်လိုက်သောအခါ ကျောက်ချွန်းကျောက်စွယ်များက ဂူပေါက်ကို ကွယ်ထားခြင်းဖြစ်ပေလိမ့်မည်။

ထိုလူထူးဆန်းကြီးက သူ့ကိုအနှောင့်အယှက်မပေးသည်ကပင် တော်လှပြီဟု တွေးမိသည်။

သူသည် ချောက်အပေါ်သို့ တက်သည့်လမ်းကို တွေ့လိုတွေ့

ဝြား စမ်းချောင်းနံဘေးအတိုင်း လျှောက်လာခဲ့သည်။ လီနှစ်ဆယ်ခန့်သာရှိခဲ့ပြီးသော်လည်း ချောက်ထိပ်ကို တက်သည့်လမ်းကို မတွေ့ရချေ။

သူ့ဝဲယာတစ်ဖက်တစ်ချက်စီတွင်ရှိသော တောင်နံရံကြီးများမှာ မတ်စောက်စွာပင် ရှိနေကြ၏။

မတ်စောက်သော ဘောင်နံရံများကို တွယ်တက်ရန် မဖြစ်နိုင်ပါချေ။ နောက်ထပ်နှစ်လီခန့်ဆက်လျှောက်မိလျှင် စမ်းချောင်းလေးမှာဆုံးသွားသည်။ ကျယ်ပြန့်သော သဲပြင်ကြီးသာ သူ့ရှေ့တွင်ရှိနေသည်။

သူ့ဘေးဘက် တောင်နံရံတွင် ကျောက်တောင်ကိုထွင်း၍ရေးထားသောစာများကိုလည်း တွေ့ရသည်။

*သဲပြင်ပေါ်ဖြတ်သန်း၍ မလျှောက်ရ။*

*မြုပ်သွားလိမ့်မည်။*

ကျောက်တောင်နံရံတွင် သတိပေးစာတန်းရေးထားခြင်းသာဖြစ်၏။ တိန်ထောက်သည် ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး သဲပြင်ပေါ်ကို ပစ်လိုက်၏။

ကျောက်ခဲများ သဲပြင်အောက်ကို ရုတ်ခြည်းနစ်ဝင်ပျောက်ကွယ်သွားသည်။

သူသည် မကျေနပ်နိုင်သေးဘဲ နောက်ထပ်ကြီးမားလှသော ကျောက်တုံးကြီးတစ်တုံးကိုကောက်ယူ၍ သဲပြင်ပေါ်သို့ ထပ်ပြီးပစ်လိုက်ပြန်သည်။

ကျောက်တုံးကြီးမှာ ချက်ချင်းပင် သဲပြင်ထဲကို နစ်မြုပ်ပျောက်ကွယ်သွားပြန်သည်။



ထိတ်လန့်စိတ်နှင့် သူသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး ခေါင်းကိုလည်း ခါယမ်းလိုက်မိ၏။

သူသည် သတိပေးစာတန်းကို ဖတ်မိ၍သာ တော်တော့သည်။

သို့မဟုတ်ပါက ဆက်၍သဲပြင်ပေါ် လျှောက်မိလိမ့်မည်ဖြစ်ပြီး သူ့တစ်ကိုယ်လုံး သဲပြင်အောက်ကို စုန်းစုန်းမြုပ်ကာ သေဆုံးရပေလိမ့်မည်။

တိန့်ထောက်သည် ရှေ့ကိုဆက်ပြီး မသွားရဲတော့ပါ။ နောက်ကြောင်းကို ပြန်လှည့်၍ လျှောက်လာခဲ့သည်။

သူသည် ပင်ပန်းနွမ်းနယ်နေပြီး ဗိုက်လည်း ဆာနေပြီဖြစ်၏။

ဤချောက်ကြီးထဲတွင် သူသည် မည်သည့်အစာကိုမျှ ရှာဖွေစားသောက်နိုင်လိမ့်မည်မဟုတ်ချေ။ အပေါ်ကိုသာ ပြန်မတက်နိုင်ပါက အစာငတ်ပြီး သေဖွယ်ရာသာ ရှိတော့သည်။

လူထူးဆန်းကြီး၏မှာကြားသံကို ပြန်ပြီးကြားယောင်မိသည်။

"မင်းပြန်လာမယ်ဆိုရင် .... ပြန်လာနိုင်တယ် .... "

နေရောင်သည် တဖြည်းဖြည်း ပျောက်ကွယ်စပြုနေလေပြီ။ မကြာမီ အမှောင်ထုသည် စိုးမိုးလာပေတော့မည်။

သူသည် တစ်လမ်းလုံး စမ်းရေကိုသာ သောက်ခဲ့ရပြီး ညက သူအိပ်ခဲ့ရသော နေရာကို ပြန်ရောက်လာသည်။

အမှောင်ထုကလည်း ဖုံးလာပြီဖြစ်၏။

ဆာလောင်လွန်းလှသဖြင့် လူထူးဆန်းထံသွားရလျှင် ကောင်းလေမည်လားဟု စဉ်းစားမိ၏။

လူထူးလူဆန်းကြီး၏ပုံပန်းသဏ္ဍာန်မှာ ကြောက်စရာအသွင်အပြင်ရှိသော်လည်း စိတ်ထားကောင်းသူဖြစ်ကြောင်း မဟုတ်မတရားအလုပ်မျိုးကို မလုပ်တတ်ကြောင်း တိန့်ထောက် တွက်ဆမိသည်။



သူသည် လှဲအိပ်ချရင်း ချောက်ကြီးအထက်မှမြင်ရသော ကြယ်ပွင့်ကလေးများကို ငေးကြည့်နေလေသည်။

ပင်ပန်းလွန်းလှသောကြောင့် သူ၏မျက်လုံးအစုံမှာ လာသည်။ ထိုစဉ် အိပ်မက်လိုလို၊ တကယ်လိုလိုသူ့နာမည်ကိုခေါ်သော မိခင်ကြီး၏အသံကို ကြားလိုက်ရသည်။

"သား .... လူလေး တိန့်ထောက် .... "

သူ ဖျတ်ခနဲ နိုးလာသလိုဖြစ်ပြီး မျက်လုံးအစုံကိုဖွင့်လိုက်ရာ သူ့ကိုမိုးကြည့်နေသော သူ့မိခင်ကြီး၏မျက်နှာကို မြင်ရသည်။

မိခင်ကြီး၏ မျက်လုံးအစုံမှာ ပြူးထွက်နေပြီး ပါးစပ်ထဲမှ လျှာကြီးလည်း ထွက်နေသည်။ လည်ပင်းတွင် ကြိုးကွင်းကြီးလည်း စွပ်ထားသည်။

"အား .... "

တိန့်ထောက် ထိတ်လန့်တကြား အော်ပြီး လန့်နိုးလာသည်။ သူသည် အိပ်ပျော်သွားပြီး အိပ်မက်ဆိုးကို မက်ခြင်းသာဖြစ်၏။

သူ့တစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် ချွေးထွေးနေသည်။

သူ့ပတ်ဝန်းကျင်မှာ မည်းမည်းမှောင်နေသည်။

မိခင်ကြီးအကြောင်းကို တွေးမိရင်း မိခင်ကြီး၏အမှာစကားကိုလည်း ကြားယောင်မိသည်။

"လူကောင်းသူကောင်းတွေနဲ့သာ ပေါင်းသင်းပါသား .... လူဆိုးလူမိုက်တွေနဲ့ မပေါင်းသင်းပါနဲ့ .... သိုင်းပညာကိုသင်မယ်ဆိုရင်လည်း ဒုစရိုက်မှုကို ကျူးလွန်နေတဲ့ သိုင်းဆရာကြီးတွေဆီမှာ မသင်ပါနဲ့၊ တပည့်မခံပါနဲ့ .... ဝါးရုံတောဘိုးဘိုးကိုလည်း တွေ့အောင်ရှာပါကွယ်"

သူ့မိခင်ကြီးအကြောင်းတွေးမိတော့ ဝမ်းနည်းရဲ့တိုက်တွင် သူတို့

ဒီ အနိုင်ကျင့်ခံခဲ့ရပုံများကို ပြန်ပြီးသတိရလာသည်။

သူတို့သားအမိမှာ စိတ်ဆင်းရဲစွာ နေထိုင်ခဲ့ရပြီး နောက်ဆုံးခင်ကြီးမှာ သူ့ကိုယ်သူ သတ်သေသွားသည်။

သူသည် ထိုလူများကိုပြန်ပြီး ပညာပေးရပေလိမ့်မည်။

ထိုသို့ ပညာပေးနိုင်ရန်မှာလည်း သိုင်းပညာကို အဆင့်မြင့်စွာ ကြောင်းကျက်ထားမှဖြစ်ပေလိမ့်မည်။

သူသည် ရုတ်ခြည်းပင် ကျောက်ဂူကြီးထဲ၌နေသော လူထူးဆန်းကြီးထံတွင် တပည့်ခံရန် ဆုံးဖြတ်လိုက်၏။ ဒါမှလည်း ဤချောက်ကြီးထဲမှ အပေါ်ကို ပြန်တက်နိုင်ပေလိမ့်မည်။

အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်လာပါက ဝမ်ရဲ့ရဲတိုက်မှ သိုင်းသမားတွေကို ကောင်းကောင်းကြီးပညာပေးနိုင်ပေလိမ့်မည်။

ဂူထဲမှ လူထူးဆန်းကြီးမှာ လူကောင်းတစ်ယောက်ဖြစ်လိမ့်မည်ဟု သူယူဆသည်။ သူသည် တွေဝေမနေတော့ဘဲ ညကလမ်းအတိုင်း တောင်ကုန်းပေါ်သို့ တက်ခဲ့သည်။

တစ်နေ့လုံး ခရီးကလည်းပန်း၊ အစာလည်း မစားရသဖြင့် ညကလို သူ့ ်သွက်လက်လက်တော့ မရှိချေ။

အင်အားကုန်ခမ်းပြီး မောဟိုက်နေသည်။ သူ့မျက်လုံးအစုံမှာ ပြာဝေလာပြီးနောက် ဂူဝနှင့်မလှမ်းမကမ်းဆီသို့အရောက်တွင် မိုက်ခနဲဖြစ်သွားကာ လဲကျသတိမေ့သွားလေတော့သည်။

အခန်း(၁၃)

## ပညာအမွေခံ

တိန့်ထောက်ပြန်လည်သတိရလာသောအခါ မီးပုံတစ်ပုံဘေးတွင် သူရောက်နေကြောင်း ဦးစွာသတိထားမိသည်။ သူသည် ကျောက်ဂူကြီးတစ်ဂူထဲသို့ ရောက်နေကြောင်းကိုလည်း တွေ့ရသည်။

ဤကျောက်ဂူကြီးအတွင်းသို့ သူ့ကိုမည်သူက သယ်ယူလာခဲ့လေသနည်း။

သူသည် အသာအယာထထိုင်ပြီး ဘေးဘီကိုကြည့်လိုက်သောအခါ မီးပုံတစ်ဖက်တွင် အမွေးအမျှင်များ တစ်ကိုယ်လုံးဖုံး၍ ထိုင်နေသော လူထူးဆန်းကြီးကို မြင်ရလေသည်။

လူထူးဆန်းကြီးသည် တင်ပျဉ်ခွေ၍ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေသည်။ သူ့မျက်လုံးအစုံကိုလည်း ပိတ်ထား၏။

တိန့်ထောက် ထထိုင်ပြီးသည်နှင့် လူထူးဆန်းကြီးက မျက်လုံးမဖွင့်ဘဲ ပြောလိုက်သည်။

"မင်းနောက်ဘက်နားမှာ စားသောက်စရာတွေ ရှိနေတယ် အရင်စားလိုက်ဦး ...."

တိန့်ထောက် နောက်ကိုလှည့်ကြည့်လိုက်ရာ လင်ပန်းတန်း ချပ်ထဲတွင် ကြက်ကင်တစ်ကောင်နှင့် ရေနွေးကြမ်းပူပူတစ်ခွက်ကို တွေ့မြင်လိုက်ရသည်။

သူသည် ဆာလောင်နေသဖြင့် ဟန်ဆောင်မနေနိုင်ဘဲ ကြက်ကင်ကို ကောက်ယူကာ အားပါးတရစားသည်။ ရေနွေးပူပူကိုလည်း သောက်သည်။

လူထူးဆန်းကြီးက တိန့်ထောက်စားသောက်နေသည်ကို ကြည့်လည်း မကြည့်ချေ။ ဘာမှလည်း ဝင်မပြောချေ။

တိန့်ထောက် စားသောက်ပြီးသွားတော့မှ လူထူးဆန်းကြီး၏ မျက်လုံးအစုံမှာ တဖြည်းဖြည်းပွင့်လာလေသည်။

တိန့်ထောက်ကို စူးစူးရဲရဲကြည့်၍ မေးမြန်းလေသည်။

"ကောင်လေး .... မင်းနဲ့ သိမ်းငှက်သခင်မကြီးနဲ့ ဘယ်လို ပတ်သက်နေသလဲ .... "

တိန့်ထောက်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ....

"ဘာဖြစ်လို့လဲ ဆရာကြီး .... "

"ညနေက သိမ်းငှက်သခင်မ မျက်မမြင်မကြီးဟာ ချောက်ကမ်းပါးထိပ်ကို ရောက်လာတယ် .... မင်းနာမည်ကိုလည်း တကြော်ကြော်ခေါ်ပြီး ရှာနေတယ် .... မင်းနာမည် တိန့်ထောက်မဟုတ်လား"

"ဟုတ်ပါတယ် .... "

"မင်းဟာ သိမ်းငှက်သခင်မကြီးရဲ့တပည့်လား .... "

"မဟုတ်ပါဘူး .... သိကျွမ်းဖူးရုံတင်ပါ .... "

"မင်း ဒီချောက်ထဲကို ဆင်းလာတာဟာ သူ့အတွက် ဆော မြက်ပင်လာခူးတာ မဟုတ်လား .... "



"ဟုတ်ပါတယ် ခင်ဗျာ .... "

တိန့်ထောက်က သူနှင့် သိမ်းငှက်သခင်မကြီး တွေ့ဆုံပုံ၊ သိမ်းငှက်သခင်မကြီးက သူ့ကိုအကူအညီတောင်းခဲ့ပုံတို့ကို ပြောပြလိုက်သည်။

လူထူးဆန်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ....

"မနေ့က ငါဟာ မင်းကိုစိတ်စမ်းလိုက်တာပါ .... မင်းကို ငါ့ဆီမှာ အတင်းအကျပ် တပည့်မခံနိုင်းပါဘူး .... တကယ်တော့ မင်းဟာ စိတ်ဓာတ်ခိုင်မာတဲ့ လူငယ်တစ်ယောက်ပါ .... မင်းကို ငါသိပ်ပြီး သဘောကျပေမဲ့ မင်းပြန်ချင်တယ်ဆိုရင် ပြန်နိုင်ပါတယ် .... မင်းကို ချောက်ကမ်းပါးပေါ်ရောက်အောင် ငါလိုက်ပို့ပေးပါ့မယ် .... "

တိန့်ထောက်မှာ လူထူးဆန်းကြီးအပေါ်တွင် ပို၍လေးစားယုံကြည်သွားသည်။

စိတ်ထားရိုးဖြောင့်လှသော သိုင်းသမားကြီးတစ်ယောက်ဖြစ်ပြီး အကြောင်းတစ်ခုခုကြောင့်သာ ဤနေရာတွင် ဓာတ်မြုပ်နေထိုင်ခြင်းဖြစ်လိမ့်မည်ဟု တွေးမိသည်။

သူသည် ဤလိုလူမျိုးထံတွင် အခွင့်အရေးရတုန်း တပည့်
ပညာသင်ချင်ပါသည်။

"ကျွန်တော် ဆရာကြီးဆီမှာ တပည့်ခံပါ့မယ် .... ကျွန်တေ
ကိုသာ သိုင်းပညာရပ်တွေကို သင်ကြားပေးပါ ခင်ဗျာ .... "

"မင်း တကယ်ဆုံးဖြတ်ပြီးပြီလား .... "

"ဟုတ်ကဲ့ .... ကျွန်တော် နိုင်နိုင်မာမာ ဆုံးဖြတ်ချက်ချပြ
ပါပြီ ဆရာကြီး .... "

"မင်း ငါနဲ့သိုင်းပညာသင်မယ်လို့ နိုင်နိုင်မာမာဆုံးဖြတ်ခ
ချလိုက်ပြီဆိုရင်တော့ .... ငါ့ကို ကတိတစ်ခုပေးရမယ် .... "

တိန့်ထောက်သည် ဆိုင်းငံ့ခြင်းမပြုဘဲ ချက်ချင်းပင် ...

"ဟုတ်ကဲ့ ကျွန်တော်ကတိပေးပါ့မယ် .... "

"အေး .... ကောင်းပြီ၊ ငါ့ရဲ့သိုင်းပညာတတ်မြောက်ပြီးတဲ့အ
မှာ မင်းက သိုင်းပညာကို ကိုယ်ကျိုးအတွက်အသုံးမချရဘူး .... တိ
ပြည်နဲ့ လူမျိုးတွေအပေါ် အကျိုးပြုရမယ် .... အောက်လမ်းသိုင်းဂိုဏ်
တွေကို တာဝန်သိသိ ဖြိုခွဲပစ်ရမယ် .... တိုင်းပြည်ထဲကို ကျူးကျော်
ရောက်လာတဲ့ ရန်သူမှန်သမျှကို သုတ်သင်ပစ်ရမယ် .... ပြီးတော့ မ
လုပ်ဆောင်ချက်တွေကို တတ်နိုင်သရွေ့ .... ငါတို့ရဲ့ ဓကရာ



သို့မဟုတ် ငါ့ဆီကို သတင်းပို့အကြောင်းကြားရမယ် .... ဒီကတိတွေ
မင်းပေးနိုင်လို့ရှိရင် အခုပဲ ငါ့ကိုဆရာလို အသိအမှတ်ပြုတဲ့အနေနဲ့ ဦးချ
ကန်တော့ပေတော့ .... "

တိန့်ထောက်သည် မဆိုင်းမတွပင် ဒူးထောက်ထိုင်ပြီး လူထူး
ဆန်းကြီးကို သုံးကြိမ်သုံးခါ ဦးချကန်တော့လိုက်ကာ ကတိသစ္စာပြုလေ
တော့သည်။

လူထူးဆန်းကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ....

"အိမ်း .... အခုဆို မင်းဟာ ငါ့ရဲ့သိုင်းပညာအမွေအနှစ်
ဆက်ခံမယ့် တပည့်ရင်းတစ်ယောက်ဖြစ်သွားပြီ .... အခုအချိန်က
မင်းစွဲစွဲမြဲမြဲ မှတ်ရမှာက မင်းဟာငါ့ရဲ့လှုပ်ရှားပုံ .... ပြောပုံနဲ
အမူအကျင့်တွေကို ငါနဲ့နေထိုင်စဉ်ကာလမှာ လေ့လာရမယ် .. ယ်နဲ
ပန် .... ငါ့အပြောအဆိုနဲ့တူအောင်လည်း လေ့ကျင့်ရမ ယ်
ဘယ့်နှယ့်လဲ မင်းလုပ်နိုင်ပါ့မလား .... "

ယခုအချိန်ရောက်မှ တိန့်ထောက်လည်း တွေတွေတူ
စဉ်းစားမနေတော့ဘဲ ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်ကဲ့ ဆရာကြီး .... ကျွန်တော်ကြိုးစားပြီး အတုယူလေ့
ကျင့်ပါ့မယ် .... "

လူထူးဆန်းကြီးက ကျေနပ်စွာ ပြုံးလိုက်ပြီး ခေါင်းတဆတ်
ဆတ်ညိတ်လိုက်ပြန်သည်။

"ကောင်းပြီ ငါ့တပည့် .... အခုအချိန်ကစပြီး ငါ့ရဲ့အမူအကျင့်
တွေကို အတုခိုးလေ့ကျင့်ပေတော့ .... မနက်ဖြန်ကစပြီး မင်းကို
အခြေခံသိုင်းပညာရပ်တွေကို သင်ပေးမယ် .... မင်းရဲ့ကြိုးစားမှု ....
မင်းရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုပေါ်မှာမူတည်ပြီး အနှေးနဲ့အမြန် ငါ့ဆီက

ပညာကုန်ကို မင်းရမှာပဲ .... ”

စကားဆုံးသည်နှင့် လူထူးဆန်းကြီးသည် သူ့ရင်ဖုံးအိတ်ထဲ ကြွေပုလင်းကလေးကို ထုတ်ယူလိုက်ပြီး ကြွေပုလင်းထဲမှ ဆေးလုံး အနီကလေးသုံးလုံးကို ထုတ်ယူလိုက်သည်။

ပြီးတော့ တိန့်ထောက်ကိုပေးကာ သောက်စေသည်။

တိန့်ထောက်လည်း ဆေးလုံးသုံးလုံးကို သောက်ချလိုက် သည်။ သူတစ်ကိုယ်လုံး ပူရှိန်းရှိန်းဖြစ်သွားပြီး သွေးကြောမှာ လျှပ် ပတ်သွားလာသကဲ့သို့ ခံစားရလေသည်။

“ဟိုင်း .... ”

ရုတ်တရက် လူထူးဆန်းကြီးသည် မာန်သွင်းအော်ဟစ်လိုက် ကာ တိန့်ထောက်ကို ဘယ်ဘက်လက်ဝါးနှင့် တွန်းရိုက်ထုတ်လိုက်သည်။

“ဘုန်း .... ”

“အား .... ”

တိန့်ထောက်ခန္ဓာကိုယ် နောက်သို့လွင့်စဉ်သွားပြီး ကျောက် နံရံနှင့် တိုက်မိကာ သတိမေ့သွားလေတော့၏။

မိုးစင်စင်လင်းမှ တိန့်ထောက်ပြန်ပြီး သတိရလာသည်။

သူ့ခန္ဓာကိုယ်မှာ မြက်ခြောက်များပေါ်တွင် ပြန်ရောက်နေ လေသည်။ သူ့ဘေးနားတွင်မူ လူထူးဆန်းကြီး ထိုင်နေလေသည်။

သူသည် ထိတ်လန့်တကြားဖြင့် ထထိုင်သည်။ လူထူးဆန်း ကြီးက သူ့ကို ဘာမပြော ညာမပြောနှင့် အဘယ်ကြောင့် ရိုက်နှက် ကြောင်းကို စဉ်းစားမရချေ။

လူထူးဆန်းကြီးသည် သူ့ကို ဆေးလုံးသုံးလုံးပေးပြီး သောက် စေသည်။ ဆေးသောက်လိုက်သောအခါ သူ့တစ်ကိုယ်လုံးနာကျင်မှု



သမျှတို့မှာ ယူပစ်သလို ပျောက်သွားလေတော့သည်။

လူထူးဆန်းကြီးက တည်ငြိမ်စွာဖြင့် ပြောသည်။

“ငါ့တပည့် တိန့်ထောက် .... လူပေါ်လူ့ညွှန့်ဖြစ်အောင် လုပ် ချင်တယ်ဆိုရင် ဦးဆုံးအကျမနာအောင် လေ့ကျင့်ရမယ်ကွယ့် .... ဒီ သဘောကို မင်းနားလည်ရဲ့လား .... ”

တိန့်ထောက် ခဏမျှ စဉ်းစားလိုက်ပြီးမှ ....

“ဟုတ်ကဲ့ ဆရာကြီး .... အမြင့်ဆုံးမှာနေချင်တယ်ဆိုရင် .... အောက်ပြန်ကျတဲ့အခါမှာ မနာအောင် လေ့ကျင့်ထားရပါ့မယ် .... ဒါမှ လည်း ပြန်တက်လို့ ရပါမယ် .... ”

“ဟုတ်တယ် .... စာပေပညာကို မင်းသင်ကြားခဲ့ဖူးတယ်နဲ့ တူတယ် .... ”

“ကျွန်တော့်မေမေဆီက နည်းနည်းပါးပါး သင်ဖူးပါတယ် ဆရာကြီး .... ”

လူထူးဆန်းကြီးသည် ထိုနေ့မှစပြီး တိန့်ထောက်ကို ဂူကြီး ထဲတွင် နေ့စဉ်ရက်ဆက် ရိုက်နှက်ကန်ကြောက်ခြင်းအမှုကို ပြုလေ သည်။

တိန့်ထောက်မှာ လူထူးဆန်းကြီး၏ပြင်းထန်သော ရိုက်နှက် ချက်ဒဏ်ရာများကို မချိမဆံ့ ခံရလေသည်။

ပြီးလျှင် လူထူးဆန်းကြီးက ဆေးသုံးလုံးကျွေးသည်။ ဆေး သောက်ပြီးသည်နှင့် နာကျင်မှုမှန်သမျှ ပျောက်ကုန်ပြန်သည်။

ထိုသို့ဖြင့် ရိုက်နှက်လိုက် ဆေးကျွေးလိုက်ဖြင့် လုပ်လာရာ လက်ပေါင်းတစ်ရာတိတိပြည့်ပြီး နောက်တစ်နေ့ရောက်မှ လူထူးဆန်း ကြီးသည် တိန့်ထောက်ကို ရှင်းပြလေသည်။

"တိန့်ထောက် .... အခုဆိုရင် မင်းဟာ ကိုယ်ခံအား ခံနိုင်ရည် စွမ်းအားတွေ အတော်ကလေး ရှိလာပြီ .... ငါ့ရဲ့ရိုက်နှက်ချက် ဆယ်ချက်ကို ဆယ်ချက်တိတိခံရတာတောင် မူးမေ့ပြီး မလဲတော့ဘူး ... ဒီလောက်ခံနိုင်ရည်ရှိနေမှတော့ ဘယ်သူ့ရဲ့ရိုက်ချက်ကိုမှ မင်းမှုစရာ မလိုတော့ဘူး .... ဒီနေ့ကစပြီး မင်းကို အတွင်းအားလေ့ကျင့်မှုအခြေခံ ပညာတွေကို သင်ပေးမယ် .... ပြပေးမယ် .... "

အတွင်းအားလေ့ကျင့်ခြင်းမှာ ကမ္ဘာ့ဌာန်းထိုင်သလို ထိုင်ပြီး လေ့ကျင့်ရခြင်းသာဖြစ်၏။

တိန့်ထောက်သည် ဂူပြင်ကိုထွက်၍လည်း ထွက်သက်ဝင်သက်ကို ရှူရှိုက်ခြင်းပြုရသည်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုကိုလည်း လုပ်ရသည်။

ဤသည်တို့မှာ သိုင်းပညာရပ်များကို သင်ကြားရန်အတွက် ကြိုတင်လေကျင့်ရသည့် အခြေခံများသာဖြစ်လေသည်။

ယင်းသို့ဖြင့် နောက်ထပ်တစ်လခန့်အချိန်ကုန်ဆုံးခဲ့ပြန်သည်။



ထပ်မံ၍ သုံးလခန့်ကြာလာပြီးနောက် တိန့်ထောက်သည် အခြေခံလေ့ကျင့်မှုသိုင်းပညာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့လေပြီ။

ခံနိုင်ရည်လည်း များစွာရှိလာသည်။

လူထူးဆန်းကြီး၏လက်ဝါးရိုက်ချက်ကို ဆယ့်ငါးချက်တိတိ ခံနိုင်စွမ်းရှိလာသည်။

လူထူးဆန်းကြီးက အတွင်းအားနှင့် တွန်းရိုက်လိုက်လျှင် ယခင်ကဆိုပါက ခြေလှမ်းဆယ်လှမ်းခန့် နောက်ကို ဆုတ်ယိုင်သွားတတ်သော်လည်း ယခုမူ သုံးလှမ်းသာဆုတ်၍ တောင့်ခံလာနိုင်သည်။

ထိုသုံးလမှ ကျော်လွန်ခဲ့ပြီးနောက် လူထူးဆန်းကြီးသည် တိန့်ထောက်ကို လက်သိုင်းပညာရပ်နှင့် ကိုယ်ဖော့ပညာရပ်များကို တွဲဖက်၍ သင်ကြားပေးပြန်လေသည်။

အတွင်းအားပညာကိုမူ အထူးလေ့ကျင့်စေသလို ဓားသိုင်းပညာရပ်များကိုလည်း အထူးကြိုးစား၍ သင်ကြားပေးသည်။

အနားယူအားလပ်ချိန်များတွင် ဆရာတပည့်နှစ်ယောက်မှာ စကားစမြည်ပြောကြပါသော်လည်း လူထူးဆန်းက သူမည်သူမည်ဝါဖြစ်ကြောင်းကို လုံးဝဖွင့်ဟ၍မပြောခဲ့ပါချေ။

အနားယူအားလပ်ချိန်များတွင် လူထူးလူဆန်းကြီးသည် သိုင်းလောကသားများအကြောင်း၊ သိုင်းလောကအကြောင်း၊ သိုင်းလောကသားများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်စည်းကမ်းများကို ပြောပြတတ်၏။ သေချာစွာလည်း မှတ်သားစေလေသည်။

ရက်မှ လ၊ လမှ နှစ်တို့သည် တရွေ့ရွေ့ကုန်ဆုံးပြောင်းလဲသွားခဲ့၏။

နှစ်နှစ်ဟူသော အချိန်သည်လည်း ကုန်ဆုံးခဲ့သည်။

တိန့်ထောက်အသက်မှာလည်း ဆယ့်ကိုးနှစ်ရှိလာလေပြီ။

## အခန်း(၁၄)

## မဟူရာသိုင်းသမား

"တိန့်ထောက် မင်းငါ့ဆီမှာ သိုင်းပညာသင်ခဲ့တာ .... ဘယ်လောက်ကြာသွားပြီလဲ .... "

"ကျွန်တော် အမှတ်မမှားဘူးဆိုရင် .... နှစ်နှစ်နဲ့ ဆယ်ရက်တိတိရှိသွားပါပြီ ဆရာကြီး .... "

တိန့်ထောက်၏တိကျသောအဖြေကြောင့် လူထူးဆန်းကြီးသည် ကျေနပ်သွားပြီး နှစ်ခြိုက်စွာ ပြုံးလိုက်၏။

သူတို့ဆရာတပည့်နှစ်ယောက်သည် ကျောက်ဂူထဲတွင် အတွင်းအားလေ့ကျင့်ကြပြီးနောက် အနားယူလိုက်ကာ စကားပြောဆိုနေကြခြင်းဖြစ်လေသည်။

"ဟုတ်တယ် တပည့် .... ငါ့တပည့်အမှတ်မမှားပါဘူး .... ခုဆိုရင် မင်းဟာ ငါ့ရဲ့ပညာအမွေအနှစ်တွေကို ပြည့်စုံအောင်တတ်မြောက်နေပြီ .... ငါ့ရဲ့အမူအကျင့် အပြောအဆို စိတ်ဓာတ်မျိုးကိုလည်း မင်းဟာ အတုခိုးပြီး ရယူထားနိုင်ပြီ .... ဒီတော့ ငါ့တပည့်အနေနဲ့

သိုင်းလောကထဲမှာ ကောင်းကောင်းကြီး လှုပ်ရှားလို့ရပြီ .... အတွေ့အကြုံဆိုတာ တတ်မြောက်ထားတဲ့ပညာကို ကောင်းကောင်းအသုံးချနိုင်ဖို့ အင်အားပဲကွယ် .... "

လူထူးဆန်းကြီး၏စကားအသွားအလာရ မိမိကို သိုင်းလောကထဲတွင် လှုပ်ရှားရန် စေလွှတ်တော့မည်ဖြစ်ကြောင်းကို တိန့်ထောက်သိလိုက်၏။

ဆရာဖြစ်သူနှင့် ခွဲခွာရတော့မည်ဟူသော အသိစိတ်ဝင်လာသောအခါ သူသည် များစွာစိတ်မကောင်းဖြစ်လာပြီး မျက်ရည်များပင်ဝဲလာ၏။

"ဆရာကြီး .... ဆရာကြီးအနေနဲ့ ကျွန်တော်တစ်နှစ်လောက်ထပ်နေသောအခါ ဆရာကြီးကို ပြုစုပါရစေဦး ခင်ဗျာ .... ဆရာကြီးကို ကျွန်တော်ခွဲမသွားချင်သေးပါဘူး .... "

လူထူးဆန်းကြီးက ခပ်သဲ့သဲ့ပြုံးလိုက်ပြီး ....

"ငါတပည့် .... လောကမှာ ခွဲခွာခြင်းဆိုတဲ့အဖြစ်မျိုးကို လူတိုင်းတွေ့ကြုံရစမြဲပါ .... ရှင်ကွဲ မကွဲလည်း သေကွဲ ကွဲကြရတယ်.... သေကွဲမကွဲလည်း ရှင်ကွဲ ကွဲကြရတယ် .... ဒီတော့ မင်းအနေနဲ့ ငါ့ကို သံယောဇဉ်သိပ်ဖြစ်မနေနဲ့ .... မင်းဟာ လူငယ်တစ်ယောက် .... မင်းဘဝရှေ့ရေးအတွက် မင်းကိုယ်တိုင် အများကြီးလှုပ်ရှားရဦးမယ် ...."

တိန့်ထောက်သည် စိတ်ကိုမထိန်းနိုင်သဖြင့် ခေါင်းကိုင့်ကာ မျက်ရည်သာ ကျနေမိ၏။ သူသည် နှစ်နှစ်ကျော် လူထူးဆန်းကြီးနှင့် နေခဲ့သည်။ ထိုကာလအတွင်းတွင် လူထူးဆန်းကြီးသည် သူ့အပေါ် များစွာကောင်းခဲ့သည်။

တူသားရင်းတစ်ယောက်လို ဆက်ဆံခဲ့သည်။ သူကလည်း



ဆရာရင်း တစ်ယောက်အနေနှင့်သာမက .... ဦးလေးသားချင်းတစ်ယောက်လို သံယောဇဉ်တွယ်ခဲ့ရ၏။

ဆွေမျိုးသားချင်းမရှိသော သူသည် ဆရာဖြစ်သူကို ခွဲထွက်၍ မသွားလိုပါချေ။

"တိန့်ထောက် .... မိန်းကလေးတစ်ယောက်ရဲ့စိတ်ဓာတ်လို မင်းရဲ့စိတ်ဓာတ် ပျော့ညံ့မနေစမ်းပါနဲ့ .... ယောကျ်ားဆိုတာ ဘယ်လိုအခြေအနေမျိုးကိုပဲ ကြုံတွေ့ရပစေ .... စိတ်ဓာတ်ကြံ့ခိုင်ရမယ် .... လာမယ့်ဘေး ပြေးတွေ့တဲ့စိတ်ဓာတ်မျိုးရှိရမယ် .... "

"ဟုတ်ကဲ့ပါ ဆရာကြီး .... ဆရာကြီးနဲ့ ပြန်းတီးကြီးခွဲထွက်သွားရမယ်လို့ ကြားလိုကတော့ ဝမ်းနည်းသွားမိလို့ပါ .... ကျွန်တော့်စိတ်ဓာတ်ပျော့ညံ့သွားမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ"

လူထူးဆန်းကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးမှ ကျောက်ရုပ်ကြီးလို ငြိမ်သက်သွားသည်။

သူ့မျက်လုံးအစုံက ရီဝေနေသည်။ ခဏနေမှ သူသည် စကားကို တစ်လုံးချင်းပြောသည်။

"အခုချိန်ထိ မင်းဟာ ငါ့ကို ဘယ်သူဘယ်ဝါဖြစ်တယ် .... ငါ့ရဲ့ဇာစ်မြစ်ဟာ ဘယ်လိုရှိတယ်ဆိုတာ မသိရသေးဘူးနော် .... ငါကလည်း အချိန်မရောက်သေးတာနဲ့ ပြောမပြခဲ့ဘူး .... အေး .... အခုတော့ မင်းဟာ ငါ့ဆီက ထွက်ခွာသွားရတော့မယ်ဆိုတော့ ငါဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မင်းသိသင့်ပါပြီ .... "

လူထူးဆန်းကြီးက စကားစလာသောအခါ တိန့်ထောက်က ဝမ်းသာသွားသည်။

သူသည် သူ၏ဆရာကြီးမှာ မည်သူမည်ဝါဖြစ်ကြောင်း သိလို

လှသော်လည်း မေးလျှင်ပြောလိမ့်မည်မဟုတ်ကြောင်းသိသဖြင့် မမေးမြန်းခဲ့ရချေ။

ယခုတော့ သိရပေတော့မည်။

"သိုင်းလောကသားတွေဟာ ကျွန်တော့်ရဲ့ဆရာဟာ ဘယ်သူလဲလို့မေးရင် ကျွန်တော် ဝင့်ဝင့်ကြွားကြွား ပြောချင်ပါတယ် ဆရာကြီး"

"ငါ့နာမည်ကို တခြားလူတွေ သိဖို့မလိုဘူး .... မင်းကလည်း မင်းရဲ့ဆရာဘယ်သူဘယ်ဝါဖြစ်မယ်ဆိုတာကို မပြောရဘူး .... ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်တိုင် ငါ့ရဲ့ကိုယ်ပွားအဖြစ် သိုင်းလောကမှာ လှုပ်ရှားရမှာဖြစ်လို့ပဲ .... ဒါကြောင့် ငါဘယ်သူဆိုတာ မင်းပဲသိထားသင့်တယ် .... "

"ကောင်းပါပြီ ဆရာကြီး .... ဆရာကြီးရဲ့အမိန့်စကားအတိုင်းဖြစ်ရပါစေမယ် .... "

"ငါဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က သိုင်းလောကမှာ ထင်ရှားကျော်ကြားခဲ့တဲ့ ဗြိုင်ဘက်ကင်း မဟူရာသိုင်းသမားပဲ .... "

"ဗျာ .... "

တိန့်ထောက် အံ့သြတုန်လှုပ်သွားသည်။ ပါးစပ်အဟောင်းသားလည်းဖြစ်သွားသည်။ သူ့နားကိုပင် သူမယုံနိုင်အောင်ဖြစ်မိ၏။

သူနှင့်အတူ နှစ်နှစ်ကျော်နေပြီး သူ့ကို သိုင်းပညာသင်ကြားပေးခဲ့သော ဆရာကြီးမှာ သိုင်းလောကတွင် ဗြိုင်ဘက်ကင်းနံပါတ်တစ် မဟူရာသိုင်းသမားဖြစ်နေလေပြီ။

မဟူရာသိုင်းသမားကြီးက တိန့်ထောက်၏အမူအရာကိုကြည့်ပြီး မေးသည်။

"ငါ့တပည့် သိပ်ပြီးအံ့သြသွားပြီလား .... ငါ့ရဲ့နာမည်ကို မင်း



သိနေလို့လား .... "

တိန့်ထောက်မှာ သူ့ဆရာကို ငိုမိုကျိုးနွံသွားပြီး လေးလေးစားစားပြန်ပြောသည်။

"ဟုတ်ကဲ့ပါ ဆရာကြီး .... ဆရာကြီးဆီကို ရောက်မလာခင် သိမ်းငှက်သခင်မကြီးက ဆရာကြီးရဲ့ဂုဏ်သတင်းကို ပြောပြလို့ ကြားသိခဲ့ရပါတယ် .... သူပြောတာ ဆရာကြီးဟာ သေဆုံးသွားပြီတဲ့ .... လူ့လောကမှာ မရှိတော့ဘူးတဲ့ .... မန်းစန်းတောင်တိုက်ပွဲမှာ ဆရာကြီး ကျဆုံးသွားတယ်လို့ ပြောပါတယ် .... "

မဟူရာသိုင်းသမားကြီးက အသံထွက်၍ မရယ်စဖူးရယ်မောလိုက်ပြီး ....

"ဟား .... ဟား .... ဟား .... သိုင်းလောကမှာ မဟူရာသိုင်းသမား သေဆုံးသွားပြီတဲ့လား .... ပျောက်ကွယ်သွားပြီတဲ့လား ဟား .... ဟား .... ဟား .... မပျောက်ကွယ်သေးဘူးဟေ့ .... မသေဘူး .... အခုဆို ငါ့ရဲ့ကိုယ်ပွား မဟူရာသိုင်းသမားတစ်ယောက် သိုင်းလောကမှာ ပေါ်ပေါက်လာဦးမယ် .... အေး အသက်အရွယ် အိုမင်းနေပြီဖြစ်တဲ့ မဟူရာသိုင်းသမား ငါကတော့ တိမ်မြုပ်ပျောက်ကွယ်တော့မယ်ပေါ့ .... ဒါပေမဲ့ နုပျိုတက်ကြွတဲ့ မင်းဟာ မဟူရာသိုင်းသမားအဖြစ် သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားသွားရမယ် .... "

မဟူရာသိုင်းသမားကြီးမှာ စိတ်အားထက်သန်လွန်းနေသည်။ သူသည် သူ၏လက်တစ်ဖက်နှင့် တိန့်ထောက်ပခုံးကို ဆုပ်ကိုင်လိုက်ပြီး ဆက်ပြောသည်။

"ငါ့တပည့် ငါဟာ ငါ့ရဲ့သိုင်းပညာအမွေအနှစ်အကုန်လုံး မင်းကို ပေးပြီးပြီ .... မင်းရဲ့ဘွဲ့နာမည်ကိုလည်း မဟူရာသိုင်းသမားလို့

ငါပေးလိုက်တယ် .... ဒီတော့ မင်းစွဲစွဲမြဲမြဲမှတ်ထား .... မဟူရာသိုင်းသမားဆိုတဲ့ နာမည်ရဲ့ ဂုဏ်သတင်းကို သိုင်းလောကမှာ မညှိုးနွမ်းစေဖို့ မင်းစောင့်ထိန်းပါ .... ”

တိန့်ထောက်ကလည်း တက်ကြွစွာ ခေါင်းညိတ်လိုက်ပြီး ....

“စိတ်ချပါ ဆရာကြီး .... ကျွန်တော့်အသက်နဲ့လဲပြီး စောင့်ထိန်းပါ့မယ် .... ဆရာကြီးရှေ့မှာ ဒီကတိကို ကျွန်တော်ရဲရဲဝံ့ဝံ့ပေးပါတယ် .... သစ္စာလည်း ပြုပါတယ် .... ”

“ငါ့တပည့်ဆီက ဒီလိုရဲရဲဝံ့ဝံ့ ကတိစကားကိုကြားရတာ ဆရာကြီး ဝမ်းသာလိုက်တာကွယ် .... ”

မဟူရာသိုင်းသမားကြီးက ကျေနပ်စွာပြုံး၍ ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်၏။ တိန့်ထောက်က မဝံ့မရဲနှင့် ခွင့်တောင်းသည်။

“ကျွန်တော့်ကို တစ်ခုလောက်မေးမြန်းခွင့်ပြုပါ ဆရာကြီး ....”

မဟူရာသိုင်းသမားကြီးက ပြုံးနေလျှက်မှ ခပ်အေးအေးပြန်မေး၏။

“ဘာလဲကွယ့် တပည့်ရဲ့ .... မန်းစန်းတောင်က ဖြစ်ရပ်မှန်ကို မင်းမေးမလို့ မဟုတ်လား .... ”

“ဟုတ် .... ဟုတ်ကဲ့ပါ ဆရာကြီး .... ”

“ခုချိန်မှာတော့ ငါ့တပည့်သိချင်တဲ့ကိစ္စမှန်သမျှ မေးပေတော့ ဆရာကြီးသိသလောက် ပြောပြမယ် .... ”

တိန့်ထောက် စိတ်အေးသွားပြီး သူသိလိုသမျှကို မေးသည်။

“မန်းစန်းတောင်တိုက်ပွဲမှာ ဆရာကြီးသေပြီဆိုတာ .... သိုင်းလောကမှာ သတင်းထွက်ပေါ်နေပါတယ် .... အလောင်းပုံတွေကြားထဲမှာ ဆရာကြီးရဲ့အလောင်းကို တွေ့ကြလို့လည်း ဒီလိုနိုင်နိုင်မာမာ



ပြောနေကြတာပါ .... ဆရာကြီးကို မသေဘဲ အခုလိုတွေ့ရတော့ ကျွန်တော်အံ့ဩလို့မဆုံးအောင် ဖြစ်ရပါတယ် .... ”

မဟူရာသိုင်းသမားကြီးက အဓိပ္ပာယ်ပါပါပြုံးလိုက်ပြီး ....

“ငါ့တပည့် .... မင်းကို ဆရာကြီးသင်ကြားပေးခဲ့တဲ့ ပညာရပ်တွေထဲမှာ ‘လိပ်အသက်ရှူရပ်နည်း’ ဆိုတဲ့ ပညာရပ်အကြောင်းကို မင်းမေ့နေပြီလား .... ”

ထိုအခါမှ တိန့်ထောက်လည်း ချက်ချင်းသဘောပေါက်သွားတော့၏။

လိပ်အသက်ရှူရပ်နည်းပညာအသုံးပြုထားသူမှာ အခြားလူများတွေ့ရပါက အသက်ရှူရပ်ပြီး သေဆုံးပြီဟု ထင်မှတ်ကြမည်ဖြစ်သော်လည်း ခန္ဓာကိုယ်အတွင်းမှ သွေးများလှည့်ပတ်၍ အသက်မှျင်းမှျင်းရှူနေသည်ကို မည်သူမျှ မရိပ်မိကြချေ။

အတွင်းအားပညာနှင့် နည်းပရိယာယ်ကို ပေါင်းစပ်ကာအသုံးပြုနိုင်သည့် လျှို့ဝှက်ပညာရပ်ပင်ဖြစ်သည်။

သူ၏ဆရာ မဟူရာသိုင်းသမားကြီးသည် လိပ်အသက်ရှူရပ်နည်းပညာရပ်ကိုအသုံးပြုကာ ထိုစဉ်က သေချင်ယောင်ဆောင်ခဲ့ကြောင်း တိန့်ထောက်နားလည်သဘောပေါက်သွားလေသည်။

“ကျွန်တော် သဘောပေါက်ပါပြီ .... ဆရာကြီး.... ”

“ဆရာကြီးကို မင်းဘာမေးချင်သေးသလဲ .... ”

“ဆရာကြီးရဲ့အကြောင်းကို ကျွန်တော်သိချင်ပါတယ် ဆရာကြီး .... ”

မဟူရာသိုင်းသမားက ရီဝေသောမျက်လုံးအစုံဖြင့် ကျောက်ဂူနံရံကို ကြည့်နေပြီးမှ အေးဆေးစွာ ပြောပြသည်။

"ငါက .... ဘယ်အသင်း ဘယ်အဖွဲ့နဲ့မှ မပတ်သက်ဘဲ သိုင်းလောကမှာ တစ်ကိုယ်တော်လှုပ်ရှားနေခဲ့တဲ့ တရုတ်ဇကေရာဇ်ရဲ့လျှို့ဝှက်စေတမန်ပဲ .... အစကတော့ ငါဟာ စာပေသမားတစ်ယောက်ပဲ သိုင်းပညာကိုတော့ စိတ်ဝင်စားခဲ့တယ် .... တစ်နေ့မှာ ငါဟာ ပေမန်းနယ်ကို ကိစ္စတစ်ခုနဲ့ ခရီးထွက်ခဲ့တယ် .... ရှေးဘုရင်တစ်ပါးရဲ့ သင်္ချိုင်းတော်ကိုလည်း သွားပြီးလေ့လာကြည့်ရှုခဲ့တယ် .... ငါကြည့်ရှုလေ့လာနေတုန်း ရုတ်တရက် မြေငလျင်တွေ ပြင်းပြင်းထန်ထန်လှုပ်ပါလေရော မြေကြီးတွေ အက်ကွဲပြီး အဆောက်အအုံတွေ ပြိုကျနတယ် .... ငါလည်း သတိမေ့သွားတယ် .... အေး .... သတိရလို့ ကြည့်လိုက်တော့ ငါဟာ မြေအောက်ဥမင်လမ်းဝတစ်ခုကို ရောက်နေတယ် .... "

"မြေကြီးပြိုကျသွားပြီး မြေအောက်ခန်းကို ဆရာကြီးရောက်သွားတာလား .... "

"ဟုတ်တယ် တိန့်ထောက် .... ဒါနဲ့ ငါလည်း လေ့လာစူးစမ်းလိုစိတ်နဲ့ ဥမင်လမ်းထဲကို ဝင်ကြည့်တဲ့အခါမှာ အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ ထူးခြားတဲ့ ရွှေသေတ္တာကလေးတစ်လုံးကို တွေ့ရှိပြီး ယူလာခဲ့မိတယ် .... နောက် ရွှေသေတ္တာကလေးကိုဖွင့်ကြည့်တော့ လျှို့ဝှက်သိုင်းကျမ်းတစ်စောင်ကို တွေ့ရတယ် .... သိုင်းကျမ်းကို ဖတ်ကြည့်ပြီး ငါဟာသိပ်ပြီးစိတ်ဝင်စားသွားတယ် .... အဲဒီသိုင်းကျမ်းထဲက နည်းစနစ်တွေအတိုင်းလည်း ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့တယ် .... ငါးနှစ်ကြာအောင် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြီးချိန်မှာ ငါဟာ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေပြီ .... ဒီကတည်းက သိုင်းလောကမှာ ငါ့ရဲ့ဂုဏ်သတင်းဟာလည်း ထင်ပေါ်ကျော်ကြားခဲ့တာပဲ .... အခု မင်းကို ဆင့်ပွားသင်ကြားပေးတဲ့ သိုင်းပညာတွေဟာလည်း အဲဒီသိုင်း



ကျမ်းထဲက ထူးခြားထက်မြက်တဲ့ သိုင်းပညာရပ်တွေပဲ .... "

"ကျွန်တော်မရှင်းလို့ မေးပါရစေဦး ဆရာကြီး .... "

"သိလိုတာရှိရင် မေးပါ တပည့် .... "

"သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းက နဂါးကိုးကောင်ရွှေတံဆိပ်တုံးနဲ့ ပတ်သက်ပြီး ကျွန်တော်သိချင်ပါတယ် ဆရာကြီး .... "

မဟူရာသိုင်းသမားကြီးက ရေနွေးကြမ်းတစ်ခွက်ကို ငုံ၍ သောက်လိုက်ပြီးမှ ပြန်ပြောသည်။

"နဂါးကိုးကောင် ရွှေတံဆိပ်တုံးနဲ့ပတ်သက်တဲ့ အမှုက တကယ်တော့ ငါနဲ့မဆိုင်ပါဘူး .... တစ်ယောက်ယောက်က ငါ့ကို နာမည်ပျက်အောင် ငါ့ဘဝပျက်စီးအောင် ကြံစည်ခဲ့တဲ့ကိစ္စရပ်ပဲ .... "

ဆရာကြီးအပေါ် စွဲချက်တင်ထားတဲ့ ဒီအမှုနဲ့ပတ်သက်ပြီး ဆရာကြီးက အမှန်အတိုင်း ဖြေရှင်းချက်မပေးဘူးလား .... "

"ပါးစပ်နဲ့ ဖြေရှင်းချက်ပေးလို့ကတော့ အပိုပါပဲကွယ် .... ဒီအမှုကို ကျူးလွန်တဲ့ တကယ့်တရားခံအစစ်ကို ရှာဖွေဖော်ထုတ်ပေးနိုင်မှသာ ခရီးရောက်မှာကွယ့် .... ဒီတုန်းကလည်း သိုင်းလောကသားအားလုံးက ဒီအမှုကို ငါကလွဲပြီး ဘယ်သူမှမကျူးလွန်နိုင်ဘူးလို့ တစ်ထစ်ချထင်မှတ်ထားတယ်လေ .... "

"ဒါဖြင့် ဆရာကြီးအနေနဲ့ရော ဒီအမှုကို ကျူးလွန်တဲ့ တရားခံအစစ်ကို ရှာဖွေစုံစမ်းသေးသလား .... "

"အင်း စုံစမ်းတာပေါ့ကွယ် .... တရားခံဘယ်သူဘယ်ဝါဆိုတာ သိလုသိခင်ကလေးမှာပဲ သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းက ငါ့ကိုဖမ်းဆီးသုတ်သင်ဖို့ စိန်ခေါ်လိုက်ကြတာပဲ .... ဒီတုန်းက ငါဟာ မခံချင်စိတ်လည်းရှိ .... ဒေါသကလည်း ကြီးတဲ့သူဆိုတော့ မန်းစန်းတောင်ကို

သွားခဲ့တာပါပဲ .... ”

“ကျွန်တော့်စိတ်ထင်တော့ ဆရာကြီးကို နာမည်ပျက်အော
ဒီအမှုကို ကျူးလွန်တဲ့လူဟာ ဆရာကြီးနီးပါး သိုင်းပညာအဆင့်မြင့်တဲ့
လူတစ်ယောက်ဖြစ်လိမ့်မယ်နဲ့တူတယ် .... ”

မဟူရာသိုင်းဆရာကြီးက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး

“ဟုတ်တယ် .... တိန့်ထောက် .... သူလည်း လူတော်တစ်
ယောက်ပဲ .... ဒီလူဟာ ငါ့ကိုနာမည်ဖျက်ပြီး သိုင်းလောကက ပျောက်
ကွယ်သွားအောင် ကြံစည်ရုံသာမကဘူး .... စုစုစည်းစည်း ညီညီညွတ်
ညွတ်ရှိနေတဲ့ သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းကိုလည်း ပြိုကွဲပျက်စီးအော
လည်း ကြံစည်ခဲ့တာပဲကွယ့် .... မန်းစန်းတောင်ပေါ်မှာ ဖြစ်ပွားခဲ့တဲ့
တိုက်ပွဲကြီးပြီးဆုံးသွားတဲ့နောက်ပိုင်းမှာ သူကြံစည်ထားသလို သိုင်း
ဂိုဏ်းကြီးဟာလည်း စုစုစည်းစည်းမရှိတော့ပါဘူး .... ”

“ဒါဆို ဒီလူဟာ မကောင်းမှုတွေကို ကျူးလွန်နေတဲ့ ဒုစရိုက်
သိုင်းသမားကြီးတစ်ယောက်များ ဖြစ်နေမလား ဆရာကြီး .... ”

မဟူရာသိုင်းသမားကြီးက မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး
ခေါင်းကိုခါယမ်းလိုက်ကာ ....

“ဒီလိုတော့ သေချာပေါက်တွက်ဆလို့မရဘူးကွယ့် .... မင်း
တွေးတဲ့အတိုင်း ဖြစ်နိုင်သလို ဒုစရိုက်သိုင်းသမားကြီးတစ်ဦးဦးရဲ့ လက်
ချက်လည်းဖြစ်နိုင်တာပဲ .... အများအားဖြင့် သိုင်းလောကသားတွေ
စိတ်ဓာတ်ဟာ မိမိရဲ့ဂုဏ်သတင်းထင်ပေါ်ကျော်ကြားမှုနဲ့ မိမိရဲ့သိုင်း
ဂိုဏ်းအဖွဲ့အင်အား တောင့်တင်းစွာရပ်တည်မှု ရှိနိုင်ဖို့အတွက် တစ်ပါ
သားကိုပျက်စီးရာ ပျက်စီးကြောင်း ကြံစည်တတ်ကြတယ်ကွယ် —
ဒါတွေကြောင့်လည်း သိုင်းလောကကြီးကို စိတ်ကုန်သွားပြီး မန်းစ



တောင်တိုက်ပွဲမှာ သေချင်ယောင်ဆောင်ခဲ့တယ် .... ပြီးတော့ ဒီမှာ
ဓာတ်မြှုပ်ပြီး နေထိုင်ခဲ့တယ် .... ဒါပေမယ့် ငါ့ရင်ထဲမှာ ငါ့ကိုနာမည်
ပျက်အောင်လုပ်ခဲ့တဲ့အပြင် သိုင်းဂိုဏ်းကြီးကိုးဂိုဏ်းကို ပြိုကွဲအောင်
လုပ်ခဲ့တဲ့ တရားခံကို ရှာဖွေချင်တဲ့စိတ်ကိန်းအောင်းနေခဲ့တယ် ....
ငါကိုယ်တိုင် သိုင်းလောကမှာ လှုပ်ရှားလို့မဖြစ်တော့ မင်းလိုတပည့်မျိုး
ကို လိုချင်နေတာ .... အခုတော့ ငါ့ရဲ့ဆန္ဒ ပြည့်လာပြီ .... ဒီအမှုကို
ကျူးလွန်တဲ့ တရားခံကို ငါ့ကိုယ်စား မင်းက ရှာဖွေဖော်ထုတ်ရလိမ့်
မယ် .... ”

“ဟုတ်ကဲ့ ဆရာကြီး .... ကျွန်တော့်ရဲ့အသက်နဲ့လဲပြီး ဒီ
တရားခံအစစ်ကို ရှာဖွေဖော်ထုတ်ပါ့မယ် .... ဆရာကြီးအပေါ် သိုင်း
လောကသားတွေအထင်လွဲမှားနေတာကို အမှန်တရားအတိုင်း သိလာ
အောင် ဖြေရှင်းဆောင်ရွက်ပါ့မယ် .... ”

“ငါ့တပည့်ဆီက အခုလိုစကားမျိုးကြားရတာ ဆရာကြီးဝမ်း
သာ အားတက်လှတယ်ကွယ့် .... သိုင်းလောကမှာ မင်းလှုပ်ရှားတဲ့
အခါမှာသာ မဟူရာသိုင်းသမားဆိုတဲ့ ဘွဲ့နာမည်နဲ့ လှုပ်ရှ ို့ မမေ့ရေ
.... ”

မဟူရာသိုင်းသမားကြီးက ထရင်ပြီး ကျောက်ဂူအတွင်းဘည်။
ဝင်သွားသည်။ ခဏနှင့် ပြန်ထွက်လာသောအခါ သူ့လက်ထဲ၌ရာ
သေတ္တာငယ်တစ်လုံး ပါလာသည်။

သေတ္တာအဖုံးကိုဖွင့်၍ အထဲမှ ဝတ်စုံနက်တစ်စုံနှင့် သားရေ
နက်နာဖုံးတစ်ခုကို ထုတ်ယူသည်။

ထိုပစ္စည်းနှစ်ခုကို တိန့်ထောက်အား ပေးလိုက်သည်။

“မဟူရာသိုင်းသမားအနေနဲ့ မင်းလှုပ်ရှားသွားလာတဲ့အခါ ဒီ

စတ်စုံနဲ့ မျက်နှာဖုံးကို တပ်ပြီး လှုပ်ရှားပါ .... ပြီးတော့ ငါ့ဟာ ညှ
မှာသာ လှုပ်ရှားတတ်တယ်ဆိုတာ မင်းမှတ်ထား .... ”

မဟူရာသိုင်းသမားကြီးက သေတ္တာထဲမှ စားတစ်လ
ခရီးဆောင်အိတ်ငယ်တစ်လုံးကိုပါ ထုတ်ယူပြီး တိန့်ထောက်ကို
ပြန်သည်။

“ဒီစားက လူယုတ်မာဒုစရိုက်သမားတွေကို ဆုံးမသုတ်သ
ပဲ .... လူကောင်းတွေကို စိန်မခေါ်ရဘူး .... သုစရိုက်သမားတွေ
မသတ်ရဘူး .... ဒီခရီးဆောင်အိတ်ကလေးထဲမှာတော့ မင်းသုံး
ကျောက်သံပတ္တမြားတွေရှိတယ် .... ပြီးတော့ သိုင်းလောကမှာ
ပေါ်ကျော်ကြားနေတဲ့ ဒုစရိုက် .... သုစရိုက်သမားတွေရဲ့နာ
စာရင်းစာအုပ်လည်းရှိတယ် .... ချင့်ချိန်ပြီး ဉာဏ်ရှိသလို မင်းသုံး
တော့ .... ”

တိန့်ထောက်သည် မဟူရာသိုင်းသမားလှမ်းပေးသော ပ
များကို ယူ၍ သေချာစွာသိမ်းဆည်းထားလိုက်သည်။

ပြီးနောက် ညစာစားကြသည်။ ဆရာတပည့်နှစ်ယောက်စ
ား၍မဝင်ကြချေ။

ညဘက်တွင် မဟူရာသိုင်းသမားကြီးက မှာကြားစရာရှိသ
ကို ထပ်မံပြီး မှာကြားသည်။

နောက်တစ်နေ့စောစောတွင် တိန့်ထောက်သည် ကျော
ထဲမှ ခွဲထွက်လာခဲ့ရသည်။ မဟူရာသိုင်းသမားကြီးကိုယ်တိုင်
ထောက်ကို လိုက်ပို့၏။

ကိုယ်ဖော့ပညာကို အဆင့်မြင့်တတ်ကျွမ်းနေပြီဖြစ်သော
ထောက်အဖို့ ချောက်ကမ်းပါးထိပ်သို့တက်ရန်မှာ မခက်ခဲတော့



လူချင်းခွဲခွာနီးတွင် တိန့်ထောက်က ညှိုးငယ်စွာဖြင့် မဟူရာ
သိုင်းသမားကို မေးမိ၏။

“ဆရာကြီးဆီကို ကျွန်တော် ဘယ်အချိန်မှာ လာခွင့်ရှိပါသလဲ
ခင်ဗျား .... ”

“တရားခံမြန်မြန်ဖော်ထုတ်နိုင်အောင်သာ မင်းကြိုးစားပါ ....
ကိစ္စတွေ အောင်မြင်အောင် ဆောင်ရွက်ပြီးရင်တော့ မင်းနဲ့ငါ ပြန်ပြီး
တွေ့ကြသေးတာပေါ့ .... ”

တိန့်ထောက်က မဟူရာသိုင်းသမားကြီးကိုရှိခိုးကန်တော့
လိုက်သည်။

ပြီးနောက် မျက်နှာလွှဲ၍ ချောက်ကမ်းပါးအပေါ် တက်ခဲ့
သည်။ ကျောက်စွန်းကျောက်ဖုယ်များကို ခုန်လွှား၍ သူသည် ခက်ခက်
ခဲခဲမရှိဘဲ တက်လာနိုင်ခဲ့သည်။

ချောက်ကမ်းပါးအလယ်လောက်သို့ရောက်သောအခါ သူ
သည် အောက်ဘက်သို့ ပြန်ငုံ့ကြည့်သည်။ သူ၏ဆရာ မဟူရာသိုင်း
သမားကြီးကို မတွေ့ရတော့ပါချေ။

တိန့်ထောက်ရင်ထဲတွင် ဟာသွားသည်။

သူ့မိခင်နှင့် သေကွဲ ကွဲရစဉ်ကလို သူခံစားလိုက်ရလေသည်။

ကိုယ်ဖော့ပညာကို သုံးပြီး သူသည်ဆက်၍ တက်လာခဲ့ရာ
မကြာမီ ချောက်ကမ်းပါးထိပ်သို့ ရောက်လာလေသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ဤချောက်ကမ်းပါးထဲသို့ သူဆင်း
ခဲ့က ရိုးရိုးသာမန်လူတစ်ယောက်သာဖြစ်သည်။ ယခုမူ အဆင့်မြင့်
ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာခဲ့ပေပြီ။

သူသည် ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာခဲ့သော်

လည်း သိုင်းလောကအတွေ့အကြုံ ဘာမှမရှိသေးပါ။ အတွေ့အကြုံ
သည်မှာ ကိုယ်တိုင်လှုပ်ရှား ရှာဖွေမှရနိုင်မည်ဖြစ်လေသည်။

သူသည် သူတတ်မြောက်ထားသော သိုင်းပညာဖြင့် ပြည်သူ
လူထု၏ အကျိုးကို အသက်စွန့်ကာ ဆောင်ရွက်ရပေလိမ့်မည်။ ပြည်သူ
လူထုကို ဒုက္ခပေးနေသော ဒုစရိုက်သမားများကိုမူ ရှာဖွေ၍ သုတ်သင်
ရပေလိမ့်မည်။

အခန်း(၁၅)

# သချိုင်းဂူထဲမှ အသံ

မန်းစန်းတောင်ပေါ်သို့ အပြာရောင်ဝတ်စုံဝတ်ထားသည့် လူငယ်တစ်ယောက် ရောက်လာသည်။ သူ၏အသွင်သဏ္ဌာန်က စာပေသမား လေ့လာရေးသမားတစ်ယောက်နှင့်တူလေသည်။

သူကား တိန့်ထောက်ပင်ဖြစ်လေသည်။

မန်းစန်းတောင်သို့ သူလာခဲ့ခြင်းမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က သူ့ဆရာ မဟူရာသိုင်းသမားကြီးနှင့် ဂိုဏ်းကြီးကိုးဂိုဏ်းမှ သိုင်းသမားများ တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာကိုလာ၍ ကြည့်ရှုခြင်းပင်ဖြစ်လေသည်။

မန်းစန်းတောင်ပေါ်သို့ သူရောက်လာချိန်မှာ နေရှိန်ပြင်းသော မွန်းတည့်ချိန်ပင်ဖြစ်၏။

သူသည် သစ်ပင်ရိပ်များ အုပ်မိုးနေသော တောင်တက်လမ်းမှ တောင်ပေါ်ကို တဖြည်းဖြည်းတက်လာခဲ့သည်။

ထိုစဉ် သူ့နားထဲတွင် အမျိုးသမီးတစ်ယောက်၏အသံကို စပြီးကြားလိုက်ရလေသည်။

"ကျွန်မကို နှောင့်နှောင့်ယှက်ယှက်လုပ်မနေပါနဲ့ .... "

ယောကျ်ားတစ်ယောက်၏အသံကိုလည်း ကြားရပြန်လေသည်။

"မိန်းကလေးကလည်းကွယ် .... အခုလို လူသူကင်းဝေးတဲ့နေရာမျိုးမှာ မင်းကို စကားနည်းနည်းလောက်တော့ ပြောပါရစေ ...'

ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်ကို အနှောင့်အယှက်ပေးနေပုံရသဖြင့် တိန့်ထောက်သည် သစ်ပင်ကွယ်မှ အသံလာရာကို လှမ်းကြည့်လိုက်၏။

သူရပ်နေသော သစ်ပင်အုပ်များ အပြင်ဘက်တွင် ရှေးဟောင်းဂူများကိုတွေ့ရပြီး အုတ်ဂူတစ်လုံးရှေ့တွင် အမျိုးသမီးတစ်ယောက်နှင့် လူထွားကြီးတစ်ယောက်ကို တွေ့ရသည်။

လူထွားကြီးမှာ အမျိုးသမီးရှေ့မှ ပိတ်ရပ်နေပြီး မျက်နှာမှာလည်း ပြုံးဖြီးဖြီးကြီးဖြစ်နေသည်။ အမျိုးသမီးမှာ ဝတ်စုံစိမ်းဝတ်ထားပြီး ဒေါသတကြီးနှင့် ခါးတွင်လက်နှစ်ဖက်စလုံး ထောက်ထားသည်။

မလှမ်းမကမ်းရှိ အုတ်ဂူတစ်လုံးအနီးတွင်လည်း ဝတ်စုံဖြူကို ဝတ်ထားသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်နေရသည်။ ထို အမျိုးသမီးမှာ အုတ်ဂူမှစာများကို စူးစူးစိုက်စိုက်ဖတ်နေသည်။

"လမ်းဖယ်ပေးပါ .... ရှင်အမြန်ဆုံးထွက်သွားရင်ကောင်းလိမ့်မယ် .... "

ဝတ်စုံစိမ်းနှင့် အမျိုးသမီးက ဒေါသသံနှင့် ပြောလိုက်ချိန်တွင် တိန့်ထောက်လည်း သူတို့နှစ်ဦးထံ လျှောက်လာခဲ့၏။

လူထွားကြီးကမူ ဝတ်စုံစိမ်းနှင့် အမျိုးသမီးကို ဆွဲတော့မလိုတော့မည်ကဲ့သို့ ဖြစ်နေလေသည်။



ဝတ်စုံစိမ်းနှင့် အမျိုးသမီးသည် တိန့်ထောက်ကို မြင်လိုက်သည်နှင့် သိဟောင်းကျွမ်းဟောင်းတစ်ယောက်ကို တွေ့လိုက်သကဲ့သို့ ပြုံးပြလိုက်ပြီး အသံကျယ်ကျယ်နှင့် လှမ်းပြောသည်။

"ရှင်ရောက်လာလို့ တော်ပါသေးရဲ့ .... မြန်မြန်လာစမ်းပါ ဟောဒီမှာ ဒီလူက ကျွန်မကို အနှောင့်အယှက်ပေးနေလို့ .... "

လူထွားကြီးက တိန့်ထောက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး လုံးဝဂရုမစိုက်ဟန်ဖြင့် လက်ကိုယမ်းပြလိုက်ပြီး ....

"ခပ်ဝေးဝေးမှာ သွားပြီး ခဏလောက်ရှောင်နေလိုက်စမ်းဟေ့ .... သူ့ကိုငါစကားပြောလိုက်ဦးမယ် .... "

သို့သော် တိန့်ထောက်က လူထွားကြီးအနီးကို ဆက်လျှောက်သွားပြီး လေသံတင်းတင်းနှင့် ပြောလိုက်၏။

"ခင်ဗျားသာ ခပ်ဝေးဝေးကို ထွက်သွားပါ .... အမျိုးသမီးတစ်ယောက်ကို အလိုမတူဘဲ ဘာဖြစ်လို့ အနှောင့်အယှက်ပေးနေရတာလဲ .... "

လူထွားကြီး၏ မျက်နှာတင်းမာသွားပြီး တိန့်ထောက်ဘက်ကိုလှည့်၍ သူ့လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

ဟူးခနဲ လေတိုးသံကြီးပေါ်လာသည်။

လူထွားကြီးသည် အတွင်းအားနှင့် တိန့်ထောက်ကို တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။ ထိုလူထွားကြီးမှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း လေတိုးသံကိုကြားရုံဖြင့် တိန့်ထောက်သိလိုက်သည်။

တိန့်ထောက်က ရှောင်လည်းမရှောင်၊ နောက်ကိုလည်း မဆုတ်ဘဲ ရပ်မြဲရပ်နေသည်။ လူထွားကြီး၏တိုက်ခိုက်မှုမှာ တိန့်

ထောက်ကို မည်သို့မှ ထိခိုက်ခြင်းမရှိချေ။

လူထွားကြီးမျက်လုံးပြူးသွားသည်။ ရင်ထဲတွင်လည်း ထိတ်ခနဲဖြစ်သွားသည်။

သာမန်လူတစ်ယောက်သာဆိုပါက ဤသို့အတွင်းအားဖြင့် တိုက်ခိုက်လိုက်ပါက မြေပေါ်တွင် တလိမ့်ခေါက်ကွေး လွင့်စဉ်သွားမည်ဖြစ်သည်။

သူ့ရှေ့ကိုရောက်လာသောလူငယ်မှာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်လိမ့်မည်ဟု လူထွားကြီးက ချက်ချင်းသိလိုက်သည်။

သူသည် ရှက်စိတ်ဖြင့် တိန့်ထောက်ကို ထပ်မံတိုက်ခိုက်ရန် သိုင်းကွက်နင်းလိုက်သည်။

တိန့်ထောက် စိတ်တိုသွားပြီး သူ၏ဘယ်ဘက်လက်ကို ဝှေ့ယမ်း၍ ဆန့်တွန်းလိုက်၏။

ဝေါခနဲ လေတိုးသံကြီးပေါ်လာပြီး လူထွားကြီးမှာ အားခနဲအော်ကာ နောက်ဘက်ကို တလိမ့်ခေါက်ကွေး လွင့်စဉ်သွားတော့၏။ မြေပေါ်တွင် စန့်စန့်ကြီးလဲကာ သတိမေ့နေတော့၏။

တိန့်ထောက် မျက်လုံးပြူးသွားသည်။

သူသည် လူထွားကြီးကို ဤမျှအထိဖြစ်သွားအောင် အားထုတ်၍တိုက်ခိုက်ခြင်းမဟုတ်ချေ။ နောက်ကို ဆုတ်သွားရန်သာ အသာအယာတွန်းလိုက်ခြင်းဖြစ်၏။

ယခုတော့ လူထွားကြီးမှာ မထနိုင်တော့ချေ။

တိန့်ထောက်သည် သိုင်းပညာသင်ကြားပြီးမှ ဤအကြိမ် ပထမဦးဆုံးသူ့သိုင်းပညာကို အသုံးချလိုက်ခြင်းဖြစ်၏။ သူ၏အသာအယာတွန်းပို့ချက်သည် ဤမျှအင်အားပြင်းထန်နေလေရာ သူ့တွင်များ



စွာ အတွင်းအားပြည့်ဝနေကြောင်း ယခုလက်တွေ့ ကွင်းဆင်းတော့မှ သိရတော့၏။

ဝတ်စုံစိမ်းနှင့် အမျိုးသမီးမှာ တိန့်ထောက်ကို များစွာ အထင်ကြီးသွားပြီး ကျေးဇူးတင်စကားပြောလေသည်။

"ရှင်ကလည်း သိပ်ပြီးတော်တာပဲ .... အခုလို ကျွန်မကိုအကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ...."

ထိုစဉ် မလှမ်းမကမ်းအုတ်ဂူတွင် မှတ်တိုင်မှစာများကိုဖတ်နေသော ဝတ်စုံဖြူနှင့် အမျိုးသမီးမှာလည်း လျှောက်လှမ်းလာလေ၏။

သူမ၏မျက်နှာကို ယခုမှ တိန့်ထောက်မြင်ရပြီး ရင်ထဲဖိုသွားသည်။ ဝတ်စုံဖြူနှင့် အမျိုးသမီးမှာ နတ်မိမယ်တမျှ ချောမောလှပသူတစ်ယောက်ဖြစ်သောကြောင့်ပင်။

ဝတ်စုံဖြူနှင့် မိန်းမချောကလေးက တိန့်ထောက်ကို တစ်ချက်သာကြည့်လိုက်ပြီး ဝတ်စုံစိမ်းနှင့် အမျိုးသမီးကို မေးလိုက်၏။

"စောစောက ဟိုလူကြီးနဲ့ ဘာဖြစ်တာလဲ .... အခုတော့ သူလည်း သတိမေ့လဲနေပါလား ...."

ဝတ်စုံစိမ်းနှင့် အမျိုးသမီးက ကျိုးနွံစွာ ပြန်ပြောသည်။

"အဲဒီလူကြီးက ကျွန်မကို အနှောင့်အယှက်ပေးနေတာ မမလေးရဲ့ .... ဒီအစ်ကိုလေးရောက်လာလို့ပေါ့ .... ဒီအစ်ကိုလေးက သိုင်းပညာသိပ်ပြီးထက်မြက်တယ် .... သူ့လက်ကို အသာကလေး ဝှေ့ယမ်းလိုက်တာနဲ့ ဟိုလူကြီးလဲကျသွားတာပဲ ...."

ဝတ်စုံဖြူနှင့် မိန်းမချောလေးကမူ တိန့်ထောက်ကို မကြည့်ပါချေ။ ဝတ်စုံစိမ်းနှင့် အမျိုးသမီးကိုသာ ပြောလိုက်သည်။

"တို့တွေ ပြန်ကြမယ် ယီရှမ်း ...."

သူကို ဝတ်စုံဖြူနှင့် မိန်းမချောလေးက အရေးမထားကြောင်း သိလာသောအခါ တိန့်ထောက်လည်း အရေးစိုက်မနေတော့ဘဲ ချာခနဲ လှည့်ထွက်သွားခဲ့သည်။

ခြေလှမ်းဆယ်လှမ်းခန့်သို့ လျှောက်မိလျှင် နောက်ဘက်မှ ပြေးလိုက်လာသော ခြေသံနှင့်အတူ ဝတ်စုံစိမ်းဝတ်ထားသော ယီရှမ်း၏ခေါ်သံကို ကြားရလေသည်။

"အစ်ကိုလေး ခဏလောက်နေပါဦး .... "

တိန့်ထောက်ကရပ်ပြီးနောက် ကိုယ်ကိုလှည့်ကြည့်သည်။ သူ့အနီးသို့ ဝတ်ပုံစိမ်းနှင့် ယီရှမ်းရောက်လာသည်။

"ကျွန်မရဲ့မမလေးက မေးခိုင်းပါတယ် .... အစ်ကိုလေးရဲ့ နာမည် ဘယ်လိုခေါ်ပါသတဲ့လဲ .... "

"ကျုပ်နာမည် တိန့်ထောက် .... "

တိန့်ထောက်က အေးစက်စက်ပြန်ပြောလိုက်၏။

"အစ်ကိုလေးကကော ကျွန်မတို့မမရဲ့နာမည်ကို မသိချင်ဘူးလား .... "

"ခင်ဗျားမမရဲ့နာမည်က ဘယ်သူလဲ .... "

ထိုစဉ် ဝတ်စုံဖြူနှင့် မိန်းမချောလေးက လှမ်းခေါ်သည်။

"ယီရှမ်း .... ဘာတွေပြောနေတာလဲ .... မြန်မြန်လာခဲ့"

ယီရှမ်းက တိန့်ထောက်ကို ကလေးငယ်တစ်ယောက်လို လျှာလေးထုတ်ပြပြီး ပြေးထွက်သွားသည်။

တိန့်ထောက်လည်း အုတ်ဂူများဘေးမှယှဉ်ကာ ဆက်လျှောက်လာခဲ့သည်။ အုတ်ဂူများမှာ အများအားဖြင့် ပျက်စီးယိုယွင်းနေပြီး မြက်ရိုင်းပင်များ၊ ချုံပင်များဖုံးအုပ်လျက်ရှိနေလေသည်။



တစ်နေရာတွင်မူ အခြားအုတ်ဂူများနှင့်မတူဘဲ ဘုံအဆင့်ဆင့်နှင့် တည်ဆောက်ထားသော အုတ်ဂူကြီးတစ်ဂူကို တိန့်ထောက်တွေ့ရသည်။

အုတ်ဂူကြီးရှေ့တွင် ဆင်ရုပ်၊ မြင်းရုပ်၊ သမင်ရုပ်စသည့် ရုပ်ကြွပန်းပုများကို တန်ဆာဆင်ထားသည်။ နှစ်ပေါင်းများစွာကြာနေပြီဖြစ်သဖြင့် ထိုအရုပ်များအားလုံး အကောင်းပကတိမရှိကြတော့ချေ။

ထိုကြီးမားခမ်းနားလှသော အုတ်ဂူကြီးမှာ ရှေးဘုရင်တစ်ပါး၏အုတ်ဂူဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးလိုက်၏။ ဘယ်ခေတ်ဘယ်ကာလက ဘုရင်၏သင်္ချိုင်းဂူဖြစ်သည်ကိုမူ မခန့်မှန်းတတ်ချေ။ မှတ်တိုင်ကျောက်ပြားမှ စာလုံးများမှာ အတော်ကလေးပျက်စီးနေပြီဖြစ်၍ ဖတ်မရတော့ချေ။

ဤသင်္ချိုင်းတော်ကြီးထဲတွင် မင်းဆွေမင်းမျိုးများကိုလည်း မြှုပ်နှံသင်္ဂြိုဟ်ခဲ့သဖြင့် အုတ်ဂူများအားလုံး သာမန်အုတ်ဂူနှင့်မတူဘဲ ထူးထူးခြားခြားရှိနေသည်။

တိန့်ထောက်မှာ ရောက်တုန်းရောက်ခိုက် ဘုရင်အုတ်ဂူကို သေချာစွာ လှည့်လာကြည့်ရှုနေသည်။ သူသည် ထိုင်၍လည်း ကြည့်သည်။

ထိုစဉ် သူ့နားထဲတွင် သံကြိုးတစ်ချောင်းမြေတွင် တရွတ်တိုက်ဆွဲသံလိုလို ကြားလိုက်ရ၏။ သူသည် အံ့အားသင့်သွားပြီး သေချာစွာ နားစိုက်ထောင်သည်။

သံကြိုးသံမှာ ပျောက်သွားပြီး ခဏအကြာတွင် ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။ ဂရုစိုက်၍နားထောင်သောအခါ သံကြိုးသံမှာ သူထိုင်နေသည့် အုတ်ဂူအတွင်းဘက်ဆီမှ ပေါ်ထွက်လာ

ခြင်းဖြစ်ကြောင်း သိရလေသည်။

တိန့်ထောက် မျက်မှောင်ကြုတ်သွားသည်။ အုတ်ဂူကို နားကပ်ပြီး ပို၍ဂရုစိုက်ကာ နားထောင်သည်။

မြေတွင် သံကြိုးကို တရွတ်တိုက်၍ ဆွဲနေသံမှာ ဆက်တိုက်ထွက်ပေါ်နေသည်။ သူနားကြားလွဲခြင်းမဟုတ်တော့ချေ။

အခြားလူများသာဆိုလျှင် အုတ်ဂူကြီးထဲ၌ တစ္ဆေသရဲများလမ်းလျှောက်နေခြင်းဖြစ်မည်ဟု တွေးမိကြပေလိမ့်မည်။ တိန့်ထောက်ကမူ တစ္ဆေသရဲကို ယုံကြည်သူမဟုတ်ပါချေ။

တိန့်ထောက်သည် သူထိုင်နေသည့် ကျောက်ပြားကို လက်ဝါးနှင့် တစ်ချက် ဝုန်းခနဲ ရိုက်လိုက်ပြီး လေသံမာမာနှင့် မေးလိုက်၏။

"ဟိတ် .... အထဲက ဘယ်သူလဲ .... လူလား တစ္ဆေလား"

သံကြိုးသံပျောက်သွားပြီး မရှေးမနှောင်းမှာပင် အောက်ဘက်မှပြန်ဖြေသံပေါ်လာသည်။

"လူပါ .... "

တိန့်ထောက် မျက်လုံးပြူးသွားသည်။

သူသည် သံကြိုးသံပျောက်သွားစေရန် ကျောက်ပြားကို လက်ဝါးဖြင့် ပုတ်၍ လှန့်လိုက်ခြင်းဖြစ်၏။ ယခုကဲ့သို့ ပြန်ဖြေသံကြားရလိမ့်မည်ဟု လုံးဝထင်မထားချေ။

တိန့်ထောက်က အံ့ဩစိတ်ဖြင့် ပြန်မေးမိ၏။

"လူ ဟုတ်လား .... ခင်ဗျားဘယ်မှာလဲ .... "

"သချိုင်းဂူထဲမှာပါ .... "

"ခင်ဗျား ဘယ်သူလဲ .... ဒီဂူထဲမှာ ဘာလုပ်နေတာလဲ"

"သချိုင်းဂူထဲမှာ ကျုပ်အဖမ်းခံနေရပါတယ် .... ကျောက်



ပြားကို မ,ကြည့်နိုင်မယ်ဆိုရင်တော့ အထဲကိုဝင်တဲ့ အပေါက်ကို တွေ့ရပါလိမ့်မယ် .... ကျုပ်နဲ့ လာတွေ့ပါလား .... "

လူသားတစ်ယောက် အုတ်ဂူထဲတွင် ချုပ်နှောင်ခြင်းခံနေရသည်ဆိုသောအဖြစ်မှာ မယုံကြည်နိုင်စရာပင်ဖြစ်၏။ သို့သော် ယခုမူ သူသည် လက်တွေ့ကြုံတွေ့နေရလေပြီ။

အဖြစ်အပျက်မှာ ထူးဆန်းလှသဖြင့် တိန့်ထောက်သည် ဂူထဲကို ဝင်ကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်၏။

သူသည် ထိုင်ရာမှထရပ်လိုက်ပြီး သူထိုင်ခဲ့သည့် ကျောက်ပြားကြီးကို လှုပ်ယမ်းကြည့်သည်။ ကျောက်ပြားကြီးကတော့ မလှုပ်ချေ။ ကျောက်ပြားကြီးမှာ ပန်းကွက်များ ဖော်ထားလေသည်။

သူသည် ကျောက်ပြားဘေးပတ်ပတ်လည်တွင် ဝင်နေသော သဲမှုန့်များကို ဓားဦးချွန်နှင့် ကော်ထုတ်၍ ဦးစွာဖယ်လိုက်သည်။

လက်နှိုက်လို့ရအောင် ဖယ်ရှားပြီးသောအခါ ဓားကိုပြန်သိမ်း၍ လက်နှစ်ဖက်ဖြင့် နှိုက်ကာ မ,တင်လိုက်၏။

ကျောက်ပြားကြီးမှာ လေးလံလှပြီး နှစ်ပေါင်းများစွာ မဖွင့်ဘဲထားသဖြင့် အဖွင့်ရခက်လှ၏။

တိန့်တောက်က အတွင်းအားကိုသုံး၍ ဆွဲဖွင့်လိုက်တော့မှ ကျောက်ပြားကြီးမှာ ပွင့်သွားလေတော့သည်။

ကျောက်ပြားကြီးအောက်တွင် အပေါက်ကြီးတစ်ပေါက်ဖြစ်နေပြီး အပေါက်ကြီးထဲတွင် အောက်ဘက်သို့ဆင်းသွားသောလှေကားထစ်များကိုလည်း တွေ့ရလေသည်။

## အခန်း(၁၆)

## ထူးဆန်းသောလူ

တိန့်ထောက်သည် မှောင်မည်းနေသော မြေအောက်ခန်းထဲကို ချက်ချင်းမဆင်းသေးဘဲ ထပ်မံပြီး မေးလိုက်၏။

"ခင်ဗျား ဒီမြေအောက်ခန်းထဲမှာလား ...."

ထိုအခါ မြေအောက်ခန်းထဲမှ ကျယ်လောင်စွာ ရယ်မောပြောဆိုသံ ပေါ်ထွက်လာလေသည်။

"ဟား .... ဟား .... ဟား .... နေရောင်ခြည်ကို မြင်ရပြီ ကမ္ဘာလောကကြီးကိုလည်း မြင်ရတော့မယ် .... ဆင်းခဲ့ပါ မိတ်ဆွေ မြေအောက်ခန်းထဲမှာ ကျုပ်ရှိနေပါတယ် ...."

တိန့်ထောက်လည်း ထပ်မံ၍မေးမြန်းမနေတော့ဘဲ လှေကားအတိုင်း မြေအောက်ခန်းထဲသို့ သတိနှင့် ဆင်းလာခဲ့သည်။ အပြင်ဘက်မှ နေရောင်များ အထဲကိုပါ ဖြာဆင်းနေသဖြင့် မြေအောက်ခန်းထဲမှာ သိပ်ပြီး မမှောင်လှချေ။

ကျောက်လှေကားအလယ်သို့ရောက်လျှင် သံကြိုးသံကိုကြားရသဖြင့် သူသည် အသံလာရာကို ကြည့်လိုက်သည်။



မြင်ရသောမြင်ကွင်းကြောင့် တိန့်ထောက်မျက်လုံးပြူးသွားသည်။

အဝတ်အစားဆို၍ လုံးဝဝတ်မထားသော ကိုယ်တုံးလုံးနှင့် လူတစ်ယောက်ကို တွေ့ရသောကြောင့်ဖြစ်၏။ သူ၏ဆံပင်မုတ်ဆိတ်မွေးတို့မှာ ရှုပ်ထွေးနေပြီး ကိုယ်ပေါ်ကို ရှည်လျားစွာကျနေသည်။

သူ့ခြေ၄စ်ဖက်စလုံးတွင် ကြီးမားသော သံခြေကျင်းကြီးနှစ်ကွင်းခတ်ထားသည်။ ရှည်လျားလှသော သံကြိုးကြီးတစ်ချောင်းက သံခြေကျင်းများကို ဆက်ထား၏။

သံကြိုးမှာ ကြီးမားရှည်လျားလှပြီး တစ်ဖက်သံကြိုးအစမှာ မည်သည့်နေရာတွင်ရှိကြောင်း တိန့်ထောက်မမြင်ရချေ။

ထို့ကြောင့် ထိုလူကြီးလမ်းလျှောက်တိုင်း သံကြိုးမှာ မြေတွင် တရွတ်တိုက်၍ အသံထွက်ပေါ်လာခြင်းဖြစ်သည်။

ကိုယ်လုံးတီးနှင့် ထိုလူကြီးကလည်း တိန့်ထောက်ကို မော့ကြည့်နေသည်။ ထိုလူကြီး၏နောက်တွင် ဥမင်လမ်း၏တံခါးပေါက်ဝရှိလေသည်။

"ခင်ဗျား လူမှဟုတ်ရဲ့လား ...."

တိန့်ထောက်က အံ့သြစိတ်ဖြင့် မေးလိုက်၏။ လှေကားကို ဆက်မဆင်းသေးဘဲ ထိုလူကြီးကိုသာ အကဲခတ်ကြည့်နေသည်။

"ကျုပ်က လူပါ .... ဒါပေမယ့် ကျုပ်ရဲ့ပုံပန်းသဏ္ဍာန်က တစ္ဆေသရဲနဲ့ တူနေပါပြီလေ ...."

ထိုလူကြီးက သက်ပြင်းချ၍ စိတ်ပျက်လက်ပျက်ပြန်ပြောသည်။ ထိုအခါမှ တိန့်ထောက်လည်း လှေကားအတိုင်းဆင်းလာခဲ့သည်။

အနီးကပ်၍ ကြည့်ရသောအခါကျမှ ထိုလူကြီး၏ခြေထော
မှ သံကြိုးခြေကျင်းများကို ဆက်သွယ်ထားသော သံကြိုးကြီးမှာ ဥ
လမ်းထဲသို့ဝင်နေကြောင်း မြင်ရလေသည်။

လူကြီးမှာ ဝိန်လိုနေပြီး အရိုးနှင့် အရေသာရှိတော့သည်
အသက်ငါးဆယ်ခန့်သာရှိသေးသော်လည်း သူ၏ဆံပင်မွေး၊ မုတ်ဆိ
မွေးတို့မှာ ဆွတ်ဆွတ်ဖြူနေလေပြီ။

သူတို့နှစ်ဦးစလုံး အတန်ကြာအောင် တစ်ဦးကိုတစ်ဦး အ
ခတ်ကြည့်နေမိကြသည်။ ထိုလူကြီးမှာ တိန့်ထောက်ကို လူငယ်တစ်
ဖြစ်ကြောင်းသိသွားပြီး ဦးစွာစတင်ပြောလိုက်၏။

"မောင်ရင့်ကိုအကဲခတ်ကြည့်ရတာ လူကောင်းတစ်ယော
ဖြစ်ပုံရပါတယ် ...."

လူကြီးအဖြစ်ကိုမြင်ရတော့ တိန့်ထောက် စိတ်မကောင်းဖြ
သွားသည်။

ထို့ကြောင့် ကရုဏာစိတ်ဖြင့် မေးလိုက်၏။

"ဦးကြီးကို ဘယ်သူက ဒီသချိုင်းဂူထဲမှာ ချုပ်နှောင်ထား
တာလဲ ...."

"အင်း .... မောင်ရင်ဟာ လူတစ်ဖက်သားအပေါ်မှာ က
ဏာစိတ်ထားတတ်ပုံရပါတယ် .... ကျုပ်ရဲ့အခန်းထဲကို လိုက်ခဲ့ပါ
ကျုပ်အေးအေးဆေးဆေး ပြောပြပါ့မယ် .... "

ထိုလူကြီးက ရှေ့မှဦးဆောင်ကာ ဥမင်လမ်းထဲဝင်သွားသည်
သူလမ်းလျှောက်သောအခါ သံကြိုးသံက တချွင်ချွင်ပေါ်ထွက်နေသည်
တိန့်ထောက်လည်း ထူးခြားသောထိုလူကြီး၏အဖြစ်ကို
လိုသောကြောင့် နောက်မှလိုက်သွား၏။ ကယ်တင်သင့်လျှင် က



တင်မည်ဟုလည်း ဆုံးဖြတ်ထားသည်။

ဥမင်လမ်းထဲတွင် အနည်းငယ်မှောင်နေသော်လည်း ဥမင်
လမ်းဘေးကို တံခါးပေါက်တစ်ပေါက်မှ အလင်းရောင်ဖြာထွက်နေသည်
ကို တိန့်ထောက်တွေ့ရသည်။

လူကြီးအား ချိတ်ဆွဲထားသော သံကြိုးမှာ ထိုအခန်းထဲမှ
ထွက်နေလေသည်။

လူကြီးနှင့် တိန့်ထောက်တို့နှစ်ယောက်စလုံး အလင်းရောင်
ဖြာထွက်နေသော အခန်းထဲသို့ ဝင်လာကြ၏။

အခန်းမှာ ကျယ်ဝန်းလှသည့်အပြင် ခမ်းခမ်းနားနားလည်းရှိ
လှသည်။

ခန်းမကြီးထဲတွင်ရှိသော ကျောက်မျက်ရတနာခုနစ်ပါးတို့မှ
အလင်းရောင်များဖြာထွက်နေခြင်းဖြစ်ကြောင်းလည်း အံ့ဩစဖွယ်
တွေ့ရသည်။

ခန်းမကျယ်ကြီး၏အလယ်တည့်တည့်တွင် ကြီးမားလှ‌ေ
ခေါင်းတလားကြီးငါးလုံးယှဉ်ပြီး ချထားသည်။

ခေါင်းတလားကြီးများ၏အနီးတွင် လူရိုးများ ပြန့်ကျဲ
သည်။

မင်းဆွေမင်းမျိုးများကွယ်လွန်၍ သင်္ဂြိုဟ်သောအခါ သူတို့၏
ကျေးကျွန်များကိုပါ စတေး၍ သင်္ဂြိုဟ်သော အစဉ်အလာရှိခဲ့၏။ ထို
အရိုးစုများမှာ ကျေးကျွန်တို့၏ အရိုးစုများပင်ဖြစ်ပေလိမ့်မည်ဟု တိန့်
ထောက် တွေးမိသည်။

ကိုယ်တုံးလုံးနှင့် လူကြီးသည် တိန့်ထောက်ကို ကျောက်စားပွဲ
ကြီးတစ်လုံးဆီသို့ ခေါ်ဆောင်လာသည်။

စားပွဲဘေးမှ ထိုင်ခုံတစ်လုံးကို ညွှန်ပြပြီး ထိုင်စေသည်၊ ကိုယ်တိုင်လည်း တိန့်ထောက်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်

ထိုအခါမှ တိန့်ထောက်သည် ထိုလူကြီး၏အဖြစ်ကို သိချ လွန်းသဖြင့် မေးမိပြန်သည်။

"ဦးကြီးက ဘယ်သူလဲ .... ဘာဖြစ်လို့ ဒီအုတ်ဂူထဲမှာ အချု ခံနေရတာလဲ .... "

ထိုလူကြီးက မချိပြုံးပြုံးလိုက်ပြီး ....

"ကျုပ်ဟာ တစ်ချိန်တုန်းက သိုင်းလောကမှာ ကျော်ကြား တဲ့ အားလုံးသိသိုင်းသမားပဲ .... ကျုပ်နာမည်ကတော့ ချွမ်းကြည် သိုင်းလောကသားတွေကတော့ ကျုပ်ကို အားလုံးသိ ချွမ်းကြည်လို့ ခေါ်ကြတယ် .... "

တိန့်ထောက် အံ့အားသင့်သွားသည်။

သူသည် ဆရာဖြစ်သူ မဟူရာသိုင်းသမား၏ပြောပြချက်အ အားလုံးသိချွမ်းကြည်၏နာမည်ကို ကြားဖူးထားသည်။

"ဩော် .... ဦးကြီးက သိုင်းလောကသတင်းမှန်သမျှ အား လုံးသိတဲ့ အားလုံးသိချွမ်းကြည်လား .... "

ထိုလူကြီးက မဲ့ပြုံးပြုံး၍ ခေါင်းညိတ်ကာ ....

"အေး ဟုတ်တယ် .... မင်းလည်း ကျုပ်သတင်းကို ကြားဖူ ထားတာကိုး .... "

"ဟုတ်ကဲ့ .... ကြားဖူးပါတယ် .... ဒါနဲ့ ဦးကြီးက ဘယ် ဖြစ်ပြီး ဒီမှာအချုပ်ခံနေရတာလဲ .... "

အားလုံးသိ ချွမ်းကြည်က သူ၏ညာလက်နှင့် သူ့ပါးစပ် ဖြန်းခနဲ တစ်ချက်ရိုက်လိုက်ပြီး ပြန်ပြောသည်။



"ဟာ .... ဒီပါးစပ်ကြောင့်ပေါ့ .... လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် လောက်က ကျုပ်ဟာ လူတစ်ယောက်ရဲ့လျှို့ဝှက်ချက်သတင်းတစ်ခု ကို လူတကာကို လျှောက်ပြောလိုက်မိတယ် .... ဒါကြောင့် အဲဒီလူက ကျုပ်ကိုဖမ်းပြီး ဒီထဲမှာ ခုလိုပုံစံနဲ့ ချုပ်ထားတာပဲပေါ့ .... ဒီထဲမှာ အချုပ်ခံနေရတာ ဆယ်နှစ်တောင်ရှိနေပြီကွ .... "

"ဟင် ဆယ်နှစ်တောင်ရှိနေပြီ .... ဟုတ်လား .... "

"ဟုတ်တယ် .... "

"ဦးကြီးကို ဘယ်သူက အခုလိုဖမ်းချုပ်ထားတာလဲ .... "

"သိုင်းပညာသိပ်ပြီးထက်မြက်တဲ့သူပေါ့ကွ .... "

"ဘယ်သူလဲ .... "

"မျက်နှာအေးသီလရှင် .... "

"ဗျာ .... "

တိန့်ထောက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူ၏ စိတ်အာရုံထဲတွင် ဘုရားကျောင်းပျက်ကြီးထဲမှ ခေါင်းသေဗ္ဗာဘီလူး နှင့် မျက်နှာအေးသီလရှင်တို့၏ တိုက်ပွဲကိုမြင်ယောင်လာသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး တီးတိုးရေရွတ်လိုက် သည်။

"ဩော် .... မျက်နှာအေးသီလရှင်ကိုး .... "

အားလုံးသိချွမ်းကြည်က တိန့်ထောက်မျက်နှာကို အကဲခတ် ကြည့်နေရင်းမှ မေးသည်။

"သူ့ကို မင်းတွေ့ဖူးလို့လား .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"တစ်ခါ မြင်ဖူးပါတယ် .... "

"ဒီသီလရှင်ကြီးဟာ ကျုပ်ကို ဒီထဲမှာချုပ်နှောင်ထားတာကြာပြီ .... ဒီထဲမှာ သံကြိုးကြီးခတ်ခံရပြီးနေရတာ ကျုပ်တော့ စိတ်ဆင်းရဲ လူဆင်းရဲဖြစ်လှပါပြီ .... "

"ဦးကြီးက သံကြိုးကိုဖြတ်ပြီး ဘာဖြစ်လို့ထွက်မပြေးတာလဲ"

"ဒီသံကြိုးကို ဖြတ်ဖို့ဆိုတာ ဘယ်လိုမှလွယ်တာမဟုတ်ဘူး ကျုပ်လည်း အမျိုးမျိုးကြိုးစားပြီးပြီ .... မရဘူး .... ဒီသံကြိုးဟာ ရိုးရိုးသံနဲ့လုပ်ထားတဲ့ သံကြိုးမျိုးမဟုတ်ဘူးလို့ သီလရှင်ကြီးကတော့ ပြောတာပဲ .... ဘယ်လိုလက်နက်မျိုးနဲ့မှလည်း ဖြစ်လို့မရဘူး .... တစ်ခုတော့ရှိတယ် .... ကျုပ် ဒီထဲက လွတ်မြောက်ချင်တယ်ဆိုရင်တော့ ကျုပ်ခြေထောက် နှစ်ဖက်စလုံးကိုဖြတ်ပြီး ထွက်မှပဲရမယ် .... အိမ်ပါးစပ်ဆော့မှ .... လျှာရှည်မှ ဒီအတွက်ကျုပ်ခံနေရတာ .... "

တိန်ထောက်မှာ အားလုံးသိချွမ်းကြည်ကိုကြည့်ပြီး တကယ်ပဲစိတ်မကောင်းဖြစ်နေသည်။

"ဆယ်နှစ်လုံးလုံး ဒီထဲမှာ ဦးကြီးနေရပြီး ဘယ်သူကမှလည်း အစာရေစာလာမပို့တော့ ဘယ်လိုလုပ် စားသောက်နေသလဲ ဦးကြီး"

"ဥမင်လမ်းရဲ့အနောက်ဘက်မှာ အခန်းတစ်ခန်းရှိပါတယ် မောင်ရင် .... သံကြိုးက ရှည်တော့ ဒီမြေအောက်ခန်းမှာ ကျုပ်ဟာ နေရာအနှံ့အပြားကို သွားနိုင်ပါတယ် .... နောက်ဘက်က အခန်းထဲမှာ မြေအောက်စမ်းချောင်းကလေးရှိတယ် .... အဲဒီစမ်းချောင်းထဲကငါးတွေ ဖမ်းလို့ရတယ် .... "

"မျက်နှာအေးသီလရှင်ကြီးက ဦးကြီးကို ဒီလိုပဲတစ်သက်လုံးချုပ်နှောင်ထားတော့မှာလား .... "

"ဒီလိုတော့လည်း မဟုတ်ပါဘူး .... သူက ကျုပ်ကို နှစ်နှစ်တိတိပဲ ချုပ်နှောင်မယ်လို့ ပြောပါတယ် .... ဒါပေမယ့် ဘာဖြစ်လို့လဲမသိဘူး .... အခု ဆယ်နှစ်ရှိသွားပြီ .... သူပေါ်မလာဘူး .... တစ်ခုခုများ ဖြစ်နေလို့လား .... သံကြိုးကို သူသာဖြတ်နိုင်တာဆိုတော့ တကယ်လို့ သူသာတစ်ခုခုဖြစ်သွားရင် ကျုပ်တော့ ဒီထဲမှာပဲ သေတဲ့အထိ နေသွားရတော့မှာပဲ .... "

"သီလရှင်ကြီးက ဒီသံကြိုးကို ဖြတ်နိုင်လို့လား .... "

"သူကတော့ ဖြတ်နိုင်တာပေါ့ .... "

"ကျွန်တော် စမ်းကြည့်ဦးမယ် .... "

တိန်ထောက်က ဆောင့်ကြောင့်ထိုင်လိုက်ကာ သံကြိုးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်၏။ လက်နှစ်ဖက်တွင် အတွင်းအားများစုစည်းကာ သံကြိုးကို ဆွဲဖြတ်သည်။

သို့သော် ခိုင်မာလွန်းလှသောကြောင့် သံကြိုးမှာ မပြတ်ချေ။

တိန်ထောက်သာ ချွေးပြန်သွားသည်။ သူသည် ခေါင်းကို ခါယမ်းလိုက်ပြီး ခုံပေါ်တွင် ပြန်ထိုင်သည်။

"မရဘူးလို့ မောင်ရင့်ကို ကျုပ်ပြောသားပဲ .... "

"ဒါနဲ့ ဦးကြီးအမှာ အဝတ်အစားဝတ်ဖို့ မရှိဘူးလား .... "

"အဝတ်တစ်စုံတော့ရှိပါတယ် .... ဒါပေမဲ့ ကျုပ်လွတ်မြောက်တဲ့နေ့မှာဝတ်ဖို့ သေသေချာချာသိမ်းထားတယ် .... "

တိန်ထောက်သည် အားလုံးသိချွမ်းကြည်ထံတွင် ဝါးရုံတောဘိုးဘိုး၏သတင်းကိုစုံစမ်းရန် သတိရလိုက်၏။ သူသည် ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီးနှင့်နေစဉ်ကာလက ဝါးရုံတောဘိုးဘိုးအကြောင်းကို မေးမြန်းစုံစမ်းခဲ့ဖူးလေသည်။

မဟူရာသိုင်းသမားကြီးသည် ဝါးရုံတောဘိုးဘိုးကို ကြားဖူး

သော်လည်း မည်သည့်နေရာတွင်နေကြောင်းကို မပြောနိုင်ခဲ့ချေ။

"ဦးကြီးက သိုင်းလောကမှာအားလုံးသိသိုင်းသမားအဖြစ်ကျော်ကြားတဲ့သူနော် .... တကယ်ပဲ သိုင်းလောကသတင်းတွေကို အားလုံးသိနေလို့လား .... "

အားလုံးသိချွမ်းကြည်က ဂုဏ်ယူစွာဖြင့် ပြုံးပြီး ....

"ကျုပ်ကြွားမပြောပါဘူးလေ .... သိုင်းလောကမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်အားလုံး .... ဆယ်ခုမှာ ရှစ်ခုလောက်တော့ ကျုပ်သိတယ် .... "

"ဒီလိုဆိုရင် လူတစ်ယောက်ရဲ့အကြောင်းကို ကျွန်တော်သိချင်ပါတယ် .... "

"မောင်ရင်က ဘယ်သူ့အကြောင်းကို သိချင်လို့လဲ .... "

"ဝါးရုံတောဘိုးဘိုးရဲ့အကြောင်းကို ဦးကြီးသိပါသလား"

"အို .... သိပ်သိတာပေါ့ .... "

"ကျွန်တော် သူ့ကိုတွေ့ချင်ပါတယ် .... သူဘယ်မှာနေတယ်ဆိုတာကို ကျေးဇူးပြုပြီး ပြောပြပါ .... "

အားလုံးသိချွမ်းကြည်က ပြောမလိုပါးစပ်ဟလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် သူ့ပါးစပ်ကို လက်ဝါးနှင့် ပိတ်လိုက်ပြီး ခေါင်းကိုသွက်သွက်ခါယမ်းလိုက်သည်။ ထို့နောက် လက်ဝါးကို ပြန်ခွာလိုက်ပြီးပြော၏။

"ကျုပ်မပြောနိုင်ပါဘူး .... "

"ဘာဖြစ်လို့လဲ ဦးကြီး .... "

အားလုံးသိချွမ်းကြည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်ရဲ့ ဟောဒီပါးစပ်ဟာ တစ်ချိန်က သိုင်းလောက



သတင်းတွေရဲ့သတင်းကို ပြောခဲ့မိလို့ အခုလိုနှစ်အကြာကြီး အချုပ်ခံခဲ့ရပါတယ် .... ဒီတော့ ဘယ်သူ့အကြောင်းမှ ကျုပ်မပြောရဲတော့ဘူးလေ .... "

"ကျွန်တော့်ကို ပြောပြလို့တော့ ဦးကြီးမှာ မထိခိုက်မနစ်နာစေရပါဘူး .... "

"နေပါဦး .... မောင်ရင့်နာမည်က ဘယ်သူလဲ .... "

"တိန့်ထောက်ပါ .... "

"မောင်ရင့်ရဲ့မျိုးနွယ် ဇာစ်မြစ်ကကော .... "

"ကျွန်တော်မသိပါဘူး .... ကျွန်တော်ဟာ မိဘဆွေမျိုးသားချင်းမရှိတော့တဲ့ တစ်ကောင်ကြွက်တစ်ယောက်ပါ .... "

"ဒါဖြင့် မင်းရဲ့ဆရာကကော .... မင်းကိုသိုင်းပညာသင်ပေးတဲ့ဆရာတော့ ရှိမှာပေါ့ .... "

တိန့်ထောက်ပါးစပ်ပိတ်နေသည်။ ဆရာဖြစ်သူ၏အလိုကျ သူ့ဆရာနာမည်ကိုတော့ ပြော၍မဖြစ်ချေ။ တိန့်ထောက်မျက်နှာကို အကဲခတ်ကြည့်နေသော အားလုံးသိချွမ်းကြည်က မသိမသာပြုံးလိုက်ပြီး ....

"မင်းပဲ စဉ်းစားကြည့်လေ .... မင်းတောင်မှ မင်းရဲ့ဆရာသမား ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ပြောဖို့ ဝန်လေးနေရင် ဟောဒီပါးစပ်ကြောင့် ဒုက္ခရောက်နေရတဲ့ ကျုပ်အဖို့ ပြောရမှာ ပိုပြီးစိုးရိမ်ပူပန်ရတာပေါ့ .... "

တိန့်ထောက် သက်ပြင်းတစ်ချက်သာ ချမိ၏။ သူ့အနေဖြင့် သူ့ဆရာနာမည်ကို ထုတ်ဖော်ပြောရန် မဖြစ်နိုင်သော်လည်း ဝါးရုံတောဘိုးဘိုးအကြောင်းနှင့် နေထိုင်ရာအရပ်ကိုတော့ သိချင်နေသည်။

"ဝါးရုံတောဘိုးဘိုးဟာ ကျွန်တော့်ရဲ့မျိုးရိုးဇစ်မြစ်ကို သိနေပါ

တယ် ဦးကြီး .... ဒါကြောင့် မေမေမသေခင်က ကျွန်တော့်ကို ဝါးရုံတောဘိုးဘိုးကိုရှာပြီး ကျွန်တော့်ရဲ့ဇစ်မြစ်ကိုမေးဖို့ မှာသွားခဲ့ပါတယ် ဒါကြောင့် ကျွန်တော်ဟာ ဝါးရုံတောဘိုးဘိုးကို တွေ့ချင်တာပါ ...."

အားလုံးသိချမ်းကြည်က ခေါင်းကိုခါယမ်းလိုက်ပြီး ....

"မင်းဘာပဲပြောပြော ငါကတော့ မင်းသိချင်တာကို ပြောလို့မဖြစ်ဘူး .... "

တိန့်ထောက်မျက်နှာထားတင်းသွားပြီး ....

"ဦးကြီးကို ကျွန်တော်ကောင်းကောင်းမွန်မွန်း မေးမရရင် ဦးကြီးပြောလာအောင် အကြမ်းနည်းသုံးရတော့မှာပဲ .... "

သူသည် နှုတ်ဖြင့်သာ တမင်သက်သက် ခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။

အားလုံးသိချမ်းကြည် မျက်လုံးပြူးသွားပြီး ထိုင်နေရာမှ ထရပ်လိုက်ကာ ....

"ဟော ဖြစ်လာပြီ မဟုတ်လား .... အခုလည်း ဝါးရုံတောဘိုးဘိုးကို ကျုပ်သိပါတယ်လို့ ပါးစပ်ဆတ်ဆော့မိတာနဲ့ မင်းက ငါ့ကို ဒုက္ခပေးတော့မယ် မဟုတ်လား .... ကဲကွာ .... ငါမပြောဘူးဆိုရင် မင်းက ဘာလုပ်မလဲ .... "

တိန်းထောက် ထရပ်လိုက်ပြီး လက်ညှိုးကို ထောင်လိုက်ကာ အတွင်းအားကိုစုစည်းလိုက်သည်။ ပြီးနောက် လက်ညှိုးကို သစ်သားစားပွဲထဲသို့ ဆတ်ခနဲ ထိုးလိုက်တော့၏။

ပြီးမှ သူသည် အားလုံးသိချမ်းကြည်ကို ကြည့်၍ပြောသည်။

"ကျွန်တော်ဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး .... ဦးကြီးလိုလူမျိုးကို အကျပ်ကိုင်ပြီးလည်း မမေးချင်ပါဘူး .... ဦးကြီးသာ ကျွန်



တော်သိချင်တာကို ပြောပြမယ်ဆိုရင် ကျွန်တော်ကလည်း ဦးကြီးကို ပြန်ပြီး ကူညီပါ့မယ် .... "

"မင်းက ဘယ်လိုကူညီမှာလဲ .... "

"ကျွန်တော် သွားရင်းလာရင်း မျက်နှာအေးသီလရှင်ကြီးကို တွေ့တဲ့အခါမှာ ဦးကြီးရဲ့အကြောင်းကို သတိပေးပြောကြားလိုက်ပါ့မယ် .... "

အားလုံးသိချမ်းကြည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ကျုပ်မပြောချင်တာက ဝါးရုံတောဘိုးဘိုးကို မင်းက ကလဲ့စားချေဖို့ ရန်ငြိုးနဲ့ သွားတွေ့မှာစိုးလို့ပါ .... ဒါဆို ကျုပ်မိတ်ဆွေကြီး ဒုက္ခရောက်လိမ့်မယ် .... "

"သြော် ဝါးရုံတောဘိုးဘိုးက ဦးကြီးရဲ့မိတ်ဆွေလား .... "

အားလုံးသိချမ်းကြည်က ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... သူဟာ ကျုပ်နဲ့သိပ်ပြီးရင်းနှီးတဲ့ မိတ်ဆွေပဲ .... "

သူသည် ခုံပေါ်တွင်ပြန်ထိုင်ပြီး သက်ပြင်းတစ်ချက်ချ၏။ ပြီးမှ ဆက်ပြောသည်။

"ဆယ်နှစ်ဆိုတဲ့ ကာလဟာ .... လူတစ်ယောက်ရဲ့ဘဝကို အများကြီး ပြောင်းလဲချင် ပြောင်းလဲသွားနိုင်ပါတယ် မောင်ရင် .... အရင်ကတော့ ကျုပ်က ဝါးရုံတောဘိုးဘိုး ဘယ်မှာနေတယ်ဆိုတာ သိပေမယ့် ဒီထဲမှာ ကျုပ်နေရတာ ကြာပြီဖြစ်လို့ သူအခုဘယ်မှာနေတယ်ဆိုတာ အမှန်အတိုင်း မပြောနိုင်တော့ပါဘူး .... အသက်ရှင်လျက်တောင်မှရှိသေးရဲ့လားမသိဘူး .... ဒီလိုလုပ်ပါလား .... လူတစ်ယောက်ကို မင်းသွားတွေ့ .... အဲဒီလူ( )မင်းကို ဝါးရုံတောဘိုးဘိုး ဘယ်မှာရှိ

တယ်ဆိုတာ တိတိကျကျပြောပြနိုင်လိမ့်မယ် ....”

“အဲဒီလူက ဘယ်သူလဲ ဦးကြီး ....”

“တစ်ဝက်တစ်ပျက် ဗေဒင်ဆရာ ....”

“ဗျာ တစ်ဝက်တစ်ပျက်ဗေဒင်ဆရာဟုတ်လား .... နာမည်ကလည်း တစ်မျိုးကြီးပါလား .... တစ်ဝက်တစ်ပျက်ရယ်လို့ ....”

အားလုံးသိ ချမ်းကြည်က ပြုံးလိုက်ပြီး ....

“သူက ဘာအလုပ်ပဲလုပ်လုပ် .... ဘယ်စကားကိုပဲပြောပြော တစ်ဝက်တစ်ပျက်ပဲလုပ်တတ် ပြောတတ်တယ်လေ .... သူများနဲ့ တိုက်ခိုက်ရင်လည်း တစ်ဝက်တစ်ပျက်ပဲ .... ဟား .... ဟား .... နောက်ဆုံး ထမင်းစားတာတို့ .... ချေးပါတာတို့တောင် တစ်ဝက်တစ်ပျက်ပဲ .... ဟား .... ဟား .... ဟား .... ဟား .... ဒါကြောင့် သူ့ကို တစ်ဝက်တစ်ပျက် ဗေဒင်ဆရာလို့ အားလုံးက ဘွဲ့ပေးထားတာ”

တိန့်ထောက်ပင် အသံထွက်အောင် ရယ်မောလိုက်မိ၏။

သိုင်းလောကတွင် လူထူးလူဆန်းတွေ ပေါများလှသလို ခပ်ကြောင်ကြောင်လူမျိုးတွေလည်း ပေါများလှပေသည်။

“သူ့ကို သွားမေးလို့ဖြစ်ပါ့မလား ဦးကြီးရဲ့ .... ကျွန်တော်သွားမေးလို့ သူက တစ်ဝက်တစ်ပျက်ပဲ ပြန်ပြောရင် ဘယ်လိုလုပ်မလဲ .... ဘယ်လိုလုပ်ပြီး ဝါးရုံတောဘိုးဘိုးနေရာကို သိနိုင်တော့မှာလဲ ....”

အားလုံးသိ ချမ်းကြည်က ပခုံးတွန့်လိုက်ပြီး ....

“ဒါကတော့ မင်းပဲ အခြေအနေကိုကြည့်ပြီး မေးတော့ပေါ့ သူကတော့ လူးကျိုးမြို့မှာ ခိုလိမ့်မယ် .... လူးကျိုးတစ်မြို့လုံး ဘယ်သူ့ကိုပဲမေးမေး သူ့ကို သိကြပါတယ် ....”

တိန့်ထောက် ထိုင်ရာမှ ထရပ်လိုက်ပြီး ....



“ဒါဆိုလည်း ကျွန်တော့်ကိုခွင့်ပြုပါဦး ဦးကြီး .... မျက်နှာအေး သီလရှင်ကြီးကို ရှာဖွေပြီး ဦးကြီးရဲ့အကြောင်းကိုလည်း သတိပေးလိုက်ပါ့မယ် ....”

“အေး သွားတော့ .... အပြင်ဘက်ကိုရောက်ရင် ကျောက်ပြားကြီးကိုလည်း ပြန်ပိတ်ခဲ့ဦး ....”

တိန့်ထောက်သည် သူ့ခရီးဆောင်အိတ်ထဲတွင်ပါသော စားနပ်ရိက္ခာများနှင့် အဝတ်တစ်စုံကို အားလုံးသိချမ်းကြည်ကိုပေးခဲ့ပြီး မြေပေါ်ကို ပြန်တက်ခဲ့သည်။ ကျောက်ပြားကြီးကိုလည်း ပြန်ပိတ်ခဲ့သည်။

ညနေစောင်းနေပြီဖြစ်၏။

သူသည် သချိုင်းဂူများကို ရှောင်ကွင်းရင်း လမ်းဘက်ဆီသို့ လာခဲ့သည်။

ထိုစဉ် သူ၏မျက်လုံးအစုံက အသက်သုံးဆယ်အရွယ်ခန့်ရှိသော ချောမောလှပသော အမျိုးသမီးတစ်ယောက်ကို အုတ်ဂူကြီးတစ်လုံးအနီးတွင် လှမ်း၍ တွေ့လိုက်ရတော့၏။

## အခန်း(၁၇)

## သတင်းထူး

အမျိုးသမီးသည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟ[illegible] ဖြင့် လည်တဆန့်ဆန့်ဖြစ်နေသည်။ သူမ၏နောက်မှ ရေရွတ်လိုက်သည်[illegible] လည်း တိန့်ထောက်ကြားလိုက်ရသည်။

"ချိန်းထားပြီး ခုထက်ထိလည်းမလာဘူး .... သေပဲ သေ[illegible] ပြီလား မသိဘူး .... "

"လာပါပြီ ညီမရဲ့ .... "

ယောကျ်ားတစ်ယောက်၏စကားသံနှင့်အတူ မီးခိုးရော[illegible] ဝတ်ရုံကို ဝတ်ထားသော အဘိုးကြီးတစ်ယောက်သည် အမျိုးသမီး[illegible] သို့ ရောက်လာသည်။

သူတို့နှစ်ဦး၏ အသွင်အပြင်က ထူးခြားလှသောကြောင့် တ[illegible] ထောက်သည် အုတ်ဂူကြီးတစ်လုံး၏နောက်တွင် ကွယ်နေပြီး အ[illegible] အနေကို စောင့်ကြည့်နေလိုက်သည်။

"ကျွန်မဖြင့် စောင့်နေရတာ ကြာပြီ .... ရှင်က အခုမှပဲ လ[illegible] တယ် .... ဆိုပါဦး ကျွန်မကို ဒီကိုဘာဖြစ်လို့ ချိန်းတာလဲ .... "



မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီးက ဘေးဆီသို့ တစ်ချက်ကြည့် လိုက်ပြီးမှ ....

"အရေးကြီးလို့ ချိန်းရတာပေါ့ ညီမရဲ့ .... "

"ပြောပါဦး .... "

"မျက်နှာအေးသီလရှင်မသေသေးဘူး .... ဒါကို မင်းသိရဲ့ လား .... "

အမျိုးသမီးခန္ဓာကိုယ်ကလေး ဆတ်ခနဲ တုန်သွားပြီး ....

"ဟင် .... ဟုတ်ရဲ့လား .... ရှင်သေသေချာချာ သိလို့လား"

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ခေါင်းသေတ္တာနီဘီလူး ဟာ မျက်နှာအေးသီလရှင်ရဲ့လက်ချက်နဲ့ သေသွားခဲ့တယ်ဆိုတော့ မင်းသိတယ်နော် .... "

"သိသားပဲ .... "

"အေး လွန်ခဲ့တဲ့တစ်လလောက်က တိုက်စင်စန်းတောင်ပေါ် မှာ ဘီလူးဖြူ ဘီလူးမည်းညီနောင်ကိုသွားရှာတော့ တစ်ယောက် ယောက်ရဲ့တိုက်ခိုက်မှုကြောင့် သေနေတာကိုတွေ့ရတယ် .... "

အမျိုးသမီးက မျက်လုံးပြူးသွားပြီး ....

"အို ဟုတ်လား .... "

အဘိုးကြီးက ခေါင်းညိတ်၍ ....

"သူတို့ညီနောင်ရဲ့ကိုယ်ပေါ်မှာ အပ်ပေါက်ရာလို ဒဏ်ရာတွေ ကို အများကြီးတွေ့ရတယ် .... ဒါဟာ မျက်နှာအေးသီလရှင်ရဲ့လက် နက် သားမြီးယပ်နဲ့ အရိုက်ခံရလို့ ဖြစ်လာတဲ့ဒဏ်ရာတွေပဲ .... "

"အင်း .... မျက်နှာအေးသီလရှင်ရဲ့ လက်ချက်ဟုတ်လား"

"ဟုတ်တယ် .... ဒီတစ်ခါဆိုရင်တော့ ကျောက်စိမ်းမျက်နှာ

ဘီလူးမဆိုတဲ့ မင်းရဲ့အလှည့်ပဲဖြစ်လိမ့်မယ် .... ပြီးတော့ မျက်နှာတစ်ထောင်ဘီလူးဆိုတဲ့ ငါ့အလှည့်ဖြစ်လာမှာပဲ .... ဒါကြောင့် မင်းကိုချိန်းပြီး သတိပေးရတာပဲ .... တို့သိုင်းဘီလူးရှစ်ဖော်ဟာ ဒီမျက်နှာအေးသီလရှင်ရဲ့လက်ချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြပြီ ခက်တာက တို့အတွက် သိုင်းဘီလူးရှစ်ဖော်အဖွဲ့ဆိုပြီး နာမည်သာ တွဲနေတာ လူတွေကျတော့ စုစုစည်းစည်းမနေကြဘဲ တကွဲတပြားစီနေကြတယ် .... ဒါကြောင့် ရန်သူဟာ တစ်ယောက်ချင်းလိုက်ပြီး သုတ်သင်နေနိုင်တာပေါ့ .... "

အဘိုးကြီး၏စကားကြောင့် တိန်ထောက်ရင်ထဲတွင် များစွာလှုပ်ရှားသွားလေသည်။

အမျိုးသမီးနှင့် အဘိုးကြီးမှာ သိုင်းဘီလူးရှစ်ဖော်အဖွဲ့မှ နှစ်ဦးဖြစ်နေလေပြီ။

**စာစဉ်(၁)ပြီး၏**

**စာစဉ်(၂)ကို ဆက်လက်ဖတ်ရှုပါရန်**

**တက္ကသိုလ်နေလင်းအောင်**